
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ကိုပိုက်　　　　　　　　　　　　　　　　　　၈၉၅.၈၃
ကျိုးလှူဖိုးနတ် မိစ္ဆာတောကျိုး / ကိုပိုက် ။ - ရန်ကုန်။
လာဘ်မိုးရွှေစာပေ ၊ ၂၀၁၀ ။
စာမျက်နှာ ၁ မှ ၁၉၂ အထိ ၊ ၁၂.၅ X ၁၈.၂ စင်တီ။
(၁) ကျိုးလှူဖိုးနတ် မိစ္ဆာတောကျိုး

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၅၅၀၅၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၂၇၀၆၁၀
ပထမအကြိမ်
၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ
အုပ်ရေ - ၅၀၀ - တန်ဖိုး - ၁၂၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - ဇော်သိုက်
ကွန်ပျူတာစာစီ - သီသီဟန် (Five Star II)
ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး (မြ-၀၄၁၀)
(လာဘ်မိုးရွှေစာပေ)
အမှတ်(၂၀၅-က)၊ ပိတောက်(၅)လမ်း
မြို့သစ် (၈)၊ ဘုရင့်နောင်ရိပ်သာ
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် နှင့် - ဦးဝင်းရွှေ "ဝင်းထွန်း" ပုံနှိပ်တိုက်
မျက်နှာဖုံးပုံနှိပ် (မြ-၀၄၈၁၃၉)
အမှတ် (၃၇)၊ ရေကျော်လမ်းမကြီး
ရန်ကုန်မြို့။

# ဦးရသေ့အားဦးထိပ်ထားကာ

မွေးဖေ၊ မွေးမေ၊
ပြီးတော့ . . .
သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်သည့်
ဆရာသော်တာဆွေအား
ဤစာအုပ်ဖြင့် ဂါရဝပြုပါသည်၊

ကိုပိုက်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ချမ်းမြေ့သီတာ

(စာပေ)

၅ ဆက်လက်ထွက်လာမည့်စာအုပ်များ

## [၁] ရသေ့ပြောသူတို့နှင့်မှဆိုးများ ကိုပိုက်

စာမူခွင့်ပြုချက်အမှတ် ၅၀၀၆၀၉၀၉၀၁၀ [မုဆိုးဝတ္ထုတို ပေါင်းချုပ်]

## [၂] နာကြည်းလို့ချည်းမဟုတ် ပြန်ပြောလျှင်

လွမ်းလို့ပင်နေရပေအုံးမယ် ဇင်မာပိုက်ပိုက်ထွေး

စာမူခွင့်ပြုချက်အမှတ် ၅၀၁၄၅၉၉၀၀၉ အချစ်လုံးချင်းဝတ္ထု

## "ကျိုးလုပ်ပိုးနှတ် မိစ္ဆာအောကျိုး"

ကိုပိုက်/-

ဥက္ကံချောင်းမကြီးမှ ခွဲထွက်လာသည့် မအူမြောင်းသည် မြောင်းဟုသာဆိုရသည်။ ချောင်းခွဲဟုပင်ထင်ရချေ၏။ မအူမြောင်းဆိုလေသည့်အတိုင်း ထိုမြောင်းအတွင်း မြောင်းနံရံကမ်းတွင် မအူပင်တို့အပေါက်များလေ၏။

ထိုမအူမြောင်းအတွင်း လူသားနှစ်ယောက်ရှိချေ၏။ သူတို့၏ လက်ထဲတွင် ငါးပုံးများရှိကြ၏။ သို့ဆိုတော့ မအူမြောင်းအတွင်း ငါးပုံးထောင်ရန်လာကြသူများဖြစ်ချိမ့်မည်။ သူတို့နှစ်ဦး၏ ပုံပန်းသဏ္ဌာန်ကြည့်ရသည်မှာ သစ်ခုတ်၊ ဝါးခုတ်သမားများဖြစ်ဟန်တူချေ။ ပြီးတော့ ထိုဒေသတဝိုက် ကျင်လည်ကျက်စားသူများလည်း မဖြစ်နိုင်ပါချေ။

www.burmeseclassic.com



သူတို့နှစ်ဦးသည် မအူမြောင်အတိုင်း ဆန်တက်လာကြရင်း ငါးပုံးများကို ဟိုနားထောင်ရနိုး သည်နားထောင်ရနိုးဖြစ်နေပုံပင်။

မအူမြောင်အတွင်း ရေအိုင်ငယ်အချို့တွင် ငါးများရှိပုံပေါ်လေသဖြင့်..

"ငါတော့ သည်ဒိုင်မယ် ထောင်ခဲ့ချင်တယ်"

တစ်ယောက်သောသူက ဆိုချေ၏။

"ဟုတ်ပါပြီ ငါတို့သည်နေရာကိုပြန်လာဖို့လွယ်တယ်ထားဦး သည်နားတဝိုက် စခန်းချနေဖို့ရာ ဖြစ်နိုင်ပါ့မလား..."

တစ်ယောက်သောသူက အဆိုပြုလာပြန်၏။

"ဘာဖြစ်ဖြစ်ကွာ..ငါတို့တွက် ရိက္ခာက အဓိကလိုတယ်ဆိုတော့ကာ သည်အိုင်မယ် ငါးပုံးထောင်ခဲ့မယ်ကွာ.. ရှေ့နားကျ ငါတို့မြောင်ကမ်းပေါ်တက်ကြတာပေါ့။ စခန်းချဖို့နေရာရှာကြမယ် မကောင်းဘူးလား.."

"အေးလေ.. မင်းသဘောပဲ.. ငါတော့ ဘာမှမသိဘူးကွာ.. မင်းလုပ်ချင်တာလုပ်ချေ.. ငါလိုက်လုပ်ရမှာပဲ.."

သို့ဆိုတော့ထိုသူနှစ်ယောက်မှ အသားမည်းမည်း ဂင်တိုတိုမျက်လုံးပြူးပြူး၊ နှာယောင်ပွပွ ဆံပင်ကိုးတိုးကျဲတဲနှင့် သူက သူ့လက်တွင်းမှ ငါးပုံးကို ထိုရေအိုင်စပ်တွင် ချလိုက်ချေတော့၏။

"လာ.. ငါတို့ရှေ့နားသွားကြည့်ဦးမယ်"

သို့ဆိုလျှက် ရှေ့ဆက်သွားလိုက်ပြန်လေပြီး

"သည်အိုင်မှာပဲ ထောင်ခဲ့မယ်ကွ.. ငါးတွေရှိတယ်.. ဘာပဲပြောပြော ငါတို့နှစ်ယောက်တွင် ရိက္ခာစို အဆင့်ပြေလောက်တယ် ဆိုလျှင်ပဲ တော်ပါပြီကွာ.. ဟုတ်လား.."





"အင်း"

အသားဖြူဖြူ၊ ပိန်ပိန်ပါးပါး၊ မျက်ပေါက်ကျဉ်းကျဉ်းရှိသူက ပြောလာလေ၏။

"ကဲ.. ငါတို့ ငါးပုံတွေ ထောင်ထားခဲ့ပြီး၊ မြောင်ကမ်းပေါ်တက်ကြစို့၊ ပြီးမှ အဆင်ပြေမဲ့နေရာမယ် စခန်းချတာ ပေါ့.."

သို့ပြောလည်းပြော ဂင်တိုတိုလူက မြောင်ကမ်းပေါ်တက်သွားလေ၏။ ပိန်ပိန်ပါးပါးလူကလည်း နောက်မှ လိုက်တက်သွားချေတော့၏။ မြောင်ကမ်းသည် အနည်းငယ်မျှတော့ မတ်စောက်လေသဖြင့် ခက်ခက်ခဲခဲတက်သွားကြရလေ၏။

"ဟာ.. သည်ကမ်းမယ်.. တကယ်ပဲ မအူပင်တွေချည်းပါလား..။ အောက်ပေါင်းလည်း ရှုတ်ပါကလား.."

ဂင်တိုတိုလူက မြောင်ကမ်းပေါ် ရောက်သည်နှင့် ပြောလေ၏။

"နို့ဖြင့် ငါတို့သည်အပေါ်မယ် စခန်းချလို့ ကောင်းပါ့မလား။ အောက်ပေါင်းရှုတ်တယ်ကွာ.. ခြင်တော့ပေါ်လိမ့်မယ်.."

"အင်း.. ငါတို့ ငါးပုံးတွေလည်း ထောင်ခဲ့ပြီးဆိုတော့ သည်တဝိုက် ခြေခင်းလက်ခင်းသာတဲ့နေရာရှာပြီး စခန်းချတာပေါ့ကွာ.. လာ.. ဟိုဘက်သွားကြရအောင်.."

ဂင်တိုတိုလူက ပြောလည်းပြော ရှေ့မှ ဦးဆောင်လို့လည်း ထွက်သွားချေ၏။ သို့မှ

"ဟာ.. အတော်ပဲဟေ့.. ဟိုရှေ့မယ်တဲတစ်လုံးတွေ့တယ်။ လူနေပုံမရဘူး.. အဲဒီသွားကြည့်ကြတာပေါ့..."

သို့ဖြင့် သူတို့နှစ်ယောက်သည် မြောင်ကမ်းအတက်အွင်ရှိ မအူပင်တပင်၏ အခေါက်ကို ဗလပ်ခွာ၍ အမှတ်အသားပြုပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com





ဘိုနေရာလေးမှ ဇာဲရှိရာသို့ တောတိုးသွားလိုက်ကြတော့၏။

"ဟာ"

"ဟင်"

တဲနားရောက်သည်တွင် နှစ်ယောက်လုံးအံ့အားသင့်သွားကြတော့၏။ ထိတ်လန့်လို့လည်းသွားကြချေ၏။

"ဘုရားရေ.. ဘယ်လိုဖြစ်ရတာပါလိမ့်..."

သူတို့တွေ့လိုက်သည့်မြင်ကွင်းသည် ထိတ်လန့်စရာပင်..၊ ဘိုတဲပေါ်တွင် လူတစ်ယောက်မှောက်ခုံကြီးလဲနေချေ၏။

"အိပ်နေတာတော့ မဖြစ်နိုင်ဘူးကွ.."

သို့ပြောလည်းပြော ဂင်တိုတိုနှင့်လူက ထိုမှောက်ခုံဖြစ်နေသူမှ အနားသို့သွားလိုက်ကာ စေ့စေ့ကြည့်နေလိုက်၏။

"သေနေတာများလား."

ပိန်ပိန်ပါးပါးလူက ထိတ်လန့်ဟန်ဖြင့် မေးလေ၏။

ဂင်တိုတိုနှင့် လူက ထိုမှောက်ခုံဖြစ်နေသူကို ဆွဲလှန်လိုက်တော့၏။

"ဟာ.."

"ဟာ.."

ဘုရားရေ. မျက်လုံးပေါက်ပက်ပါကလား။ ပါးပြင်တဝိုက်ဒပေါက်များဖြစ်နေချေ၏။ သွေးတို့ယိုစီးထွက်နေချေ၏။

မျက်နှာတပြင်လုံးအပြင် ဦးခေါင်းတွင်လည်း ကြီးမားသောဒပေါက်ကြီးတစ်ပေါက်ရှိချေ၏။ သို့က လူသတ်မှုများလေလား။ သို့ဆိုလျှင်ဖြင့် သူတို့နှစ်ယောက် အမှုပတ်ပေရော့မည်။

"ဘယ်လိုလုပ်ကြမလဲ.."

ပိန်ပိန်ပါးပါးလူက မေးလေ၏။

"သည်ကနေ အမြန်ပြန်ထွက်မှဖြစ်မယ်. ပြီးတော့ ငါတို့သည်မရောက်ခဲ့ဘူးနော်..ဟုတ်ပြီလား.."

သို့လည်း ဂင်တိုတိုလူက ပြောလေ၏။

"ဟုတ်ပါတယ်.. လာပါကွာ..သွားကြစို့.. ခပ်မြန်မြန်သွားကြမှ.."

သို့မှ သူတို့နှစ်ယောက် ထိုတဲကို စွန့်ခွာခဲ့ကြတော့၏။

သူတို့နှစ်ယောက် ထိုဆီမှ အဝေးသို့ရောက်သွားကြသည့်တွင် ပက်လက်အနေအထားနှင့် ဒဏ်ရာပလပွဖြစ်နေသူသည် လက်လှုပ်ခြေလှုပ်ဖြစ်လာချေတော့၏။ သို့ဆိုတော့ မသေသေးပါကလား။

သို့ဆိုပြန်တော့လည်း လူနှစ်ယောက် ထိုသူ့နား ရောက်လာပေငြား မည်သည့် အကူအညီမျှ မပေးနိုင်သည့်အပြင် မကူရဲ မပါလိုသည့်ကြောင့် ဖြစ်ခြိမ့်မည်။ သေသလားရှင်သလား အသေအချာမစစ်ဆေးပဲ လှည့်ပြေးသွားကြလေခြင်းကြောင့် ဖြစ်ချေ၏။

"အင်း..အင်း..အင်း.."

"ဟင်း..ဟင်း..ဟင်း.."

"အီး.. အား.. အီး..ဟင်း.."

ထိုသူမှ ညည်းတွားသံထွက်ပေါ်လာလေ၏။

"အား.."

"အာ.. အာ.."

သို့အသံကြောင့် ထိုယတိရှိနေသေးသော ဒဏ်ရာနှင့်သူသည် ထိတ်လန့်သွားပုံပင်..။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အသံလာရာသို့ လှမ်းမော်ကြည့်လိုက်ချေ၏။

"ခွေးကောင်"

သို့တော့ သူ့ဆဲရေးသံထွက်ပေါ်လာချေတော့၏။

သို့ပေမင့် လေသံသဲ့သဲ့လေးသာဖြစ်ချေတော့၏။

သို့ အသံသည် တောကျိုးကန်းကောင်၏ အာပြဲလျာပြဲ ထိတ်လန့်တကြားအော်ဟစ် လိုက်သောအသံဖြစ်ချေတော့၏။

သို့ဆိုတော့ ထိုဒဏ်ရာနှင့်လူမျက်လုံးမျက်ဆံပြူးသွား၏။ ထိုလူနှစ်ယောက်သူ့အား အသက်မကယ်ပဲ ဒုက္ခလာပေးသွားသလိုပင်။ သူ့ဘာသာ မှောက်ခုံနေနေခြင်းကို လာ၍ ဆွဲလှန်သွားရတယ်လို့။ သို့ဆိုတော့ သူ့ကိုယ်သူမှောက်လို့ကလည်းမလွယ်‥ သို့ဆိုတော့ သူ့တွက် ဒုက္ခဆင်းရဲခြင်းကို ခံစားရပေရော့မည်။ သို့သည့်လည်း မကြာမီဖြစ်လာပေလိမ့်မည်။ ဘယ့်တွက်မူ တောကျိုးကန်းကောင်က သူ့အခြေအနေကို မြင်သွားလေပြီ မဟုတ်ပါကလား‥။

"အ‥ အာ‥အာ‥"

"အာ‥အာ‥အာ‥"

ဘုရားရေ‥ ခွေးကောင်တောကျိုးကန်းသည် ပင်ကိုင်း ထက်မှ သို့အော်ဟစ်ကာ သူ့ထံပျံဝဲလို့လာနေပါကောလား‥။

"ဝေး‥ဝေး‥‥ဝေး‥"

"ရွှေး‥ရွှေး‥‥ဝေး‥"

"အား‥"

သူ့၏ ဝမ်းဗိုက်ပေါ်သို့ ခြေသည်းချွန်ချွန်ကြီးဖြင့် ဖိနင်းကာ နှုတ်သီးချွန်ချွန်ကြီးဖြင့် သူ၏ ဝမ်းဗိုက်တဝိုက်ဖောက်နေပေတော့၏။





သူ့လက်အစုံကို မ၍ ရိုက်ပုတ်ထုတ်ပေဖြား သူ၏ လက်အစုံက သူ၏ဦးနှောက်စေခိုင်းသည်ကို နာခံခြင်းမရှိတော့ပါ ကလား။ ဘယ့်တွက်မူ သူ၏ လက်အစုံတို့ ကျိုးနေလေခြင်းကြောင့် ဖြစ်ချေ၏။

"အား"

"အာ‥အာ‥"

သူလည်းအော်‥ တောကျိုးကန်းသည်လည်းအော်‥

ထိုတောကျိုးကန်းအော်သံကြောင့် အခြားကျီးများလည်း ရောက်လာကြချေ၏။ သူ့တကိုယ်လုံးအနှံ့ လာရောက်နားကြချေ၏။ နှုတ်သီးချွန်ချွန်ဖြင့် ပေါက်ဖောက်နေကြချေ၏၊ သို့မှ သည် ခန္ဓာကိုယ်အတွင်းရှိ ကလီစာတို့ကို တစချင်း ဆွဲထုတ်ကြတော့ လေသည်။

"အား‥အား‥အား‥"

သို့အချိန်တွင် မအူမြောင်အတွင်းမှ လူနှစ်ယောက် အထိတ် တလန့်ဖြင့် ပြေးထွက်လာကြသည်၊ ပုပုကင်တိုတိုလူနှင့် ပိန်ပိန်ပါးပါး လူနှစ်ယောက်ဖြစ်၏။

မအူမြောင်အတွင်းရှိ ငါးပုံးများ သို့ချောင်းတွင်းပင်ရှိနေတော့ ၏၊ ညနေစောင်းချိန်တွင် ထိုငါးပုံးတွင် ငါးတို့အမြောက်အမြားဝင် ရောက်နေပေဖြား ထိုငါးပုံးတို့ကို လာရောက်သိမ်းမည့်သူ ပေါ်မလာပါ ချေ။

မအူမြောင်မှ ပြေးထွက်သွားသူနှစ်ယောက်သည် ဥက္ကံချောင်းမကြီးအတိုင်း ပြေးလွှားသွားခဲ့ကြရာမှ မြေပြန့် တောင်ကမ်း တွေ့သည်နှင့် လမ်းလွှဲပြေးသွားကြပြန်၏၊ ထိုသည်က သူတို့၏



www.burmeseclassic.com

www.burmeseclassic.com

ကံကြမ္မာအစဟုဆိုရခြိမ့်မည်။

"ငါတို့တွေ ဘယ်ရောက်နေပြီလဲမသိဘူးကွာ.."

"ခြေဦးတည့်ရာပြေးခဲ့ကြတာကိုးကွ.. နို့ဒါကိုက ငါတို့ မှားတာ"

ပိန်ပိန်ပါးပါးလူက ပြောလေ၏။

"ဟကောင်ရ အဲဒီက ပြေးမထွက်လို့ဖြစ်မလား.. နို့မဟုတ် ငါတို့ အမှုပတ်တော့မပေါ့.."

ဂင်တိုတိုလူကပြောလေ၏။

"ဟူး.. ငါတော့ဆာပြီကွာ.."

"ဘယ်တတ်နိုင်မလဲ.. စားဖို့ထက် အိပ်ဖို့လိုတယ်"

"ဘာလို့လဲကွာ.."

"ဟ. မှောင်တော့မယ်လေကွာ.. သည်အတိုင်း လျှောက်သွားလို့ ဘယ်ဖြစ်ပါ့မလဲ.."

"နို့ဖြင့် အချိန်နည်းနည်းယူပြီး ဝါးခုတ်တဲ့ရိုလိုရိုဖြား ရှာကြတာပေါ့..။ အဲလိုမှ ဖြစ်မလာလျှင်ဖြင့် သစ်ပင်ပေါ် တက်အိပ်ကြတာပေါ့.."

"ဓိမ်မရှိလိုက်တာကွာ.."

"အသက်ကို နမျောလျှင် ဓိမ်ခံဖို့ မစဉ်းစားသင့်ဘူးကွ.."

"မင်းပြောသလိုပဲ လုပ်ရတော့မပေါ့.."

သို့မှ သူတို့နှစ်ယောက်သည် တောတိုးခဲ့ကြပြန်၏။ ကံကောင်းလေသည်မှာ မှောင်စပြုနေသည်တွင် တဲတစ်တဲတွေ့လိုက်ကြပြန်၏။

"တောစောင့်နတ်ကြီး ကယ်တာပဲ.."





ပိန်ပိန်ပါးပါးလူက ပြောလေ၏။

"ဟိုတဲကလို ဖြစ်နေဦးမယ်.."

"ဘယ်လိုဖြစ်နိုင်မှာလဲကွာ.."

သို့မှ သူတို့သည် ထိုတဲသို့ ရောက်သွားကြ၏။

တဲတွင် လူစိမ်းသုံးယောက်ရှိချေ၏။ ငါ ခုတ်သမားများဖြစ်ခြိမ့်မည်။ သို့မဟုတ် သစ်ခုတ်သမားများဖြစ်ပေမည်။

"သည်ကို ဘယ်လိုရောက်လာကြလဲ.."

ထိုသူတို့မှ တစ်ယောက်က မေးလေ၏။

"မျှားဖွတ်လာကြရင်း လမ်းမှားရောက်လာတာပေါ့လေ.."

သို့အမေးကို ဂင်တိုတိုလူက ဖြေလိုက်သည့်ကြောင့် ပိန်ပိန် ပါးပါးလူက အံ့အားသင့်သွားချေ၏။

"သည်ကောင် ဘယ်လိုကြောင့် အဲလိုပြောရတာပါလိမ့်.. အမှန်အတိုင်းပြောသင့်တာပေါ့.."

သို့ သူစိတ်တွင်းတေးမှတ်ထားလိုက်မိချေ၏။

မှန်တဝက် မှားတဝက်ပြောလိုက်ခြင်းကို ပိန်ပိန်ပါးပါးလူက ကြိုက်နှစ်သက်ပုံမပေါ်။ သို့ကြောင့် သူ၏ မျက်နှာတွင် အတွင်းစိတ် ပေါ်သွားပုံရချေသည်ကြောင့်လားမသိ..။

"မင်းလိမ်ပြောနေတာမဟုတ်လား.."

တဲရှင်လူကြီးက ပြောလေတော့၏။

"ဟာ.. မလိမ်ပါဘူး.."

"ဘာလို့မလိမ်ရမှာလဲ.. ဟိတ်ကောင်.. မင်းမှန်မှန်ပြော စမ်းကွာ.."

ပိန်ပိန်ပါးပါးလူက မျက်စိမျက်နှာပျက်သွားချေပြီး..



www.burmeseclassic.com

www.burmeseclassic.com

“ကျွန်တော်တို့ ပျားဖွတ်လာကြတာမှန်ပါတယ်·· နို့ပေမင့် လမ်းမှားရောက်လာကြတာ

ဗိန်ဗိန်ပါးပါးလူက သို့ပြောပြီး ဂင်တိုတိုလူကို စေ့စေ့ ကြည့်လိုက်၏။ ဂင်တိုတိုလူက အံကြိတ်ပြလေ၏။

“မှန်မှန်ပြောစမ်း·· မင်းတို့ ဘယ်ကနေ လာကြတာလဲ”

“သာယာဝတီကပါ ··”

ဂင်တိုတိုလူက ပြောလေ၏။

“ငါ အဲဒါသိချင်တာမဟုတ်ဘူး ·· မင်းတို့ကြည့်ရတာ ကြောက်လန့်တကြားပြေးလာကြတဲ့ပုံပဲ ·· နို့ကြောင့် ဘယ်က ဘယ်လိုဖြစ် ပြေးလာကြတာလဲလို့မေးတာ ··”

သို့ဆိုတော့ ဗိန်ဗိန်ပါးပါးလူက ထိုမေးသူလူကြီးကို မရှုမရဲ ကြည့်ပြီး ··

“မအူမြောင်မယ် တဲတလုံးတွေ့တယ် ·· တဲပေါ်မယ် လူတစ်ယောက်သေနေတာတွေ့လို့ ကြောက်လန့်တကြားပြေးလာကြတာပါ··”

သို့ဆိုတော့ တဲရှင်လူကြီး မျက်လုံးမျက်ဆန်ပျူးသွားချေတော့၏။

“ဘာ ··ဘာပြောတယ် ·· မအူမြောင်ကမ်းပေါ်ကတဲ ဟုတ်လား··”

“ဟုတ်·· ဟုတ်ပါတယ်··”

“မင်းတို့နေရာမှားတာလား··မအူမြောင်ကမ်းကော သေချာရဲ့ လား··”

“နို့တော့ သေချာပါတယ်··”





“နို့ဖြင့် ငါမေးမယ် မှန်မှန်ဖြေ··”

“ပြောပါ”

“အဲဒီလူက အသက်အစိတ်လောက်ရှိတယ်။ ကတုံး ဆံတောက်နဲ့လေ·· မျက်ခုံးကောင်းကောင်း”

“ဟုတ်··ဟုတ်ပါတယ်··”

“ဘယ်လိုဖြစ်လို့ သေနေတာလဲ”

“နို့တော့မသိဘူး·· မောက်ခုံကြီးဖြစ်နေလို့ ဆွဲလှန်လိုက်တာ·· မျက်နှာတပြင်လုံး ဒဏ်ရာတွေနဲ့သေနေတာ··”

“ဘာ·· သေချာလား··”

“သေချာပါတယ်··”

“နို့ဖြင့် ဆရာကြီး သူက ဖိုးထိန်ပဲဖြစ်မပေါ့··”

တဲရှင်လူကြီးနံဘေးတွင်ရှိ လူငယ်က ပြောလာလေ၏။

“သူတို့ပြောတဲ့ မအူမြောင်ကမ်း သေချာလျှင်ဖြင့် ဖိုးထိန် ပဲပေါ့·· ငါစကား သူနားမထောင်ဘူးကွာ·· အဲဒီကို မသွားပါနဲ့ဆို အဲဒီမယ် သင်းခွေချပ်တွေပေါလို့သွားထောင်မယ်ဆိုပြီး သွားတာ လေ··”

လူကြီးကပြောလည်းပြော·· ဂင်တိုတိုလူကိုလည်း စိမ်းစိမ်း ကြီးကြည့်နေလေသဖြင့် ဂင်တိုတိုလူမှာ မသိမသာ တုန်လှုပ်နေပုံရ ချေ၏။

“မင်းတို့ သည်ညမယ်ညအိပ်·· မနက်ကျ အဲဒီသွားမယ်·· မင်းတို့လဲ လိုက်ခဲ့ရမယ်··”

“ဗျာ”

“ဟင်”



www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုတော့ နှစ်ယောက်သား ထိတ်လန့်တကြားဖြစ်သွားကြတော့၏။

“ဘာလဲ မလိုက်ချင်ဘူးလား”

လူကြီးက မေးလာလေပြန်၏။

“ဟို..ဟို..ကျွန်တော်တို့ မြင်တာပဲရှိတာပါ.. သည်ကိစ္စနဲ့ ပတ်သက်ဖို့ လုံးဝသက်ဆိုင်တာမရှိခဲ့ပါဘူး..ယုံပါဗျာ..”

“ယုံပါတယ်.. နို့ပေမင့် မင်းတို့မြင်တာ ဟုတ်မဟုတ်တော့ ဖြင့် အဲဒီသွားကြည့်ရဦးမပေါ့ကွ.. မင်းပြောသလို အဲဒီမယ် အဲလို ဖြစ်နေလျှင် ငါယုံမယ်..နို့ကြောင့် မင်းတို့ပါ လိုက်ခဲ့ရမယ်..”

သို့ဆိုတော့ သူတို့နှစ်ယောက် ငြိမ်သွားတော့၏။ ထိုလူကြီး ပြောသည့်အတိုင်း လိုက်ရှာသာပေါ့..။

“ကဲ.. မင်းတို့ ဘာမှ စားရသေးပုံမပေါ်ဘူး..ငါတို့မယ် ထမင်းကျန် ဟင်းကျန်ရှိတယ် .. စားကြချေ..”

သို့ဆိုတော့ လူကြီးသဘောကောင်းသားကလား.. သူတို့ နှစ်ယောက် ထမင်းကို ပလုပ်ပလောင်းစားလိုက်ကြတော့၏။

ဆာနေကြသည်ကိုး..။

မည်သို့ပင်ဆိုစေ လတ်တလော အဆင်ပြေသွားကြရ၏ဟု ပြောရမည်ပင်..။

သို့ပေမင့်လို့ ညဘက်တွင် သူတို့နှစ်ယောက် ကောင်းကောင်း မအိပ်ရပါချေ။ ထင်းမီးအလို့ငှာ ထင်းခြောက်များကို မှောင်မှောင် မည်းမည်းသွားရောက်ရှာဖွေစုဆောင်းပေးရ၏။ သို့ပြင် အခေါင်းပေါက် ပါသည့် ဝါးပိုးအစိမ်းတို့ကိုလည်း သူတို့နှင့်အတူ ကူညီခုတ်၊ ထမ်းပိုး လာရပြန်တော့၏။





သည်စခန်းတဝိုက် တောဆင်ရိုင်းတွေပေါတယ်။ နို့ကြောင့် မီးကောင်းကောင်းလိုတယ်..။ ဝါးလုံးတွေ ဖောက်ခွဲဖို့လိုတယ်”

လူကြီး၏ အစီအမံဖြစ်ချေ၏။

“ဖောင်း..”

“ဖောင်း”

“ဖောင်း..”

“ဒိန်း..ဖောင်း..”

“ဖောင်း..”

ခပ်လှမ်းလှမ်းမှ တောဆင်ရိုင်းတောတိုးသံကြားရလေသည် ကြောင့် သို့ဆိုသလို ထင်းမီးပုံအတွင်း ဝါးလုံးစိမ်းတို့ကို ထည့်လိုက် သည်နှင့် နားအူမတတ် ပေါက်ကွဲသံတို့ ထွက်ပေါ်လာရချေတော့၏။

တောဆင်ရိုင်းတို့ အတန်ကြာတွင် အဝေးသို့ လမ်းလွှဲ ရောက်သွားပုံပင်။ တိတ်ဆိတ်သွားကြပြန်ချေ၏။

မည်သို့ပင်ဆိုစေ သူတို့နှစ်ယောက်ကမူ အိပ်မပျော်နိုင် ဖြစ်ခဲ့ ရတော့၏။

တဲရှင်လူကြီးတို့မှာမူ တခေါခေါနှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော် သွားကြပုံပင်။

ထင်းမီးပုံနားတွင် သူတို့နှစ်ယောက် ငုတ်တုတ်ထိုင်လျက် ငိုက်မြည်းခြင်းသာပြုနိုင်ပေတော့၏။ ကြက်အိပ်ကြက်နိုးဟု ဆိုရပြီမ့် မည်။

ကောင်းကောင်း အိပ်မပျော်ရလေခြင်းကြောင့် နောက်နေ့ မနက်တွင်မတော့ လန်းဆန်းခြင်းမရှိကြပါချေ။



www.burmeseclassic.com

www.burmeseclassic.com



နံနက်ခင်းစာ စားသောက်ပြီးနောက် သူတို့သည် ထိုစခန်းမှ ထွက်ခဲ့ကြတော့၏ မအူမြောင်ဆီသို့ ဖြစ်ချေ၏။

လူသေမျက်နှာ ပြန်မြင်ရဦးမည်။ ဒီအချိန်ဆိုပါလျှင် အပုပ်အနံ့လည်း ထွက်ချင်ထွက်နေလောက်ပေ၏။ သို့စဉ်းစားလိုက်သည်နှင့် ဝိန်ဝိန်ပါးပါးလူသည် တုန်လှုပ်သွားရပြန်ချေ၏။

သူသည် ကြောက်တတ်သူပင်။

သို့မှ နေ့လယ်ခင်းလေးတွင် သူတို့ မအူမြောင်ဝသို့ရောက်ခဲ့ကြတော့၏။

"ဘယ်မတုန်း ဖိုးထိန်"

"လူကြီးက မေးလေ၏။"

ဂင်တိုတိုလူက... မအူမြောင်အတွင်း မေးငေါ့ပြလေပြီး သူကပင် ဦးဆောင်၍ မြောင်အတွင်းဝင်သွားလေတော့သဖြင့် လူကြီးနှင့် ကျန်သူများ သူ့နောက်လိုက်သွားကြတော့၏။ မအူပင်မြောင်တွင် သူမနေ့ကထောင်ခဲ့သော ငါးပုံးများကို တွေ့ရသဖြင့် ကုန်းကောက်လိုက်ချေ၏။

"ဟိတ်ကောင်.. စည်းဆိုတာထားရတယ်.. သူများထောင်ထားတဲ့ငါးပုံး ပြန်ထားလိုက်ချေ.."

လူကြီးက သို့ပြောလေ၏။

"ဟာ.. နို့က ကျွန်တော်တို့ထောင်ထားတာဗျ.."

"ဟေ..နို့ဖြင့်လည်းပြီးရော.."

မအူမြောင်တွင်း ထောင်ထားခဲ့သည့်ငါးပုံးသုံးလုံးစလုံးအခြေမပျက် ပြန်တွေ့ရသည့်အပြင် ငါးပုံးတွင်း ငါးကောင်လေးများကိုလည်း တွေ့လိုက်ရချေတော့၏။





"သည်မြောင် ငါးတယ်ပေါပါကလား.."

လူကြီးကပြောလေ၏။ သို့မှ သူတို့ မအူမြောင်လယ်လောက်တွင် ကမ်းပေါ်သို့ တက်လိုက်ကြချေတော့၏။

သို့ဆိုတော့ မနေ့က ရောက်ခဲ့သောတဲသို့ စိုက်စိုက်မြိုက်မြိုက် ရောက်သွားချေတော့၏။

"ဟာ"

"ဟင်"

"အို"

လူကြီးနှင့် သူလူများ အံ့သြသွားကြ၏။ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော လူသေအလောင်းကောင်ကို မတွေ့လိုက်ကြ၏။

"နို့က ဖိုးထိန်ဖြစ်နိုင်မလား"

လူကြီးက သူနှင့်ပါလာသည့် လူငယ်နှစ်ယောက်အနက် ယောင်ဆံထုံးနှင့် လူငယ်ကို မေးလိုက်ခြင်းဖြစ်၏။

"ဖိုးထိန်..ဖြစ်နိုင်တယ်.. ဘာလို့လဲဆိုတော့.. ဖိုးထိန်ရဲ့ နားရွက်တစ်ဖက်က မွေးရာပါ ပဲ့နေတယ်လေ.."

"ဟေ..ဟုတ်သားကလား..နို့ဖြင့် ဘယ်လိုကြောင့် သူသေတာလဲ ကြည့်စမ်း.."

လူကြီးကသို့လည်းပြော.. သူကိုယ်နှိုက်က "ဖိုးထိန်" ဆိုသူ၏ အလောင်းကို စေ့စေ့ကြည့်နေလိုက်တော့၏။

နားရွက်ပဲ့လေး တွေ့လေခြင်းကြောင့်သာ ဖိုးထိန်မှန်းသိရသည်။ ဘာကယ်တော့ အလောင်းကောင်၏မျက်နှာသည် လွှန်ခြင်စွာ ဒဏ်ရာဒဏ်ချက်များဖြင့် ပြည့်နှက် ရုပ်ပျက်ဆင်းပျက်ဖြစ်နေလေတော့၏။ ဝမ်းဗိုက်တဝိုက်တွင်လည်း အတွင်းကလီစာတို့ ပြန့်ကြဲပြန့်နေချေ၏။

www.burmeseclassic.com

ခပ်အူအူအန့်ပင်ထွက်နေလေပြီဖြစ်၏။

"သည်ကောင်တကိုယ်လုံးအပေါက်ရာချည်းဗျ။ ဘယ်လိုဖြစ်တာပါလိမ့်"

ဂင်တိုတိုလူက ပြောလေ၏။

"မင်း.. တကယ်မသိတာလား.."

လူကြီးက ရုတ်တရက်မေးခြင်းကြောင့် ဂင်တိုတိုလူမှာ မျက်စိမျက်နှာပျက်ရုံအပြင် ဒေါသလည်းထွက်သွားပုံရချေ၏။

"ဘာပြောတယ်ဗျ။ ခင်ဗျားပြောပုံက ကျုပ်ကပဲ မဆီမလျော်အလုပ်တွေလုပ်နေတယ်ပေါ့..ဟုတ်လား.."

"အဲလိုဆိုလိုချင်တာမဟုတ်ပါဘူး။ မင်းဘာတွေများသိထားလဲ သိချင်လို့ပါ"

"အလိုလေးဗျာ..မနေ့ကပဲ ပြောပြီးပြီမဟုတ်လား။ ကျုပ်တို့နှစ်ယောက် ဘုမသိ၊ ဘမသိ ရောက်လာပြီး အလောင်းကောင်တွေလို့ ပြေးလာခဲ့ကြတာကြောင့်။ ခင်ဗျားတို့ဆီ ရောက်လာရတာဆိုတာ လေ.."

"အေးပါကွာ.. ငါနားလည်ပြီ.. ခုလိုဆိုတော့လဲ ငါ့အမြင်ရှင်းသွားရပြီပေါ့ကွာ.."

"အဲ့လိုလုပ်ပါဗျ . . ကဲ ကျုပ်တို့တာဝန်ကျေပြီ . . သွားတော့မယ် ဟုတ်လား။"

သို့ဆိုတော့ လူကြီးက သူ့အား စေ့စေ့ကြည့်လိုက်ချေပြီး ဟုတ်ပြီလေ မင်းသွားလို့ရပြီ။ နို့ပေမင့် တစ်ခုတော့ ပြောထားရအုံးမယ်။"

"ဘာများတုန်း"





"မင်းတို့ဘယ်သွားကြမှာလဲ"

"ပြန်မယ်"

"ဘယ်ကိုတုန်း"

"ရွာပေါ့"

"ဟာကောင်ရ...နို့တော့သိတာပေါ့.. မင်းတို့ ဘယ်ရွာကလဲမေးတာ"

"ကျိုက်စကိုင်း"

"ဟုတ်ပြီ..သူကြီးအောင်ခိုင်မဟုတ်လား..."

"ဟုတ်တယ်"

"ကဲကဲ..ကဲ သွားတော့ အော်နေဦး... မင်းတို့သည် အလောင်းနဲ့ ဘယ်လိုမှ မပတ်သက်ဘူးဆိုတာ တကယ်နော်.."

"ဟုတ်ပါတယ်ဗျာ..ကဲ.. ကျုပ်တို့သွားပြီဗျို့"

"သည်ညတော့ ရွာကို ရောက်နိုင်မှာ မဟုတ်ဘူး..၊ အချိန်လင့်နေပြီလေကွာ"

"ဟုတ်တယ်..နို့ကြောင့် ဖာလာစခန်းမှာ သွားအိပ်ကြမှာ.."

သို့မှ ဂင်တိုတိုလူနှင့် ပိန်ပိန်ပါးပါးလူတို့ ထိုနေရာလေးမှ သုတ်ခြေတင်ထွက်ခဲ့ကြတော့၏။ ထိုစခန်းတွင်မတော့ လူကြီးနှင့် အပေါင်းပါသုံးယောက်အလောင်းကောင်အတွက် အလုပ်ရှုပ်ချေတော့၏။

"ဘစိန်ကလည်း ဘာမှန်းလဲမသိဘူး။ သည်အလောင်းကောင် ဖိုးထိန်ဖြစ်တော့ကော ဘာဖြစ်လာမှာမို့လဲ။ ဘာလို့အလုပ်ရှုပ်ခံနေရတာလဲ.."



www.burmeseclassic.com

www.burmeseclassic.com

ဘစိန်ဆိုသောလူကြီးကို တစ်ယောက်က ပြောလိုက်၏။ သည်တွင် ဘစိန်က ထိုသူကို ကြည့်လိုက်ချေပြီး

"မင်းဘာသိလဲ•• ဖိုးထိန်ကို တွေ့ချင်တဲ့သူချည်းပဲကွ••၊ ဘာလို့လဲသိလား••" ဘစိန်ကပြောမေးမေး၏။

"နို့တော့ ဘယ်သိပါ့မလဲ••"

"အမှန်က ဖိုးထိန်ကိုတွေ့ချင်ကြတာက ဖိုးထိန်ကို ချစ်လို့ ခင်လို့ ကြွေးမြီး ရစရာရှိလို့မဟုတ်ဘူး •••"

"နို့ဖြင့်"

"သူ့မယ် ပတ္တမြားကြီးရှိနေလို့"

"ဟင်••သည်ကောင်က ဘယ်လိုလုပ် သူ့မယ်ပတ္တမြားကြီး ရှိရမှာလဲ••သည်ကောင် ငမွဲမဟုတ်လား••"

ဘစိန်ဆိုသူနှင့်ပါလူသူနှစ်ယောက်မှ တစ်ယောက်က ပြောလေ၏။

"အေး••ဟုတ်တယ်•• သည်ကောင်ငမွဲ••နို့ပေမင့် သူ့• စိန်တောင်ဘက်က ပတ္တမြားကြီးရလိုက်တယ်ဆိုတာ လူတိုင်းသိလို့ သူ့ကို လိုက်ရှာ ကြတာပေါ့•• သူ့ကိုမေးဖို့ သူ့ပတ္တမြားကြီးရဲ့နေရာကို သိချင်ကြလို့ ပဲဟေ့••"

"ဟင်•• ခုတော့ သူဆုံးပြီဆိုတော့ သူ့ရဲ့ ပတ္တမြားကြီး ဘယ်ပျောက်နေပြီလဲ••"

"အေး••ငါလဲသိချင်တာပဲ••နို့ကြောင့် သူတကိုယ်လုံးအနှံ့ ရှာကြတာပဲ•• မတွေ့ဘူး••"

"နေဦး••ဘစိန် စောစောက နှစ်ယောက်များ ရသွားလို့လား"

"ဟေ"





သို့ဆိုမှ ဘစိန်စဉ်းစားမိသွားပုံပင်••

"ဖြစ်နိုင်တယ်•• သည်နှစ်ယောက် လူရည်ချွန်ကျသွားတာ များလား••"

"ကိုးကိုက်စကိုင်းသားဆိုတာကော အမှန်ဟုတ်ရဲ့လားမသိဘူး"

"ဟုတ်ပြီ•• သည်နှစ်ကောင်နောက် လိုက်သွားကြတာ ပေါ့••"

"ဘစိန်ဘယ်လိုလုပ်မလဲ••"

"ဘယ်လိုလုပ်ရမှာလဲ •• သည်အလောင်းကို ငါတို့ပဲ တာဝန်ယူသင်္ဂြိုလ်ပေးခဲ့ရမပေါ့•• ပြီးမှ ဟိုနှစ်ယောက်နောက်လိုက် ကြမယ်••"

ပြောပြောဆိုဆို ဘစိန်ကဦးဆောင်၍ အလောင်းကို မြေမြှုပ်ပြီးနောက် ထွက်သွားသူနှစ် ယောက် နောက်လိုက်သွား ချေတော့၏။ သို့ပေမင့်လို့ အရိပ်အယောင် ပင်မမြင်လိုက်ကြပါချေ။ မျက်ခြေပြတ်သွားကြပြီဖြစ်တော့၏။

"သူတို့ဖာလာမှာ ညအိပ်မယ်ဆိုတာ ဟုတ်ပါ့မလား••"

"ပြောတတ်ဘူးကွ••"

"ဖာလာကို သွားမှာပေါ့••"

လူငယ်ကမေးလေ၏။

"အေး••"

ဘစိန်ကသို့ပြောပြီး ခပ်သွက်သွက်တောင်ကိုလိုက်ချေတော့ ၏ သူနောက်လိုက်တို့သည်လည်း ဘစိန်နောက် ကပ်လိုက်သွား ကြချေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

"အား‥"

"အာ‥အာ‥‥အာ‥"

"အာ‥‥"

သူတို့ထိုစခန်းနှင့် ကိုက်ငါးဆယ်လောက်အကွာရောက်လာသည်တွင် သို့ဆိုသလို ကျီးကောင်၏ အသံကိုကြားရလေသဖြင့် အသံလာရာသို့ မော်ကြည့်လိုက်ကြတော့၏။

"အာ‥"

ကျီးကောင်က သစ်ကိုင်းခြောက်တစ်ခုတွင် ရပ်နားလျက် သူတို့ကို ငုံ့ကြည့်အော်နေခြင်းဖြစ်လေ၏။

"သည်ကျီးကောင်တော့ နာချင်ပြီ‥"

ဘစိန်က ပြောလေ၏။

"ရှုတ်ပါတယ်ဘစိန်ရာ‥ ကျုပ်တို့ဆာလဲဆာပြီ‥"

"ဝှစ်"

"ဘုတ်"

"အာ‥"

ဘစိန်နောက်လိုက်သည့် တစ်ယောက်က စိတ်မြန်လက်မြန်ဆိုရချိမ့်မည်။ သူ့လက်တွင်းရှိ လောက်လေးဂွဖြင့် ကျီးကောင်ကို လှမ်းပစ်လိုက်ခြင်းဖြစ်၏။

လက်မှန်းဖြောင့်ပေသည်။

အော်ဟစ်နေသော ကျီးကောင် လောက်လေးမှန်၍ အောက်သို့ ပြုတ်ကျလာချေတော့၏။

"သည်တစ်ကောင်နဲ့ ဘာသွားလုပ်ရမှာလဲ‥"

ဘစိန်က တောကျီးကန်းသေကို ကောက်၍ ပြောလေ၏။





"ဘစိန်ကလည်း ကျီးတစ်ကောင်ကိုရလျှင် နောက်ထပ်ကျီးကောင်တွေပါ ရလာနိုင်တယ်ဗျ‥"

သို့ပြောလာသည့်လူငယ်ကို ဘစိန်က စေ့စေ့ကြည့်လိုက်ချေပြီ‥

"ဘယ်လိုဖြစ်နိုင်မှာလဲ‥"

"ဖြစ်နိုင်တယ်"

ထိုလူငယ်ကသို့ပြောပြီး ကျီးကောင်သေကိုယူ၍

"ဖိုးကာလဲ မင်းသည်ကျီးကောင်ကို မိုးပေါ်မြင့်မြင့်ရောက်အောင် ပစ်ချေကွာ"

သို့ပြောပြီး ကျီးကောင်သေကို ဖိုးကာလဲဟုဆိုသည့် လူငယ်အား ပေးလိုက်ချေ၏။

"ဟုတ်ပြီ‥"

ဖိုးကာလဲက ကျီးကောင်ကို ချိန်ဆကိုင်၍ ရုတ်ခြည်းဆို သလို အမြင့်ရောက်နိုင်သလောက် လွှဲပစ်လိုက်ချေတော့၏။

"ဝှစ်"

"ဖုန်း"

"အာ ‥"

အလိုလေးဗျာ‥ ကျီးကောင်တို့အုပ်အတွင်း လောက်လေးကိုင်လူငယ်က လှမ်းပစ်လိုက်သည်နှင့် ကျီးတကောင် လောက်လေးမှန် ပြုတ်ကျလာလေ၏။

သို့ဆိုတော့‥ ကျီးကောင်တို့ ကျီးသေကိုမရဘဲ နောက်ထပ်တစ်ကောင် အသက်ဆုံး၍ ကျန်ရစ်ခဲ့တော့၏။

သို့နှယ်ဖြင့် ထိုလူငယ်က နောက်ထပ်ကျီးကောင်တစ်



www.burmeseclassic.com

www.burmeseclassic.com

ကောင်ကို ပစ်ချနိုင်ခဲ့ချေ၏။

သို့ပေမင့်လို့

ထိုကျီးအုပ်က သူတို့ကို ဝိုင်းဝန်းထိုးစိတ်လာလေခြင်းကြောင့် ထိုနေရာလေးမှ ပြေးခဲ့ကြချေ၏။ အနီးရှိ လှိုဏ်တစ်ခုတွင်း ပြေးဝင်ခဲ့ကြချေတော့၏။ သို့မှ ကျီးရန်က လွတ်ခဲ့ကြတော့၏။

မည်သို့ပင်ဆိုစေ သူတို့ ကျီးနှစ်ကောင်ကို ရိက္ခာအလို့ငှာ ရလိုက် ကြချေတော့သည်။

သို့ပေမင့်လို့ သူတိုသည် ထိုလှိုဏ်အတွင်းမှ မထွက်ရဲကြတော့ချေ။

ထိုလှိုဏ်တဝိုက်ရှိ သစ်ပင်ထက်မှ တောကျီးကောင်တို့သည် သူတို့ထွက်အလာကို စောင့်နေလေခြင်းကြောင့်ဖြစ်ချေတော့၏။

သို့ဆိုတော့ ဘစိန်တို့သည် ထိုညတွင် လှိုဏ်တွင်း တညအိပ် စခန်းချလိုက်ရလေတော့၏။

"မင်းကျီးကောင်သားစားရတာနဲ့ ငါတို့ဒုက္ခရောက်ရတာ မကာမိပါဘူးကွာ. ."

ဘစိန်ကပြောလေ၏။

သို့မှ ထိုလှိုဏ်မြောင်အတွင်းမှ နံနက် ဝေလီဝေလင်းအချိန်တွင် ကျီးကောင်တို့ အိပ်တန်းနိုးမထမီ ခြေဖော့နင်း တောတိုးထွက်ခဲ့ကြတော့၏။

သူတို့အားစောင့်ဆိုင်းနေသောကျီးကောင်တို့ကို မျက်ခြေပြတ်သွားကြချေတော့၏။

သို့မှ ဘစိန်တို့သုံးယောက်သည် အောက်ပေါင်းရှုတ်သော တောအတွင်း တောတိုးသွားခဲ့ရမှ မမျှော်လင့်ဘဲ အဖိုးအို တစ်ယောက်နှင့် ဆုံခဲ့လေတော့၏။

အဖိုးအိုဆိုသော်လည်း အသက်အားဖြင့် ၇၀ ခန့် ရှိချိမ့်မည်။ ခါးကုန်းလိုတော့နေချေ၏။

လက်ထဲတွင် ယမထာကြိမ်တုတ်ကောက်ဖြင့် မြေထောက်လမ်းလျှောက်နေတော့၏။

"အဘဘယ်သွားမှာလဲ. ."

ဘစိန်ကမေးလေ၏။

"မင်းတို့ကကောကွာ. ."

ဘုရားရေ. . ဘစိန်မေးသည်ကိုမဖြေ. . ဘစိန်ကိုပင် ပြန်မေးလာချေ၏။ အာဂအဖိုးကြီးပါကလား. .။

"ကျွန်တော်တို့မေးတာအလျင်ဖြေလေ. ."

"ငါဘယ်သွားမယ်သိလျှင် မင်းတို့က ဘာလုပ်မလို့လဲ. ."

"ဟာ. . အဘကလည်း ဘာရယ်မဟုတ်ပါဘူး. .။ စကားအဖြစ်ပြောတာပါ. ."

"ဟုတ်ပြီ. . နို့ဖြင့် သည်ကိစ္စက ပြဿနာမဟုတ်သောက်ဘူး. . ငါမေးတာကို မင်းတို့ဖြေသင့်တယ်. "

"ဘာလို့လဲ. ."

"ဟ. . မင်းတို့ ဘယ်သွားမလဲသိချင်တာ ငါလိုက်လိုအပ်လို့ပေါ့. ."

"ဗျာ. . ဘယ်လို. . ဘယ်လို. ."

အဖိုးအို၏ စကားကို ဘစိန်နားမလည်ပါချေ။ သို့ပေမင့်လို့






www.burmeseclassic.com

"ဟုတ်ပါပြီ·· ကျွန်တော်တို့ ဖာလာစခန်းသွားကြမလို့ကဲ·· အဘ ဘာဖြစ်ချင်လဲ··"

"ဟုတ်ပြီ·· ငါသိချင်တာမင်းတို့ဘယ်သွားမယ်·· ခုသိပြီ။ နို့ပေမင့် ဖာလာစခန်းက ငါ့တွက်ဘာမှကိစ္စရှိလောက်မယ် မဟုတ်လို့ အားနာပါတယ်·· ကဲ··ကဲ ·· ငါသွားပြီ··"

"ဗျာ··"

"ဟင်··"

"ဘယ်လိုအဖိုးအိုပါလိမ့်ဗျ··"

"နေဦးအဘရဲ့·· ပြောခဲ့လို့မရဘူးလား·· ဘယ်သွားမလို့လဲ··"

သို့ဆိုတော့ အဖိုးအိုက သွားနေသောခြေလှမ်းကို ရပ်တန့်လိုက်ချေပြီး နောက်ပြန်လှည့်ကြည့်လာကာ··

"အေး···မင်းတို့မေးလွန်းလို့ဖြေရတာပေါ့ကွာ·· ငါသွားမှာ သုသာန်ကိုပဲ··"

"ဗျာ··"

"ဟာ··"

"ဘယ်လို·· ဘယ်လို··"

"မင်းတို့မေးလို့ဖြေတာလေ·· သုသာန်ကို ··"

"အဘကလဲ သည်နားတဝိုက် ဘယ်သုသာန်ရှိပါ့မလဲ··၊ ရွာမှာပဲ သုသာန်ရှိတော့မပေါ့··"

ဘစိန်ကသို့ပြောလိုက်သည်တွင် အဖိုးအိုက ပြုံးလိုက်ချေပြီး

"ဟင်း··ဟင်း··ဟင်း··သုသာန်ဆိုတာရွာတွေမှာပဲရှိတယ်ဆိုတာ ဟုတ်သင့်သလောက်ဟုတ်တာပေါ့··၊ နို့ပေမင့် သည်တောတောင်ထဲမှာလဲ သုသာန်ရှိတယ်ဆိုတာ မင်းတို့မသိဘူးလား·"

"ဟင့်အင်း·· မသိဘူး··"

"မင်းတို့ ဝံကိုက်မြောင်ကိုသိလား··"

"သိတာပေါ့··"

"ဝံကိုက်မြောင်အဖျားကိုကော ရောက်ဖူးလား··"

"ဟင့်အင်း··"

"အေး·· သုသာန်ဆိုတာ အဲဒီဝံကိုက်မြောင်အဖျားမယ်ရှိတယ်··"

"ဗျာ··"

"ဟာင်··"

"ရှင်းအောင်ပြောပါလားဗျာ··"

"ဝံကိုက်မြောင်အဖျားမယ် သုသာန်စခန်းဆိုတာရှိတယ်။ မင်းတို့ မရောက်ဖူးတော့မသိဘူးပေါ့·· ငါ အဲ့ဒီသွားမှာ ··"

သို့ဆိုတော့ ဘစိန်က သူ့နောက်လိုက် သူငယ်နှစ်ယောက်ကို ကြည့်လိုက်ပြီး··

"ငါတော့ စိတ်ဝင်စားတယ် လိုက်သွားမှာပဲ··"

"ဟာ··ဘစိန်ကလဲ·· ဖာလာက နှစ်ယောက်ကို ရှာရဦးမယ်လေ··။ သူတို့ကို တွေ့လျှင်ပတ္တမြားကြီးကိစ္စသိရမှာလေ··"

"ဟား··ဟား··ဟား··ပတ္တမြားကြီးတဲ့လား·· မင်းတို့ ပတ္တမြားကြီးကို သိလို့လား··"

ဖိုးကာလဲက ဘစိန်ကိုပြောလိုက်သည့် စကားသံ တိုးညှင်းစွာ ပြောပေမင့် နားပါးပုံရသော အဖိုးအိုက သို့မေးလာသောကြောင့်

www.burmeseclassic.com

အံ့ညြမိကြ တော့၏။

"အဘကော ပတ္တမြားကြီးကို သိလို့လား‥ဘာကိုပြောတာလဲ‥"

"ဟင်း‥ဟင်း‥ ဟင်း‥ ပတ္တမြားကြီးဆိုတာ ခုတလော သည်နယ်တဝိုက်မှာ နာမည်ကြီးနေတာလေ‥ ဖိုးထိန်ဆိုတဲ့လူငယ် ရလိုက်တဲ့ ပတ္တမြားကိုပြောတာမဟုတ်လား‥"

"ဗျာ"

"ဟင်"

အလိုလေးဗျာ‥ အဖိုးအိုကို ထူးဆန်းသော လူတစ်ယောက်လို့ ဘစိန်ကြည့်လိုက်ချေတော့၏။ပြီးတော့မှ ဘစိန်က

"ဖိုးထိန်နဲ့ ပတ္တမြားကြီးကိစ္စသိနေမှတော့ အဘကျွန်တော်တို့ကို ပြောပြနိုင်မလား‥"

"ဘာလဲ ‥ ပတ္တမြားကြီးကို လိုချင်ပြန်ပြီလား‥"

"ဟာ‥ မဟုတ်ပါဘူး‥လိုချင်တယ်ဆိုပေမင့် ကိုယ့်ဘာသာရှာမလို့ပါ‥ သူများပစ္စည်းကို မလိုချင်ပါဘူး‥"

"ဟုတ်ပြီ‥ဖိုးထိန်ပတ္တမြားကြီးရတဲ့နေရာသိချင်ကြတဲ့သူချည်းဆိုတော့ ခုလိုဖိုးထိန်သေသွားပြီဆိုတော့ လမ်းစပျောက်နေကြပြီ ပေါ့ ‥ ဟင်း‥ဟင်း‥ဟင်း‥"

"ဟင်‥အဘ ဖိုးထိန်သေတာလဲ သိတာပဲလား‥"

"ဟ‥ငါက "နတ်"လေကွာ"

"အေး‥ငါ့ကို နတ်လို့‥ နတ်အဖိုးအိုလို့ သိကြသူချည်း မင်းတို့မသိဘူးဆိုတာည့ံလွန်းလို့"





"ဘုရားရေ‥ နတ်ဆိုပါလား‥ ကြားဖူးတာ အမှန်ပင်။ သို့ခြား

"ဟုတ်ပါတယ်‥ ကျွန်တော်တို့သိပါတယ်‥ အဖိုးနတ်ကို ကျွန်တော်တို့လေးစားပါတယ်ဗျာ‥‥"

"ဟင်း‥ဟင်း‥ဟင်း‥ ငါလူဆိုးလားလူကောင်းလား မသိဘဲနဲ့ လေးစားရတယ်လို့ကွာ‥ ညံ့ပါ့‥"

"အဘဖာသာဆိုးဆိုးကောင်းကောင်း ကျွန်တော်တို့အပေါ် အဘမကောင်းတာဘာလုပ်ဖူးလို့လဲ‥ ကျွန်တော်တို့ပြောတာမှားလို့လား‥"

"အေး ‥ အဲလိုဆိုတော့လဲ အဟုတ်သားကလား ‥ ဟုတ်ပါပြီ‥ ငါလဲသိပါပြီ‥‥"

"ငါသွားသာန်သွားမယ်‥ လိုက်ချင်လဲလိုက်ခဲ့ကြ‥ မင်းတို့ တွက်တော့ အရှုံးမရှိလောက်ဘူး‥"

"ဗျာ‥"

"ဟာ‥ အဘတကယ်ပြောတာလား‥"

ဘစိန်တစ်ယောက် ဝမ်းမြောက်ဝမ်းသာဖြစ်သွားချေတော့၏။ သို့ပေမင့် ဖိုးကာလဲနှင့် တစ်ယောက်ကတော့မူ ‥

"ဘစိန်‥ သည်အဖိုးကြီး စိတ်မနှံ့ဘူးထင်ပါတယ်‥"

"ဘာကွ‥ ငါကိုစိတ်မနှံ့ဘူးလို့ မင်းတို့ထင်လား‥ နို့ဖြင့်လည်း ပြီးတာပဲ‥ သွားကြတော့‥"

သို့ဆိုလျက် နတ်အဖိုးအိုသည် ရုတ်ခြည်းဆိုသလို ရပ်နေရာမှ ပြေးထွက်သွားတော့၏။

ဘုရားရေ‥ မြန်လိုက်တာ‥ မျက်စိအောက်မှ ရုတ်ခြည်း



www.burmeseclassic.com

www.burmeseclassic.com

ပျောက်သွားတော့၏။

"မင်းတို့··· အတော်အသုံးမကျတဲ့ကောင်ပဲ··"

ဘစိန်က ကျန်နှစ်ယောက်ကို ပြောလိုက်လေတော့၏။

"လာပါ··ဘစိန်ရာ·· ဖာလာပဲသွားကြတာပေါ့··"

"မင်းတို့ကလည်းကွာ·· ငါက အဖိုးအိုနောက်လိုက်တော့မယ်·· "

ဘစိန်ကသို့ပြောပြီး အဖိုးအိုပြေးသွားရာနောက်သို့ ပြေးလိုက်သွားတော့၏။

သည့်တော့ ဖိုးကာလဲနှင့် တစ်ယောက်သည် ဘစိန်နောက် ပြေးလိုက်သွားကြချေတော့သည်··။

သို့ဖြင့် ဘစိန်တို့သုံးယောက်သည် ဝါးတောလေးတစ်ခုသို့ ရောက်ခဲ့ကြတော့၏။ အချိန်ကား နေထန်းတဖျားရှိချေပြီ။

"နားဦးမယ် ဘစိန်ရာ··"

ဖိုးကာလဲကပြောလေ၏။

"ဟုတ်ပြီ·· စိန်မင်း·· မင်းလဲ နားချင်ပြီလား··"

ဘစိန်က နောက်တစ်ယောက်ကို မေးလိုက်၏။ သို့ဆိုတော့ ထိုသူသည် "စိန်မင်း" ပေါ့··။

"ဟုတ်တယ်ဘစိန်··"

"ကောင်းပြီလေ·· ရှေ့နားမယ် ကြခတ်ဝါးရုံတောလေးရှိတယ်·· အရိပ်ကောင်းတယ်·· နားကြတာပေါ့··"

သို့ဖြင့် သူတို့ကြခတ်ဝါးရုံသို့ ရောက်လာသည်တွင် ခြေပစ်လက်ပစ်နားလိုက်ကြတော့၏။

"ဘစိန်မယ်စားစရာရှိသေးလား··"





ဖိုးကာလဲက မေးလေ၏။

"ဟာကောင်ရ·· ငါ့မယ်စားစရာပါမှတော့ မင်းတို့ကို ကျွေးမှာပေါ့ကွ··"

"နို့ဖြင့် ကျွန်တော်ဟိုရှေ့နားက ချောင်းထဲသွားချေဦးမယ်။ ငါးလေးငါးလေး ရမလားလို့"

"အေးကောင်းတယ်·· မင်းက အဲဒီသွား·· စားစရာပိုသေချာတယ်·· စိန်မင်းက သည်နောက်ဘက်သွားလေ·· အဲဒီမယ် ကျက်ပျောတောရှိနိုင်တယ်··"

"ဗျာ"

စိန်မင်းက ဘစိန်ကို အံ့သြကြည့်ကြည့်လိုက်ချေပြီး··

"ဘယ်လိုဖြစ်နိုင်မှာလဲ·· ဘစိန်ရယ်·· " ပြောလိုက်၏။

"ဖြစ်နိုင်ချေရှိပါတယ်·· မင်းတို့လူငယ်တွေဖြစ်ပြီး တယ်နားထိုင်းကြပါကလား·· သေချာနားထောင်ကြည့် ဘာသံကြားလဲ ပြော··။

သို့ဆိုတော့ ဖိုးကာလဲကော စိန်မင်းပါ ဘစိန်ပြောသည့် နေရာဘက်လှမ်းကြည့်ကာ နားစွင့်ထားလိုက်ကြ၏။

"ကွီ··ကွီ··ကွီ··"

"ကွစ် ·· ကွစ်··ကွီ"

"ကွီ··ကွစ်··"

အလိုလေးဗျာ·· မျောက်တို့အသံပါကလား ··။

"ဟုတ်ပြီ ·· ဘစိန်ပြောချင်တာ မျောက်တွေရှိလို့·· ကျက်ပျောတောရှိနိုင်တာပေါ့··"

ဖိုးကာလဲက ပြုံးစိစိလုပ်ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဘာပြောပြောကွာ.. မင်းသွားကြည့်ချေ.. မမှားပါဘူး.."

"ဟုတ်ပြီ.. စိန်မင်း.. ဘစိန်ပြောတဲ့ဘက်သွား .. ငှက်ပျောသီးရရ.. မရရ ကိစ္စမရှိဘူး.. ငါချောင်းဘက် သွားလျှင်ဖြင့် ငါးမရတောင် ခရုလေးဘာလေးရမှာပါကွ.."

သို့ဖိုးကလဲကပြောပြီး ချောင်းဘက်သို့ သုတ်ခြေတင်ထွက်သွားလေတော့၏။ သို့ဆိုတော့ စိန်မင်းသည်လည်း အဖိုးအိုလွှတ်ရာ ငှက်ပျောတောရှိမည်ထင်သည့် ဘက်သို့ထွက်သွားလေတော့၏။

ဘစိန်တစ်ယောက် ကြခတ်ဝါးရုံတောတွင် နားနေရန် အလို့ငှာ ပက်လက်လှန်လှဲချလိုက်တော့၏။

"ကျစ်..ကျလိ..ကျလိ.. ကျလိ.."

"ကျစ်. ကျစ်ကျလို..ကျလိ.."

"ကျစ်..ကျစ်..ကျီ.."

ဘစိန်မြေပြင်သို့လှဲချလိုက်သည်တွင် ကြခတ်ဝါးရုံအတွင်း နားနေသည့် ငှက်ငယ်အချို့သို့နှယ့် အော်ဟစ်လန့်ဖြတ်ထွက်သွားကြချေတော့၏။

သို့မှ ဘစိန် မေးကန်ဖြစ်သွား၏။ မကြာမီ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့၏။

သို့အချိန်တွင် ဖိုးကဲတစ်ယောက် ချောင်းတွင်း မြောင်လေး တစ်ခုတွင်း ရောက်သွားချေ၏။

ရေစီးရှိသည်ဆိုပေမင့် ခြေမျက်စိခန့်သာဖြစ်ချေ၏။

ဒုက္ခ.. သို့ဆိုလျှင် ငါးကလေး ဖားကလေးပင် ရနိုင်လိမ့်မည်မဟုတ်..။ သို့ဆိုတော့..မြောင်ကမ်းနားတွင် တွယ်ကပ်လျက်





ပေါက်နေသော ကြက်ခြမ်းသီး၊ ကတွက်သီးလေးများ ရနိုင်ကောင်းပါရဲ့. တွက်ကာ မြောင်အတွင်းသို့ တိုးလျှောက်ခဲ့ရာမှ

"ဟာ"

မြောင်ကမ်းနံရံတွင် ပေါက်နေသည့် ကဒွတ်ပင်ငယ်မှ အသီးများတို့ကို လူတစ်ယောက် ခူးဆွတ်နေ ပါကလား။ သို့လူကို မြင်လိုက်သည်နှင့် ဖိုးကလဲအံ့အားသင့်သွားရ၏။ ဘယ့်တွက်ပုံ ထိုသူသည် သူတို့နောက်ယောင်ခံလိုက်နေသော နတ်အဖိုးအိုဖြစ်နေခြင်းပင် ..။

သို့ပေမင့်လို့ ဖိုးကလဲက သတိရှိသူဖြစ်ချေ၏။ နတ်အဖိုးအိုက သူ့အားကျောပေးထားခြင်းကြောင့် ခြေဖွနင်းကာ အနားသို့ တိုးကပ်သွားလိုက်၏။

"ဘုရား..ဘုရား.. သူခြေသံမကြားပါစေနဲ့.."

မည်သို့ပင် ခြေသံလုံလုံတိုးကပ်သွားပေငြား

"ငါသိနေပါတယ်.. ငါထွက်မပြေးပါဘူး.. မင်းတို့ကသာ ဘယ်နေးကြသကိုး.."

အလိုလေးဗျာ..သူ ခြေဖွနင်းတိုးကပ်လာသည်ကို သူသိနေပါကလား..။ သို့ဆိုတော့

"အဖိုးနတ် သည်ရောက်နေတာကြာပြီလား.. ဝက်ကိုက်မြောင်များ သုသာန်ကိုရောက်သွားလောက်ပြီထင်နေတာ.." သို့ပြောလိုက်လေ၏။

"ဟာကောင်ရ.. ငါမင်းတို့ကို ခေါ်သွားမယ်ပြောပြီးပြီရှလကွာ. နို့ဆိုတော့ ငါတစ်ယောက်တည်းသွားလို့ ဘယ်ဖြစ်မှာတုန်း၊ ကဲ..ကဲ.. မင်းတို့ စားစရာလိုအပ်နေတယ်မဟုတ်လား၊ သည်တိုက်


www.burmeseclassic.com

www.burmeseclassic.com

ကစားစရာမရနိုင်ဘူး‥ သည်တော့ သည်ကဒွတ်သီးမှည့်တွေကို ပဲ စားကြတာပေါ့ကွာ‥"

သို့ဆိုလျက် အဖိုးအိုနတ်က ကဒွတ်သီးများကို ပုဆိုးခါးပိုက်ထောင်တွင်ထည့်၍ သူ့ထံလျှောက်လာလေတော့၏။

"အဖိုးကလဲ‥ အားနာစရာ‥ ကျွန်တော့်ဘာသာခူးပါ့မယ်‥"

ဖိုးကလဲက ပြောလေ၏။အဖိုးအိုနတ်က ပြုံး၍ ကြည့်လာချေပြီး‥

"လုပ်မနေစမ်းပါနဲ့ လာ‥ ပြန်သွားကြမယ်‥ ဟိုရောက်မှ မျှတစားကြတာပေါ့‥ အေး‥ တခုတော့ရှိတယ်‥ သည်မယ်ညအိပ်လို့တော့ မဖြစ်ဘူးနော်‥"

"ဘာလို့လဲ"

ဖိုးကလဲက အံ့ဩတကြီးမေးလေ၏။

"သည်ဝါးရုံတောမယ် တောဆင်ရိုင်းတွေလာတတ်တယ်"

"ဗျာ‥"

သို့မှ အဖိုးအိုနတ်နှင့် ဖိုးကလဲသည် ကြခတ်ဝါးရုံရှိရာသို့ ပြန်ခဲ့ကြ၏။

သို့အချိန်တွင် စိန်မင်းသည် မျောက်သံတို့ကို နားစွင့်၍ သွားခဲ့ရာမှ မမျှော်လင့်ဘဲ မျောက်ကောင်တို့ကို ဘွားကနဲ လှမ်းတွေ့လိုက်ချေ၏။

မျောက်တို့သည် စိန်မင်းကိုကြည့်၍ ဆူညံအော်ဟစ်နေကြချေတော့၏။

"ကွစ်‥ကွစ်‥"





"ကွိ‥ကွိ‥ကွစ်‥ကွစ်‥"

"ကွစ်‥"

"ဟာ‥သည်ကောင်တွေတော့ကွာ‥"

စိန်မင်းက ဘာရယ်မဟုတ် အလွယ်တကူတွေ့လိုက်သော ကျောက်ခဲတစ်လုံးကိုကောက်ယူ၍ ဆူညံနေသော မျောက်များထံသို့ ခြောက်လှန့်ပစ်လိုက်သည်ဆိုပြား‥

"ဟာ‥"

"ကွိ‥ကွိ‥ကွိ‥"

"ကွစ် ‥ ကွစ်‥ ‥ကွိ"

"ကွိ‥ကွစ်‥"

"ကွိ‥"

မျောက်အုပ်မှ ကံဆိုးရှာသော မျောက်ကောင်၏ ဦးခေါင်းဆီသို့ မှန်သွားလေသဖြင့် ထိုမျောက်ကောင် ပင်ထက်မှ ပြုတ်ကျလာချေ၏။

"ဟား‥ဟား‥ဟား‥ မိုက်တယ်ကွာ‥"

စိန်မင်းက ဝမ်းသာအားရဖြစ်ကာ ထိုမျောက်သေကောင်ထံသို့ တိုးကပ်သွားလိုက်၏။

မျောက်ကောင်ကို စေ့စေ့ကြည့်လိုက်၏။

လုံးဝငြိမ်သက်သေဆုံးလေပြီပဲ‥ ဒီဆိုတော့ သူ ထိုမျောက်ကောင်သေကို ကောက်ယူလိုက်၏။

"ဒီးလဲ"

"ဟာ‥"

သူထင်မှတ်မထားသော တိုက်ခိုက်ခြင်းကို ခံလိုက်ရချေ၏။


www.burmeseclassic.com

www.burmeseclassic.com

မျောက်ကောင်ကိုသူအာရုံရောက်နေလေခြင်းကြောင့် အနီးသစ်ပင်ကိုင်းထက်မှ အခြား မျောက်ကောင်၏ ဝင်ရောက်တိုက်ခိုက်ခြင်းကို ခံလိုက်ရ၏။

လက်မောင်းမှ ပူကနဲ တစ်ချက်ဖြစ်သွား၏။ ပူးနွေးသော သွေးတို့ ယိုစီးကျလာချေ၏။

"မျောက်မသားကောင်.."

သူ့ကိုတိုက်ခိုက်လိုက်သောမျောက်ကောင်ကို ခဲတလုံး ကောက်ယူပစ်လိုက်၏။ ထိုမျောက်ကောင်ရှောင်တိမ်းပြေးထွက်သွားလေတော့၏။ သူ့အားတိုက်ခိုက်လိုက်ရခြင်းကို ကျေနပ်သွားပုံပင် နောက်လှည့်မကြည့်ပါတော့ချေ။

သို့ဆိုတော့ စိန်မင်းတစ်ယောက် မျောက်ကုတ်ဒဏ်ရာဖြင့် ကြခတ်ဝါရုံဆီသို့ ရောက်လာလေတော့၏။

"ဟာ.. မင်းဘယ်လိုဖြစ်တာတုန်း"

ဘစိန်က မေးလေ၏။ စိန်မင်းက ဘစိန်ကိုကြည့်လိုက်၏။ ဘစိန်နားတွင် အဖိုးအိုနှင့် ဖိုးကလဲပါကလား..။

သူက ဖြစ်ကြောင်းကုန်စင်ပြောပြလိုက်၏။

"ကျွန်တော့်ကို မျောက်ကုတ်သွားတယ်.. ဘယ်လိုလုပ်ရမလဲ.."

"လွယ်တယ်ဆိုပေမင့် တကယ်တော့ အောင့်အီနေဦးပေါ့"

အဖိုးအိုနတ်က ဘာကိုဆိုလိုတာပါလိမ့်..။

"ဘာတုန်းအဖိုးနတ်.."

"အေး.. မျောက်ကုတ်တဲ့ဒဏ်ရာကို ဆေးကုဖို့ဆေးနည်းသိပေမင့် လောလောဆယ်မရှိလို့ပေါ့ကွ.."





"ဘယ်လိုဆေးလည်း ပြောပါဦး"

ဖိုးကလဲက မေးလေ၏။

"ဟင်း..ဟင်း.. မင်းလုပ်ပေးနိုင်မယ်မထင်ဘူး.."

"ဘယ်လိုဖြစ်ဖြစ် အဖိုးနတ်ရယ်.. ကျွန်တော်သူငယ်ချင်းအတွက် မရမနေ ရှာပေးပါမယ်.."

"မင်းသူငယ်ချင်းကို မင်းကူညီချင်တာပေါ့.."

"ဟုတ်တယ်..အဖိုးနတ်.."

"ဘယ်လောက်ခက်ခက် ဟုတ်ပြီလား.."

"ဟုတ်ပါ"

"ဟုတ်ပြီ.. သည်ကိုလာချေ.."

အဖိုးနတ်ခေါ်ရာသို့ ဖိုးကလဲ သွား၏။

အဖိုးအိုဘာဆက်ပြောမည်ကို နားထောင်နေလိုက်၏။

"မင်းက သည်မယ်စောင့်ကြောင့်ထိုင်ချေ.."

စိန်မင်းကိုပြောလိုက်၏။

စိန်မင်းက အဖိုးအိုပြောသလို စောင့်ကြောင့်ထိုင်လိုက်၏။

"မင်းမျောက်ကုတ် ဒဏ်ရာရှိတဲ့လက်ကို ဆန့်ထုတ်လိုက်ဟုတ်ပြီ.."

"ကဲ.. ဖိုးကလဲက သူ့မျောက်ကုတ်ဒဏ်ရာပေါ်ကို ရှူရှူပေါက်ထည့်လိုက်ချေကွာ.."

"ဗျာ.."

"ဟင်"

သို့ဆိုတော့ ဖိုးကလဲတစ်ယောက် အဖိုးအိုကို နားမလည်နိုင်စွာ ကြည့်လိုက်ချေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ‥ ငါပြောတာ မလုပ်နိုင်ဘူးလား‥"

"ဟုတ်ပါဘူး‥ ကောင်းပါ့မလား‥"

"ဟကောင်ရ‥ မင်းတို့လဲအသိဉာဏ်ခေါင်းပါးလိုက်တာ‥ လူသေးကလည်း ဆေးဖက်ဝင်တယ်ကွ‥ မင်းတို့သိချင်လျှင်ငါပြောပြမယ်‥ လောလောဆယ်တော့ ငါပြောသလို လိုက်လုပ်ချေ‥"

သို့ဆိုတော့ ဖိုးကလဲတစ်ယောက် စိန်မင်း၏ မျောက်ကုတ်ဒဏ်ရာပေါ်သို့ ရှုရှုံ့ပေါက် ထည့်လိုက်ချေတော့၏။

"အလား‥လား‥စပ်တယ်ဗျာ ‥ စပ်တယ်‥"

"စပ်တာလေးကိုတောင့်ခံလိုက်‥ မင်းတွက် အကျိုးရှိပါလိမ့်မယ်‥မင်းတို့မှတ်ထားချေ‥ လူကိုက်ခံရတာပဲဖြစ်ဖြစ်၊ မျောက်ကုတ်ခံရတာပဲဖြစ်ဖြစ်၊ ကျင်ငယ်ရေသာလိမ်းပေးချေဗျာ‥ အလွန်အကျိုးရှိတယ်‥"

"ဗျာ ‥"

"ဟင်"

"ကျုပ်ကြားဖူးတာကတော့ ရွှေကိုရေစိမ် လိမ်းပေးရဆိုပဲ"

"ဟကောင်ရ သည်လိုနေရာမယ်‥ ရွှေဘယ်မှာရှိမှာတုန်း။ မင်းတို့ဆီမှာလဲငါမတွေ့ဘူး ‥ သည်တော့ သည်နည်းက အကောင်းဆုံးပဲပေါ့ကွ‥"

"နို့ဖြင့် အဖိုးနတ်ပြောပါဦး‥ လူသေးက ဆေးဖက်ဝင်တယ်ဆိုတာ အခြားဘယ်လိုတွေရှိနိုင်ဦးမလဲ‥"

ဖိုးကလဲက မေးလေ၏။

"လူသားရဲ့ဆံပင်ကို မီးမြှိုက်ပြာချပြီး နှင်းဆီပန်းရည်တွင်ရောမွှေပြီး ကိုယ်ဝန်ဆောင်အမျိုးသမီးခေါင်းရင်းမှာ ထားမည်ဆိုလျှင် မွေးရဖွားရလွယ်တယ်ကွ‥၊ ခွေးကိုက်ခံရမယ်ဆိုလျှင် ဆံပင်ကိုရှာလကာရည်စိမ်ပြီး ခွေးကိုက်တဲ့ ဒဏ်ရာပေါ် လူးထားလျှင် ပျောက်ကင်းနိုင်တယ်ကွ‥"

အရွယ်မရောက်သေးတဲ့ ကလေးရဲ့ကျင်ငယ်ရေကို ခွက်ထဲထည့် အပူပေးပြီး ဂွမ်းစနဲ့ စွတ်စိုစေပြီး မျက်စိနာသူရဲ့ မျက်စိမှာကပ်ပေးရင် မျက်စိနာပျောက်တယ်ကွ‥။ မနက်စောစောအိပ်ယာထခါစ အစာမစားခင်ထွက်တဲ့ တံတွေးကို ပိုးမွှားကိုက်တဲ့နေရာကို ပွတ်လိမ်းပေးလျှင် အတိုင်းမဲ့အကျိုးရှိတယ်ကွ‥ ။ အမျိုးသမီးရဲ့ နို့ရည်ကို ပျားရည်နဲ့ရောပြီး သောက်လျှင် ဆီးအိမ်ကျောက်တည်ရောဂါ ပျောက်တယ်ကွ ‥ ဒဏ်ရာရလို့သွေးထွက်လွန်လျှင်ဖြင့်လည်း ကျင်ငယ်ရည်လောင်းခြင်းအားဖြင့် သွေးတိတ်စေတယ်လေ ‥ ခုပဲကြည့်လေ‥‥"

"ဟုတ်သားကလား‥ စိန်မင်း၏လက်မှ သွေးတို့ယိုစီးခြင်းမရှိပါတော့ချေ‥"

"နောက်ရှိသေးလား‥ အသုံးဝင်မယ့်ဆေးနည်းတွေပေါ့‥"

"သိပ်ရှိတာပေါ့‥ နို့ပေမင့် မင်းတို့သည်လောက်ပဲ သိသင့်တယ် ‥၊ ဆရာစားဆိုတာထားရသေးတယ်ကွ‥"

"သည်လောက်သိရလျှင်ပဲ ကျေးဇူးတင်ပါတယ်‥"

"အေး‥တစ်ခုတော့ရှိတယ်နော်‥ ဘယ်ကိစ္စမျိုးမဆို‥ ယုံကြည်မှုက အဓိကပဲနော်‥၊ ယုံကြည်လျှင်တော့ စမ်းကြည့်ကြချေပေါ့ကွာ‥"







www.burmeseclassic.com

www.burmeseclassic.com

"ကဲ‥ကဲ‥ ငါတို့တွေ သည်းမယ်စားသောက်ကြပြီးလျှင် သွားကြမယ်။ သည်မယ် ကြာကြာနေလို့ မဖြစ်ဘူး‥ နေစောင်းလာတာနဲ့ အန္တရာယ်ပိုလာတာပဲ‥"

"ဘာလို့လဲ ဖိုးနတ်"

"ဟကောင်ရ‥ တောဆင်ရိုင်းတွေ သည်ဝါတောထဲ ရောက်လာတော့မှာပေါ့ကွ‥"

"ဗျာ"

"နို့ဖြင့် ခုပဲသွားကြတာပေါ့‥"

"ဟင်း‥ဟင်း‥ဟင်း‥ အဲလောက်လဲလောစရာမလိုပါဘူး။ သည်မျောက်ကောင်ကို အသားဖျက် တစ်စို့ထိုး မီးကင်ကြတာပေါ့ကွာ‥"

ဖိုးနတ်ပြောသလို ဖိုးကာလဲတစ်ယောက် သွက်လက်စွာလုပ်ချေတော့၏။

သို့ဆိုတော့

မကြာမီမျောက်ကောင်ကျက်သွား၏။ သူတို့အားပါးတရစားကြ၏။ သို့မှ နေစောင်းလုတွင် ထိုနေရာလေးမှ ထွက်ခဲ့ကြချေတော့သည်။

သို့ဆိုတော့ ဘစိန်တစ်ယောက် ဖိုးနတ်ကို မျက်ခြေပြတ်မခံပါချေ‥‥။ ဖိုးနတ်နှင့် နီးနီးကပ်ကပ် တောတိုးလျှောက်လေ၏။

သို့မှ သူတို့တောတန်းတစ်ခုသို့ ရောက်လာသည်တွင်

"မင်းတို့ကို ငါတစ်ခုကြိုပြောထားရဦးမယ်‥"

"ဘာများလဲ‥ ဖိုးနတ်‥"





"သုသာန်ကို ရောက်တော့မယ်‥။ လက်တလောနေစရာမရှိတော့ကာ ဖြစ်သလိုကြုံသလိုအိပ်ရမှာနော်‥ မောင်စပျိုးရောက်သွားမှာဆိုတော့ ကြောက်ရွံ့တာတွေဘာတွေ မရှိကြဘူးမဟုတ်လား"

"ဘယ်လိုဖြစ်နိုင်မှာလဲ‥ ‥ဖိုးနတ်ရယ်‥ ဘာကြောက်ရမှာလဲ သုသာန်ကုန်းဆိုတိုင်း ကြောက်ရမှာလား‥‥

"အေး‥ အဲလို သတ္တိမျိုးမှငါက ကြိုက်တာ‥ ကဲ ကဲ လာကြချေ‥ ငါ့နောက်ကနေ လိုက်ခဲ့ကြချေ‥"

"ငါကရပ်ဆိုရပ်‥ သွားဆိုလျှင်သွား‥ ဟုတ်ပြီလား‥"

"ဟုတ်ကဲ့ပါ‥"

သို့မှ သူတို့သည် ဖိုးနတ်နောက်မှ ထပ်ကြပ်မကွာလိုက်သွားကြချေတော့၏။ လမ်းတလျှောက် အဖိုးနတ်တစ်ယောက်မည်သူနှင့်မျှ စကားပြောဆိုခြင်းမရှိပါချေ‥။ ဖိုးကာလဲ၊ စိန်မင်းနှင့် ဘစိန်တို့သည်ပင် ခရီးထွက်စထွက်ကာစက ရောက်တတ်ရာရာ စကားစမြည်းပြောကြပေမင့်လည်း ခရီးအတန်ငယ်ပေါက်ခဲ့သည့်မှ စ၍ စကားပြောဆိုခြင်းမရှိကြပါတော့ချေ‥။

"ဖိုးနတ်ဘာလို့များ စကားမပြောတာပါလိမ့်‥"

ဘစိန်က တိုးတိုးပြောလိုက်ချေ၏။ သို့ဆိုရာတွင်

"လမ်းလျှောက်နေရတာ ပင်ပန်းတယ်‥ သည်ကြားစကားစမြည် ပြောမယ်ဆိုလျှင်ဖြင့် ပိုပြီး ပင်ပန်းတယ်‥ ပြီးတော့ အာရုံက ပြောင်းသွားတော့ လမ်းမှားနိုင်တယ်‥"

"ဗျာ‥ ဘယ်လို လမ်းမှားနိုင်တယ် ဟုတ်လား‥"

"အေးလေကွာ‥"

"မဖြစ်နိုင်ဘူး‥ လမ်းကရှင်းနေတာပဲ‥"


www.burmeseclassic.com

www.burmeseclassic.com

ဘစိန်က မကြေမနပ်ပြောလိုက်၏။ ဖိုးကာလဲနှင့် စိန်မင်းကို လည်းလှည့်ကြည့်လိုက်၏။

"လမ်းရှင်းနေတာကိုက လမ်းမှားစရာအကြောင်းပဲကွ"

"ရှင်းအောင်ပြောပါလား ဖိုးနုတ်"

ဖိုးကာလဲက ဝင်မေးလိုက်၏။

"မင်းတို့ရှေ့က မန်ကျည်းပင်ကြီးကို တွေ့လား။ မြင်လား။"

"တွေ့တယ်·· မြင်တယ်··"

"ဘာထူးခြားလဲ ··"

ဖိုးနုတ်က သို့မေးလိုက်သည်တွင် ဘစိန်ကော ဖိုးကာလဲပါ ထိုမန်ကျည်းပင်ကြီးကို စေ့စေ့ကြည့်လိုက်ကြပြန်လေပြီး··

"ဟာ··ဟုတ်ပြီ··ဟုတ်ပြီး·· မှတ်မိပြီ···ကျွန်တော်တို့သည်အပင်ကြီးနားရောက်ခဲ့သေးတာပဲ··ဒီလိုဆိုတော့ ကျွန်တော်တို့ မျက်စိမှောက်·· တောမှောက်နေပြီပေါ့··"

ဖိုကာလဲက ထိတ်လန့်တကြားပြောလိုက်၏။

"အေးဗျာ·· သည်အပင်နား ကျွန်တော်တို့ ရောက်ဖူးသလိုလိုပဲ··"

ဘစိန်ကလည်းပြောလေ၏။

စိန်မင်းကတော့မူ မည်သည့်စကားကိုမျှမပြော ။ ဖြစ်ချင်တာဖြစ် ဆိုသည့် စိတ်ဖုံးဖုံးချထားပုံပင်။

"နို့ကြောင့် ငါပြောတာပေါ့·· လမ်းရှင်းလေ·· လမ်းမှားစရာအကြောင်းရှိလေဆိုတာကိုပေါ့·· ကြည့်လေ သည်လို နေရာသည်လိုအပင်မျိုးကို တွေ့ရဦးမယ်· သည်တောသည်တောင် မလာဖူးမသွားဖူးသူဆိုလျှင်ဖြင့် မျက်စိမှောက်သွားနိုင်တယ်··။ သူ့ကိုယ်သူ တောမှောက်ခံရပြီထင်သွားနိုင်တယ်··။တကယ်တော့ ငါတို့သွားနေတာ လမ်းမှန်ပဲကွ··နို့ပေမင့် သည်လိုအပင်မျိုး သည်လိုနေရာမျိုး ·· နှစ်ခုလောက်ကြုံရလိမ့်ဦးမယ်·· မဟုတ်ဘူးဆိုလို့ကတော့ ငါတို့ လမ်းလွဲနေပြီ·· နို့မှမဟုတ် သည်လိုနေရာသည်အပင်မျိုး နောက်ထပ်နှစ်နေရာ မရောက်လျှင် ငါတို့ လမ်းလွဲတာပဲကွ··"

"ဗျာ··"

"ဟင်"

"အို"

သို့ဆိုတော့ သုံးယောက်စလုံး အဖိုးနုတ်ကို နားမလည်နိုင်စွာ စိုက်ကြည့်နေလိုက်ကြချေတော့၏။ ပြီးမှ

"နို့ဖြင့်· အဖိုးနုတ် လမ်းကောင်းကောင်းသိပါတယ်နော်· မမှားလောက်ပါဘူးနော်··"

"အေး·· အဲဒီတွက် မင်းတို့ ငါ့ကိုဘာမှ မပြောနိုင်းနဲ့·· နို့မဟုတ်လို့ကတော့ ငါလဲစိတ်တွေထွေပြားပြီး ဒုက္ခရောက်နိုင်တယ်လေ···"

"နို့ဆိုတော့လည်း ဖိုးနုတ်စိမ်းချမ်းသာသလို သွားပါ။ လာပါ။ ကျွန်တော်တို့ အနှောက်အယှက်မပေးတော့ပါဘူး··။ နို့·· သုသာန်ဆိုတာကိုရော ရောက်လုပြီလား··"

ဘစိန်ကမေးလေ၏။

သို့ဆိုတော့· အဖိုးနုတ်က စဉ်းစားဟန်ပြုလိုက်ချေပြီး··

"အင်း ငါစိတ်ကူးနဲ့ ငါဆို··မှားစရာအကြောင်းလုံးဝမရှိဘူး··"







www.burmeseclassic.com

www.burmeseclassic.com

သို့ပြောပြီး ရှေ့ဆက်တောတိုးသွားပြန်၏။

ဘစိန် ၊ ဖိုးကလဲ နှင့် စိန်မင်းတို့သည် ဖိုးနတ်နောက်မှ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် လိုက်သွားကြပြန်၏

သို့မှ တစတစမောင်စပြုလာသည်တွင်

"မရောက်နိုင်သေးဘူးလား"

ဖိုးကလဲက မနေနိုင်မထိုင်နိုင်ဖြင့် မေးလေတော့၏။

ဖိုးနတ်က မည်သည့်စကားမျှမပြော၊ သွားမြဲသွားနေသဖြင့်

"ဖိုးနတ်...ငါတို့ကို သက်သက်ပတ်ခေါ်လာတာလားမသိဘူး.."

"ရှူး..တိုးတိုးပြောပါကွ.."

ဘစိန်ကဟန့်တားလေ၏။

"ဟာ.. ဘစိန်ကလည်း မှောင်စပျိုးနေပြီ.. မရောက်နိုင်သေးဘူး .."

"ဟား..ဟား..ဟား.. ဘာလဲ မင်းက ငါ့ကို မသင်္ကာဖြစ်နေတာလား.. မင်းပြန်စဉ်းစား မင်းတို့ကို ငါကလိုက်ခဲ့လို့ အတင်းခေါ်လာတာမဟုတ်ဘူး.. မင်းတို့သဘောနဲ့ မင်းတို့ လိုက်လာကြတာပဲ.. မင်းလိုက်ချင်လိုက်.. မလိုက်ချင်လည်း ပြန်ပေါ့.. နို့မဟုတ်လည်း နေခဲ့ချေ.."

ဖိုးနတ်က သို့သာပြောလေပြီး သူ့လမ်းသူဆက်သွားလေတော့၏။

"ဖိုးကလဲ .. မင်းကတော့ကွာ.. လုပ်ပြီ.. မင်း ဖိုနတ်ပြောသလို နေချင်နေခဲ့ .. လှည့်ပြန်ချင်ပြန် .. ငါတို့ကတော့ ဖိုးနတ်နောက်လိုက်မှာပဲ .. တညလုံးပဲ မှောင်မှောင်မည်းမည်း






စမ်းတဝါးဝါး လျှောက်ချင်လျှောက်ရပါစေကွာ..

ဘစိန်က သို့ပြောလေတော့၏။

"ဟင်း..ဟင်း.." ဖိုးနတ်ယဲ့ယဲ့ပြုံးရယ် လိုက်ချေ၏။

"ဟွန်း.."

ဖိုးကလဲ တစ်ယောက် မကျေမနပ် ဖြစ်သွားပေမင့် သူတစ်ယောက်တည်းလှည့်ပြန်၍လည်းမဖြစ်၊ နေခဲ့၍လည်းမဖြစ်သည့်အတွက်ကြောင့်.. နောက်မှ လိုက်သွားရပြန်လေသတည်း။

"အား .."

"အာ.."

အလိုလေးဗျာ.. သို့တောတိုးသွားကြရင်းမှ သို့နှင့်သလို ညကြီးအချိန် ကျိုးကန်းကောင်၏ အော်ဟစ်သံကြောင့် ရုတ်ဘရက် ထိတ်လန့်သွားတော့၏။

သို့ပေမင့်လည်း အသံလာရာသို့ မော့ကြည့်လိုက်ကြ၏။

"ဟင်"

ခုမှ ကြည့်မိသည်ကို.. လသာသာ လဝန်းကြီးရှေ့တွင်သစ်ပင်ကြီးတပင်တွင် ကျိုးကောင်ရှိနေခြင်းက ကြည့်ကောင်းသေးတော့၏။

ထိုကျိုးကန်းကောင် အော်ဟစ်ခြင်းဖြစ်သည့်ကြောင့်

"သည်ကျိုးကောင်က ခပ်သေးသေးလေးကွ.."

စိန်မင်းက ပြောလေ၏။

"ဟ .. တောကျိုးကန်းတွေက မြို့ကျိုးကန်းတွေထက် သေးတယ်ကွ.. မြို့ကျိုးကန်းကောင်က ၁၇ စင်တီမီတာလောက်ရှိပေမင့် တောကျိုးကန်းတွေက ၁၄ စင်တီမီတာလောက်ရှိတာ


www.burmeseclassic.com

www.burmeseclassic.com



ကလား..."

သို့ပြောလိုက်ခြင်းက ဖိုးနှတ်ဖြစ်ချေ၏။

"အေး...တစ်ခုရှိတယ်.. တောကျိုးကန်းတွေက လုံးလုံးဝဝလေးတွေကွ.. ဟင်း..ဟင်း.."

"သည်ကျိုးကောင်က သင်းကွဲတစ်ကောင်နဲ့တူတယ်.. ညကြီးမင်းကြီး.."

ဘစိန်က ပြောလေ၏။

"မဟုတ်ဘူး.. အုပ်နဲ့သင်းနဲ့နေကြတာ.."

"ကျွန်တော်အထင်တစ်ကောင်ပဲထင်တယ်.. အဲဒီကောင်"

သို့ဆိုတော့.. ဖိုးနှတ်က ဘစိန်ကို လှည့်ကြည့်လာချေပြီး

"သူက ခေါင်းဆောင်ကျိုးကန်းလေ.. သူ့နောက်လိုက်တွေက ပတ်ဝန်းကျင်က အပင်တွေမှာရှိကြတယ်.. သူနဲ့တော့ ယှဉ်ပြီး ဘယ်အကောင်မှမနေကြဘူး.. ဟင်း ဟင်း လူတွေလိုပေါ့ကွ.. ခေါင်းဆောင်က ခွဲထွက်နေတာလေ .. ဟင်း..ဟင်း"

သို့ဆိုတော့ ဘစိန်တို့ သုံးလေးယောက် ထိုအပင်အနီးတဝိုက်ရှိ သစ်ပင်တို့ကို စေ့စေ့ကြည့်လိုက်၏။

"မတွေ့ဘူး.."

"ဟ.. တွေ့ပါ့မလား.. ကျိုးကောင်တွေက အမည်းတွေလေ.. ခပ်မှောင်မှောင်ဆိုတော့ မြင်နိုင်ဖို့ ခဲယဉ်းတယ်.."

"ငြိမ်သက်နေလို့ပေါ့.. နို့မှမဟုတ်.. မင်းတို့ မြင်နိုင်ပါတယ်.."

ဖိုးနှတ်က သို့ပြောပြီး ခဲတလုံးကို ကောက်ယူ၍ လှမ်းပစ်





လိုက်ချေတော့၏။

"အာ.."

"အာ.."

"အား..အား..အာ..."

အလိုလေဗျာ.. ဟုတ်ပါ့ ခဲလုံးနှင့် ပစ်ခတ်ခံရမှုကြောင့် ခဲလုံးထိမှန်သွားသော သစ်ကိုင်းတစ်ခုမှ ကျိုးကောင်များ အော်ဟစ်ပျံသန်းသွားသည့်နောက် အခြားအပင်တွင် ရှိ ကျိုးကောင်တို့သည်လည်း လန့်ဖျတ်ပျံသန်းသွားကြတော့၏။

တစ်တောလုံး ဆူညံသွားတော့၏။

"သူတို့ အိပ်တန်းဝင်နေကြပြီပဲ.. ဘာလို့ ခြောက်လှန့်လိုက်တာလဲ.."

ဖိုးကာလဲက ဖိုးနှတ်ကို အပြစ်ဖွဲ့ပြောလေတော့၏။

"သူတို့အိပ်တန်းဝင်ပြီလို့ မင်းဘယ်လိုပြောနိုင်လဲ.."

"နို့က မဟုတ်ဘူးလား.."

"မဟုတ်ဘူး..သူတို့အိပ်တန်းက သုသာန်မှာ ..."

"ဗျာ.."

"ဟင်"

"အို"

"ကဲ..ကဲ.. သူတို့ကို ငါတို့က အိပ်တန်းဝင်ခိုင်းလိုက်တာကြောင့် ဘာများလို့လဲ.."

ဖိုးနှတ်က သို့ပြောပြီး ရှေ့ဆက်လျှောက်သွားလေတော့၏။

လသာသည်ဆိုပေမင့် သစ်ပင်ကြီးများကြောင့် လရောင်အလင်းမြေပြင်သို့ကျဆင်းလာခြင်း သိပ်မရှိသဖြင့် မှောင်လို့နေချေ၏။



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကြီးခပ်ကြဲကြဲနေရာရောက်မှ အလင်းရောင် ရေးရေး မြင်ရခြင်းဖြစ်၏။

သို့မှ

"ဟင်"

"ဘာနဲ့လဲဗျာ‥"

"အို‥ ပုပ်စော်နံတယ်"

သို့ဆိုသလို ဖိုးကလဲ၊ စိန်မင်းနှင့် ဘစိန်တို့ ကြက်သီးမွေး ညှင်းထသွားကြတော့၏။

"အသေကောင်အပုပ်နံ့တွေများလား‥"

ဘစိန်က ပြောလေ၏။

"ကျွန်တော်တို့သွားတဲ့ခရီး မရောက်သေးဘူးလား‥"

ဖိုးကလဲက မေးသေ၏။

စိန်မင်းတစ်ယောက် ဘာမှ မမေးသော်လည်း လွှန်မင်းစွာ ကြောက်ရွံ့နေပုံပင်။

"သည်အပုပ်နံ့တွေက ငါတို့ သုသာန်ကို ရောက်နေပြီဆို တာ ပြောနေတာပဲ‥"

"ဗျာ ‥"

"ဟင်‥"

"အမလေး‥ လေး‥"

ဖိုးနတ်စကားသံကြောင့် ဖိုးကလဲတစ်ယောက် တုန်လှုပ်သွား တော့၏။ သို့မှ

"ဒုတ်"

"ဟာ"





မြေပြင်မှ တစ်ခုတစ်ရာခလုပ်ထိမိကာ ရှေ့သို့ ဟပ်ထိုးလဲ ကျသွားချေ၏။

"ဖိုးကလဲ‥ ရလား‥ရလား‥"

သူ့နောက်တွင်ရှိ စိန်မင်းက ကပျာကသီ ဖိုးကလဲကို လှမ်း၍ ဆွဲထူမေးလိုက်၏။

"ငါတို့ရှေ့နားကျ သစ်ပင်ကြီးတွေအောက်က လွန်သွားပြီ ဆိုလျှင်ဖြင့် အလင်းရောင် မြင်ရမှာပါ‥ ဘာကွာ တောနက် ထဲကနေ မြန်မြန်ထွက်ကြမယ်‥"

သို့ဆိုတော့‥ ဖိုးနတ်နောက်လိုက်သွားကြရပြန်၏။

အတန်ကြာ တောတိုးလျှောက်ခဲ့ရာမှ

"ဟာ‥"

"ဟင်‥"

"အို‥"

ကွင်းပြင်နေရာသို့ ရောက်လာကြ၏၊ လရောင်ကြောင့် မြေပြင်ကို ထင်းထင်းမြင်ရချေတော့၏။

မြေပုံမို့မို့ကလေးများနှင့် မှတ်တိုင်ယဲ့ယဲ့လေးများတွေ့လိုက် ကြ၏။

"နို့က သုသာန်ဆိုတာလား‥"

ဘစိန်က မေးလိုက်၏။

"ဟုတ်တယ်‥"

"ခရီးဆုံးပြီပေါ့‥"

"အင်း‥"

"ဟင်‥ နို့ဖြင့်‥ ကျွန်တော်တို့သည်မှာ ဘယ်ဂိုနေကြ



www.burmeseclassic.com

www.burmeseclassic.com

မှာလဲ..”

“ဟိုရှေ့နားက သစ်ပင်ကြီးကို ကြည့်လိုက်ချေ..”

သို့ဆိုတော့ လှမ်းကြည့်လိုက်ကြ၏။

ကွင်းပြင်အလယ်လောက်တွင် သစ်ပင်ကြီးတစ်ပင် တွေ့လိုက်ကြ၏။

ကုက္ကိုလ်ပင်ကြီးလားတော့မသိချေ။ အကိုင်းအခက် ဝေဝေစာစာ အရွက်အုပ်အုပ်ဖြစ်ချေ၏။

ထိုအပင်အအောက်တွင် လေးတိုင်စင်ဟု ပြောရမည့် တဲလေးတစ်ခုတွေ့လိုက်ကြ၏။

“ငါနေတာ အဲဒီမှာ.. သည်တော့ အဲဒီမှာ ခရီးဆုံး တာလေ”

သို့မှ သူတို့သည် ကုက္ကိုလ်ပင်ကြီးအောက် ရောက်သွားတော့၏။

“ဟင်”

“ဟာ”

“အို”

ထိုအပင်ပေါ်တွင် လူတစ်ယောက် ဆန့်ဆန့်ကြီး အိပ်နေချေ၏။ သို့တည်းမဟုတ် လူသေကောင်များလေလား..။

သို့တော့ မဖြစ်နိုင်..

“ခေါ်..ခေါ်..ခလူး.. ခေါ်..ခလူး.”

ထိုသူ့ထံမှ သို့ဟောက်သံကြရလေသဖြင့်.. လူရှင်တစ်ယောက်ဆိုသည်ကို သိလိုက်ကြချေ၏။

“ဟိုကောင် ဘယ်သွားလဲမသိဘူး..”

“ဟင်.. နို့ဖြင့် နောက်တစ်ယောက်ရှိသေးတာပေါ့..”





“ဟုတ်တယ်..”

“သူတို့လဲ သည်မှာနေကြတာလား..”

“ဟုတ်တယ်..”

“ကဲ..လာကြချေ.. ဟိုတစ်ကောင်တော့ ဘယ်သွားလဲ သိဘူး.. အင်း.. ငါးရှဉ့်သွားတူးသလား မသိဘူး..”

“ဗျာ.”

“ဘယ်လို..ဘယ်လို..”

“အော်..စားဖို့ ငါးရှဉ့်သွားတူးတယ်ထင်တယ်လို့ ပြောတာလေ..”

“ဟင်..နို့ဖြင့် သည်ငါးရှဉ့်တွေက..”

“ဟင်း..ဟင်း..ဟင်း.. ငါတို့ ပြန်လာတုန်းက အပုပ်နဲ့ တွေ့ရတယ်မဟုတ်လား.. အဲဒီကို သွားတူးတာ”

“အလိုလေးဗျာ.”

“ဟာ”

“ဟင်”

ဘစိန်၊ ဖိုးကာလဲနှင့် စိန်မင်းတို့သည် တစ်ယောက်ကို တစ်ယောက်အံ့သြတကြီးကြည့်လိုက်ကြချေတော့၏။

“ကဲ..ကဲ.. နားကြချေဦး.. ငါက သောင်းညာနေပြီ.. နားချေဦးမယ်..”

ဖိုးနတ်ကသို့ပြောပြီး အိပ်နေသူနံဘေးဝင်ပုံ၍ လိုက်ချေတော့၏။

“ခေါ်..ခေါ်.. ခလူး..ခေါ်..”

ဘုရားရေ.. အံ့ဖွယ်ကောင်းသေးတော့၏..။ အဖိုးနတ်


www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် ကြမ်းခင်းပေါ်လှဲချလိုက်လေသည်နှင့် သို့ဆိုသလို အိပ်ပျော်သွားတော့၏။ ပေါက်လို့ပင်နေသေးတော့၏။

သည်တော့မှ ဘစိန်တို့သည် ဖိုးနတ်နံဘေးလေးမှ အိပ်နေသူကို စေ့စေ့ကြည့်လိုက်ကြတော့၏။

"ဟာ"

"ဟင်"

"ဖြစ်နိုင်ပါ့မလား‥"

သုံးယောက်သား ထိုသူ့ကို မြင်လိုက်သည်နှင့် အံ့ဩသွားကြပြန်တော့၏။

"ဖိုးကာလဲ မင်းသူ့ကို ကောင်းကောင်းသိလို့လား ‥"

"သိတာပေါ့‥ သည်လူတွေ ဖာလာစခန်းသွားကြမယ် ဆိုပြီး ဘယ်လိုကြောင့် သည်ရောက်နေကြတာပါလိမ့်‥"

ဖိုးကာလဲက ပြောလေ၏။

စိန်မင်းကလည်း

"ဒါ‥ဒါ‥ ဂင်တိုတိုလူလေ‥ နို့ဆိုတော့ ငါးရှဉ့်သွားတူးတာက ပိန်ပိန်ပါးပါးလူဖြစ်မပေါ့ ‥"

"သိပ်ဟုတ်တာပေါ့‥ ငါပဲကွ‥"

အလိုလေးဗျာ‥ သို့အသံနှင့်အတူ ပိန်ပိန်ပါးပါး လူတစ်ယောက်သူတို့နောက်ရောက်လာလေ၏။

သူ့လက်ထဲတွင် ငါးရှည့်များလှုပ်လီလှုပ်လဲ့နှင့် ရှိနေချေတော့၏။

"မင်းတို့တွက် ငါကြိုပြီး ဖမ်းထားတာ‥"

"ဘာ‥ဘာကွ‥ သည်ငါးရှဉ့်တွေလား‥"





"ဟုတ်တယ်လေ‥ ဘာဖြစ်လဲ‥ ငါးရှဉ့်ကောင်းမှကောင်း‥ သူတို့တွေက အပုပ်ကောင်တွေကို အားပါးတရစား၍ ဝဝဖြိုးဖြိုးဖြစ်နေကြတာလေ‥ နို့ကြောင့် ငါတို့ကလည်း သူတို့ကို မြိန်ရည်ယှက်ရည် ပြန်စားကြတာပေါ့ ‥ဟင်း‥ ‥ဟင်း ‥ ငါးရှဉ့်ကျပ်တိုက်က မွှေးမွှေးလေးဆိုတော့မှ အငမ်းမရ မကြိုက်ကြနဲ့နော်‥ဟင်းဟင်း‥ မင်းတို့ကြောင့် ငါတို့ဖိုးနတ်ပင်ပမ်းသွားပြီ‥ ငါသည်ကောင်တွေကို မီးကင်ရဦးမယ်‥ ဖိုးနတ်က ငါးရှဉ့်ကင်သိပ်ကြိုက်တာကလား‥ ဟင်း‥ဟင်း‥ဟင်း‥"

သို့ဆိုလျက် ပိန်ပိန်ပါးပါးလူသည် ငါးရှဉ့်များကို ကိုင်ကာ ထိုနေရာမှ ထွက်သွားတော့၏။

ဝေးဝေးလံလံတော့ဖြင့် မဟုတ်။

ငါတို့တွေ ဘယ်လိုကြောင့် သည်ရောက်နေကြတာပါလိမ့်။ ငါတို့အိပ်မက်များမက်နေကြတာများလား‥။

ဘစိန်က သို့ ညည်းတွားပြောလေတော့၏။

ဖိုးကာလဲက အမှောင်ထုတွင် လှမ်းကြည့်နေလို့သာရှိချေ၏။ စိန်မင်းကတော့မူ ဖြစ်လိုရာဖြစ်စေရယ်လို့ စိတ်ဒုံးဒုံးချကာ ဟန်တူချေ၏။ ဖိုးနတ်နံဘေးတွင် ခွေခွေလေးဝင် အိပ်လိုက်ချေတော့၏။

သို့မှ

"အူ‥ဟူ‥ဂူး‥အူ‥"

"အား‥"

"အ‥အား‥အာ‥"

"အာ‥"



www.burmeseclassic.com

www.burmeseclassic.com


"ခွေးအတွေများလား.."

သုသာန်ကုန်းအလွန်တောနတ်အတွင်းမှ သို့ဆိုသလို ခွေးအူသံကြောင့် ဘစိန်ကပြောလိုက်၏။ သို့ခွေးအူသံအပြင် သူတို့ရှိနေသည့် သုသာန်ဝန်းကျင်အမှောင်ထုမှ ကျီးကောင်တို့အော်သံကလည်း သူတို့နှစ်ယောက်၏စိတ်ကို ခြောက်ခြားစေတော့၏။

သို့ချည်းပင်မဟုတ်..

"ဝေါ..ဝေါ..ဝေါ...ဝေါ..ဝေါ.."

"ဝူး..ဝူး..ဝူ.."

တောအုပ်ဘက်မှ သို့ဆိုသလို တော်လဲသံကြီးကလဲ ထွက်ပေါ်လာပြန်၏။

"ဘစိန်ဘာတွေဖြစ်နေတာလဲ.."

ဖိုးကာလဲက မျက်ကလဲဆန်ပြာ မေးလေ၏။

"တော်လဲသံခေါ်တာယ်.."

"တောခြောက်တာပေါ့.."

"အဲလိုပြောလည်းရတယ်.."

"ဟီး..ဟီး..ဟီး..ဟီး..ဟီး.."

"ဟင်း..ဟင်း.."

ရုတ်တရက်သူတို့ရှေ့ခပ်လှမ်းလှမ်းသစ်ပင်နောက်ကွယ်မှ အသံကြောင့် ဖိုးကာလဲပင်မဟုတ် ဘစိန်လိုလူကြီးသည်ပင် ထိတ်လန့်သွားတော့၏။

"ဘာလဲ..ဘာလဲ..ဘာလဲ.."

ဖိုးကာလဲက အိန္ဒြေပျက်စွာ မေးလာပြန်၏။



"ငါလဲ ဘယ်သိမလဲကွာ.."

"သူ့ရဲ..သူ့ရဲများလား.."

ဖိုးကာလဲက နေရာမှထလိုက်ကာ တဲပေါ်သို့ တက်မည်ဟန်ပြင်လိုက်သည်တွင်..

"မင်းကြောက်တတ်လွန်းပါကလား..။ ဘာကြောက်စရာရှိလို့တုန်း.. သရဲဆိုလျှင်လဲ အသံနဲ့ပဲငါတို့ကို ခြောက်လန့်လို့ပဲရတာကွာ။ သည်ထက်ပိုမယ်ဆိုလျှင်လည်း ကိုယ်ထင်ပြရုံပေါ့.. ကိုယ်ထိလက်ရောက်မလုပ်နိုင်ပါဘူး.. ထိုင်စမ်းပါကွာ.. မင်းကွာ.. ငါတစ်ယောက်လုံးရှိပါတယ်.."

ဘစိန်က သို့သာပြောပေမင့် သူကိုယ်တိုင်လည်း ထိုအသံလာရာသို့ စူးစူးစိုက်စိုက်ကြည့်နေရင်းမှ တုန်လှုပ်လို့နေချေတော့၏။

"ဘစိန်လဲ ကြောက်နေတာမဟုတ်လား.."

"ငါကြောက်တာမဟုတ်ဘူး.. ဒေါသထွက်လို့ကွ.. မယုံလျှင်ကြည့် ငါအဲဒီသွားပြမယ်.."

ဘစိန်ပြောသလို ဟုတ်သည်၊ မဟုတ်သည်ကိုမသိ၊ ဘစိန်တစ်ယောက် မီးစွဲနေသည့် ထင်းခြောက်တစ်ချောင်းကို မီးပုံမှ ထုတ်ယူလိုက်ကာ ထိုအမှောင်ထုအတွင်း တိုးဝင်သွားတော့၏။

"ဘစိန်.. ကျွန်တော့်တစ်ယောက်တည်း မထားခဲ့နဲ့လေ ကျွန်တော်လဲ လိုက်မယ်.."

ဖိုးကာလဲသို့ပြောပြီး..သူသည်လည်း ထင်းချောင်းတစ်ချောင်းကို ကောက်ယူကာ အရဲကိုးလျက် ဘစိန်နောက် လိုက်သွားတော့၏။

သူတို့နှစ်ယောက် စခန်းတဲနေရာလေးနှင့် ခပ်လှမ်းလှမ်းရောက်သည်တွင်မတော့ ဖိုးနတ်တစ်ယောက် အိပ်နေရာမှ ထလိုက်


www.burmeseclassic.com

www.burmeseclassic.com

ကာ တဲပေါ်မှ ဆင်းလိုက်ချေတော့၏။

စိန်မင်းတစ်ယောက် လုံးလုံးလျားလျားကြီးအိပ်ပျော်နေသေးတော့၏။ ပေါက်ခြင်းမရှိပေမင့် ပင်ပန်းလွန်း၍ထင် ညည်းတွားလို့တော့ဖြင့် နေသေးတော့၏။

သို့ အချိန်ကလေးတွင် ဘစိန်နှင့် ဖိုးကလဲသည် ညည်းတွားသံကြားသည့် သစ်ပင်နောက်ကွယ် အမှောင်ထုအတွင်း ရောက်သွားသည့်တွင်မတော့..

"ဟီး.."

"ဖျတ်..ဖျတ်..ဖလပ်..ဖလပ်.."

"အား."

"အ. အ..အား.."

အမှောင်ထုချုပ်ထူထူလေးတစ်ခုတွင်းမှ သို့ဆိုသလို သတ္တဝါတစ်ကောင် ဘစိန်အား ရုတ်ခြည်း တိုက်ခိုက်လာမှုကြောင့် ထိတ်လန့်တကြားဖြစ်သွားတော့၏။

"အား..."

ကြောက်လန့်တကြား အော်ဟစ်လိုက်၏။

"ဟား..ဟား ..ဟား .. ဟီး ..ဟီး..ဟား..ဟား..ဟား..ဟား.."

သူတို့ထိတ်လန့်တုန်လှုပ်ကြောက်လန့်တကြားအော်ဟစ်သံကို သို့ဆိုသလို ရယ်မောသံက ကျယ်လောင်လေသဖြင့် အသံလာရာသို့ လှမ်းကြည့်လိုက်ကြ၏။

"ကြောက်တတ်လိုက်ကြတာကွာ.."

"ဘာကောင်လဲ.. ဘာကောင်လဲ.. သူရဲ. တစ္ဆေကောင်







လား.."

ရယ်မောကာ သူတို့နားရောက်လာသော ဗိုးနတ်ကို ဖိုးကလဲက မေးလိုက်လေခြင်းဖြစ်တော့၏။

"သူရဲလဲမဟုတ်ဘူး.. တစ္ဆေလဲမဟုတ်ဘူး.."

"နို့ဖြင့်ဘာလဲ.."

"ငှက်"

"မဖြစ်နိုင်တာချည်း.. သည်မှောင်ရိပ်ချုပ်ပင်က ညည်းတွားသံကြောင့် လာကြည့်ကြတာ.. သည်ရောက်တော့ ညည်းသံတစ်ချက်မြည်ပြီး ကျုပ်တို့ဆီ တိုက်ခိုက်လာတာ ဘယ်လိုကြောင့် ငှက်ဖြစ်ရမှာလဲဗျာ.."

ဘစိန်က မကြေမနပ်ပြောလိုက်ချေတော့၏။

သည်တွင် ဗိုးနတ်က ဘစိန်တို့နှစ်ယောက်ကို အထင်သေးစွာကြည့်လိုက်ချေပြီး

"တောတောင်ထဲနေလာကြတယ်လဲဆိုသေးတယ်.. ဘာမှလဲမသိ.. ဗဟုသုတမရှိကြပါကလား..။ သနားစရာတွေပဲ..။ မှတ်ထား.. အဲဒီကောင်က သူရဲမဟုတ်.. တစ္ဆေမဟုတ်..ငှက်ကောင်ပဲကွ.."

"မဖြစ်နိုင်တာ..လူနာညည်းသလို ညည်းတဲ့အသံကို ကျုပ်တို့နှစ်ယောက်စလုံးကြားရတာ.. ဘယ်လိုငှက်ဖြစ်နိုင်မှာတုန်း.."

ဘစိန်က စောဒကတက်ပြောလေတော့၏။

သည်တွင် ဗိုးနတ်က သူတို့နှစ်ယောက်ကို စေ့စေ့ကြည့်လိုက်ပြန်လေပြီး..

"ဟင်း..ဟင်း.. အပါ့..နံ့ပါ့.. ဗဟုသုတနည်းပါ့..



www.burmeseclassic.com

www.burmeseclassic.com



မှတ်ထား‥ လူညည်းသံလိုအော်တတ်တဲ့ငှက်‥ငှက်ငွေ့သားလို့ခေါ်တယ်‥ အဲဒီကောင်ပေပဲ‥ ဘာသူ့ရဲ‥တစ္ဆေမှမဟုတ်ဘူး‥"

သို့ဆိုတော့ ဘစိန်နှင့် ဖိုးကလဲသည် ယုံလိုက်ကြချေတော့၏။

ဖိုးနှတ်ကို လျော့တွက်လို့မရပါကလား‥။

သို့မှ သူတို့စခန်းတဲသို့ ပြန်ခဲ့ကြတော့၏။

"မင်းတို့အိပ်လိုက်ကြဦး‥ နက်ဖြန်ခရီးထွက်စရာရှိတယ်"

"ဟင်"

သို့ဆိုတော့ ဘစိန်အံ့သြတကြီးဖြစ်သွားချေတော့၏။

"ဘာလို့လဲ‥"

"ငါ့တွက် အရေးကြီးတဲ့ကိစ္စရှိတယ်‥ သတင်းရထားတယ်။ ဖိုးထိန်ရဲ့ ပတ္တမြားကြီးသတင်းပေါ့‥"

"ဗျာ‥"

"ဟင်‥"

"နို့ဆိုတော့ ကျုပ်တို့ပါ ခင်ဗျားနဲ့ လိုက်ရမှာပေါ့‥"

"ဟုတ်တယ်‥"

သို့ဆိုသလို ဘစိန်တစ်ယောက် ကြိတ်၍ ဝမ်းသာသွားမိတော့၏။ ဖိုးနှတ်ခရီးထွက်လျှင် သူတို့ကို မခေါ်သွားမည်ကို စိုးရိမ်နေသောကြောင့်ဖြစ်ချေတော့၏။

ဟုတ်ပြီလေဆိုလျက် ဘစိန်နှင့် ဖိုးကလဲသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ခေါင်းဆတ်ညိတ်ပြလိုက်ချေပြီး တဲကြမ်းခင်းပေါ်တက်၍ လှဲချလိုက်ကြချေတော့၏။





ဖိုးနှတ်တစ်ယောက်မီးပုံဆီသို့ ထွက်သွားလေတော့၏။

သူအိပ်ပြီးလေပြီပဲ‥ ဖိုးနှတ်တယောက် ယင်းမီးပုံနံဘေးတွင် အချမ်းပြေအလို့ငှာ ထိုင်မီးလှုံနေလိုက်တော့၏။

သူ့မျက်စိထဲတွင် ဖိုးထိန်ကိုမြင်နေမိတော့၏။

ဖိုးထိန်မျက်နှာမြင်လိုက်သည်နှင့် ဒေါသထွက်သွားရချေ၏။

သို့ကြောင့် လူကြီးသူမတွေပြောခဲ့သည်ကို‥ ဘာတဲ့

"ခြေနစ်ချောင်းမကယ်ကောင်းတဲ့‥ ဟုတ်ပါ့‥ သနားလို့ သူခြေနှစ်ချောင်းပါဖိုးထိန်ကို ကယ်လိုက်မိ၏။ ကျေးဇူးရှင်ကို ကျေးစွပ်ခြင်းခံရတော့၏။ ဘိုးစဉ်ဘောင်ဆက်က သူ့ဘိုးဘွားပိုင် ပတ္တမြားကို သူကယ်ထားသည့် ဖိုးထိန်က ခိုးယူသွားလေသည်ပဲ‥ သို့ဆိုတော့ ဖိုးနှတ်တစ်ယောက် ဖိုးထိန်ကို အပြစ်ပေးရန် ခြေရာခံလိုက်ခဲ့ရာမှ လူသုံးယောက်နှင့်လည်း ဆုံလိုက်ချေတော့၏။

သူတို့တွေက ဖိုးထိန်နှင့် ပတ်သက်သူတွေဖြစ်၏။ ဖိုးထိန်ဆီက ပတ္တမြားကြီးကို သူတို့ရသွားကြသည်လေ‥။ သို့ကြောင့် ဖိုးထိန် ပတ္တမြားကြီးနှင့် ပတ်သက်၍ သူတို့သုံးယောက်အား သုသသန်သို့ လှည့်ဖြားခေါ်လာလေခြင်းဖြစ်၏။ သူထင်ထားသလို သူတို့တွင် ပတ္တမြားကြီးရှိပါက ပြန်လည်သိမ်းဆည်းရန် ဖြစ်ချေ၏။

သို့ဆိုတော့ ပထမအနနည်းသုံးရမည် မဖြစ်လာလျှင် အကြမ်းနည်းသုံးရပေရော့မည်။

မနက်ရောက်မှ သူတို့အားပွင့်ပွင့်လင်းလင်း မေးရပေမည်။

ဖိုးနှတ်တစ်ယောက် မီးလှုံနေရာမှ အနွေးဓါတ် အတော်ရရှိလာပြီဖြစ်ခြင်းကြောင့် ထိုနေရာလေးမှ ထွက်ခဲ့တော့၏။



www.burmeseclassic.com

www.burmeseclassic.com



တဲပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသော လူသုံးယောက်ကို ကြည့်လိုက်ချေပြီး

"အား. ." လို့ အော်လိုက်ချေ၏။

သို့အသံကြောင့် ဘစိန်တို့သုံးယောက် လှုပ်လှုပ်ရှားရှားခြင်းမရှိကြချေသဖြင့် ဖိုးနတ်တစ်ယောက် ဘာကို ကျေနပ်ပီတိဖြစ်သွားသည် မသိပါချေ. .။

"အာ. .အာ. ."

"အ. .အား. .အာ. ."

သူ၏ ကျီးကောင်လို အသံပြုလိုက်ခြင်းကြောင့် အမှောင်ထုအတွင်းရှိ သစ်ပင်တို့ ကိုင်းထက်မှ ကျီးကောင်တို့သည် သို့နှယ့် အော်ဟစ်ပျံ့ဝဲနေကြချေတော့၏။ သို့မှ တစ်ကောင်သော ကျီးကောင်သည် ဖိုးနတ်၏ ပုခုံးပေါ်သို့ လာရောက်နားလေတော့၏။

"အား. ."

"အား. ."

ကျီးကောင်က ဖိုးနတ်ပုခုံးထက်မှ နားနေရင်း တောင်ပံတဖျတ်ဖျတ်ခတ်ကာ သို့နှယ့်အော်ဟစ်နေချေ၏။

"ဆာနေပြီလား. . မင်းတို့တွက် နက်ဖြန် စားစရာ ငါလုပ်ပေးပါမယ်ကွာ. ."

"အာ. ."

ဖိုးနတ်က ကျီးကောင်ကို နားလည်သည့်အလား သို့ပြောလိုက်ချေ၏။ ကျီးကန်းသည် နားလည်သည့်အလား. . ဖိုးနတ်၏ ပုခုံးထက်မှ ပျံ၍ ထွက်သွားတော့၏။





အမှောင်ထုအတွင်း ကျီးကောင်တို့ ပျောက်ကွယ်သွားတော့၏။

သို့မှ ဖိုးနတ်သည် တဲပေါ်သို့ ခြေဖွနင်းကာ ကြမ်းခင်းပေါ်လှဲချလိုက်ချေတော့၏။ ကျောဆန့် ခြေဆန့်လိုက်ခြင်းသာဖြစ်၏။

မကြာမီအချိန်ကလေးတွင် ထိုနေရာရှိတဲလေးပေါ်မှ ဘုံးလုံးပက်လက်အိပ်ပျော်နေကြသော လူသားယောက်ျားတို့၏ ဟောက်သံသည် ကျယ်လောင်စွာ ထွက်လာကြချေတော့သည်။

"ခေါ်. .ခေါ်. .ခေါ်. .ခလူး. .ခေါ်. ."

"ခေါ် . .ခလူး. .ခေါ်. ."

"ခေါ်. .ခလူး. . "

"ခေါ်. .ခေါ်. .ခလူး. ."

သို့မှ အလင်းရောင်သည် သုဿန်သို့ တဖြည်းဖြည်း ကျရောက်လာလေတော့၏။

"ကျွစ်. ကျွစ်. .ကျွစ်. .ကျွစ်. . ."

အလင်းလုံ့လုံ့လောက်လောက် ကျရောက်လာလေသည်နှင့် တဲနံဘေးသစ်ပင်မှ သို့ဆိုသလို ဇီးကွက်ကောင်၏ အသံသာသာကို ကြားလိုက်ရသည်နှင့်အတူ ယောက်ျားသားသုံးယောက်တို့သည် တပြိုင်နက်ဆိုသလို အိပ်ယာမှ နိုးလာချေတော့သည်။

သို့အချိန်တွင် ဇီးကွက်ကောင်ရှိရာသို့ ကျီးတစ်ကောင် ရောက်လာလေ၏။

"ကျွစ်. ကျွစ်. .ကျွစ်. .ကျွစ်. . ."

"အာ. အာ. .အ. ."

"ကျစ်. ကျစ်. ."



www.burmeseclassic.com

www.burmeseclassic.com

"အာ..အာ.."

"ကျိုးစုတ်ကျိုးပဲ့က ဇီးကွက်ကို ဝင်တိုက်ခိုက်ရတယ်လို့"

ဘစိန်ကသို့ပြောကာ ခဲတလုံးကောက်ယူ၍ ထိုကျိုးကောင်ကို လှမ်းပစ်လိုက်မည် ပြုသည်ကြောင့်..

"အာ.."

ဖိုးနတ်က ကျိုးကောင်ကို အော်လိုက်သံကြောင့် ဘစိန်တစ်ယောက် ခဲဖြင့်ပစ်မည့်အရှိန်တန့်သွားကာ ဖိုးနတ်ကို အံ့ဩတကြီး ကြည့်လာချေ၏။

ဘုရားရေ...။

ဇီးကွက်ကောင်ကို တိုက်ခိုက်နေသော ကျိုးကောင်သည် ရုတ်ခြည်း ဖိုးနတ်ထံသို့ ပျံသန်းလာကာ ပုခုံးထက်နားလိုက်ချေသည်ကို အံ့ဖွယ်မြင်လိုက်ရတော့၏။

"ဟင်း..ဟင်း..ဟင်း.. မင်းပစ်ချင်သေးလား.."

ဖိုးနတ်က သူ့ပုခုံးထက် ခိုနားလာသည့် ကျိုးကန်းကောင်ကို လက်ဖြင့် ဦးခေါင်း..ကျောစသို့ကို ပွတ်သပ်ပြုမူရင်း ဘစိန်ကို စေ့စေ့ ကြည့်လာမေး၏။

"သည်ကျိုးကောင်က လိမ္မာသားကလား..။ ခင်ဗျား မွေးထားတာလား.."

ဘစိန်က မေးလေ၏။

"ငါသားကြီးဆိုလဲဟုတ်.. တပည့်ကြီးဆိုလဲဟုတ်.. ဟင်း..ဟင်း..ဟင်း.."

"နို့ဖြင့်လည်း တောင်းပန်ပါတယ်ဗျာ.. ကျုပ်က တောကျိုး





ကန်းကောင်အရိုင်းထင်လို့ပါ.."

ဖိုးနတ်က ပြုံး၍သာ ကြည့်နေလေတော့၏။

ဇီးကွက်ကောင်သည်လည်း ထိုပင်ကိုင်းထက်တွင် မရှိပါတော့ချေ..။

"အာ.."

ဖိုးနတ်ပုခုံးထက်မှ ကျိုးကောင်သည် ..ဒွိ အော်သံပြု၍ ပျံသန်းထွက်သွားလေတော့၏။

"မင်းတို့တွေငါ့နောက် လိုက်ခဲ့ကြချေ.."

"ဟုတ်"

တဲတွင် ဂင်တိုတိုလူနှင့် ပိန်ပါးပါးလူနှစ်ယောက် ကျန်ခဲ့၏။ သူတို့က ညကရထားသော ငါးရှဉ့်ကောင်မီးကင်တို့ကိုအားပါးတရ စားကျန်ရစ်ခဲ့ကြ၏။ သူတို့ သုံးယောက်ကို ပြုံးပြုံးဖြီးဖြီးကြည့် လက်မြှ ကျန်ခဲ့လေတော့၏။

"မင်းတို့နှစ်ယောက် ဘယ်မှမသွားကြနဲ့ ငါပြန်လာခဲ့မယ်" လို့ ဖိုးနတ်က သူတို့ကို ပြောခဲ့သေး၏။

"သူတို့နှစ်ယောက် ဖိုးနတ်တပည့်တွေလား.." မေးလေ၏။

"ဟုတ်ဘူး.."

သို့ပြောပြီး ဖိုးနတ်က သူတို့သုံးယောက်အား တဲနှင့် ခပ်လှမ်းလှမ်းရှိနေရာသို့ ခေါ်သွားလေတော့၏။ ထိုနေရာကို ညက သူတို့ဖြတ်လျှောက် လာခဲ့ပြီးဖြစ်၏။ ဘယ်တွက်မှ အပုပ်နံ့များရနေသောကြောင့် ဖြစ်ချေ၏။

"လူသေတွေလား.."

"ဘယ်လိုဖြစ်နိုင်မှာလဲ.."


www.burmeseclassic.com

www.burmeseclassic.com

ဖိုးနက်က ပြောလဲပြော မြေပြင်သို့လည်း မေးငေါ့ပြလာလေသည်ကြောင့် ဘစိန်တို့ သုံးယောက်ကြည့်လိုက်ကြ၏။

"အလိုလေးဗျာ.. တိရစ္ဆာန်ကောင် အသေတွေပါလား"

တကိုယ်လုံးငုက်တို့ဆိတ်ရာပရပွဖြင့် သေနေကြခြင်းဖြစ်၏။

"သည်ကောင်တွေကို ခင်ဗျားသတ်ပြီး စားထားတာလား"

"ဘယ်လိုဖြစ်နိုင်မှာလဲ.. ကျီးကောင်တွေက သတ်ဖြတ်ထားတာ.."

"ဟင်..ဘာလို့လဲ.."

"သူတို့အစာလေကွာ.."

"ဘုရားရေ.."

သို့ကြောင့် အသေကောင်တို့သည် မိုက်ပေါက်၊ အူတို့ထွက်မွစာကြနေခြင်းပါကလား..။

"နို့ဖြင့် တဲနားကမြေပုံတွေက ဘာတွေလဲ.. ဘာတွေမြှပ်ထားတာလဲ.. လူသေတွေမဟုတ်ပါဘူးနော်.."

"ဟင်း..ဟင်း..ဟင်း.. ဘယ်လိုဟုတ်ပါ့မလဲ.. သည်လောင်းတွေကို ကျုပ်က မြေမြှုပ်လိုက်ရတာကလား.."

"သူတို့က နိစ္စဒူဝအလောင်းတွေကို စားသောက်ကြတယ်။ ကျုပ်က သည်အနံ့အသက်တွေကို မခံနိုင်လို့ မြေမြှုပ်ပေးလိုက်ရတယ်..။ သည်တစ်ရက် နှစ်ရက် ကျုပ်မရှိတာနဲ့ သည်ကောင်တွေ အတော်များများဖြစ်နေတယ်..။ နို့ကြောင့် ခင်ဗျားတို့ ကျုပ်ကို ကူညီကြရလိမ့်မယ်.."





"ဗျာ"

"ဟင်"

သို့ဖြစ်သည်ကြောင့် ထိုနေရာတဝိုက်ရှိ အသေကောင် တို့ကို ဖိုးနတ်နှင့်အတူ မြေမြှုတ်ခဲ့ကြရတော့၏။

"မင်းတို့တွက် သည်မနက်စာ ငါကောင်းကောင်း ကျွေးပါ့မယ်။ ကျေးဇူးတင်တဲ့ အထိမ်းအမှတ်နဲ့ပေါ့.."

ဖိုးနတ်က သို့ပြောပြီး အနီးရှိ တဲပေါ်တက်နေကြရန်ပြောလေပြီး တဲအုပ်လေးရှိရာသို့ ထွက်သွားလေတော့၏။

ဘစိန်တို့သုံးယောက်သည်လည်း အပုပ်ကောင်များကို မြေမြှုပ်ပေးလိုက်ရခြင်းကြောင့် ချောင်းသို့သွားကာ ရေချိုးလိုက်ကြချေပြီး တဲပေါ်တွင် တက်နားနေလိုက်ကြတော့၏။

သို့နားနေကြရာမှ သူတို့သုံးယောက် အိပ်ပျော်သွားကြတော့၏။ မည်မျှကြာကြာအိပ်ပျော်သွားသည်မသိ။

"အား..အာ..အာ.."

သို့ ဆူဆူညံညံကျီးကောင်တို့အသံကြောင့် ဘစိန်တို့သုံးယောက် လူးလွန့်နိုးထလာကြတော့၏။

သို့မှ ကျီးကောင်တို့အသံလာရာသို့ လှမ်းကြည့်လိုက်ကြ၏။

"ဟင်"

ကျီးတအုပ်ပါကလား။ အတော်များသားကလား။ မဲမှောင်လို့နေချေ၏။ ကျီးများမြင်၍ အံ့သြခြင်းထက် ကျီးအုပ်တို့နောက်မြေပြင်လမ်းပေါ်မှ အဖိုးနတ်ကို တွေ့လိုက်သည်ကြောင့် ဖိုးနတ်အတွက် စိုးရိမ်စိတ်ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟော့··ဟော့·· ဟိုမယ် ဖိုးနတ်မဟုတ်လား·· သူ့ကို ကျီးကန်းတွေက ဝိုင်းနေတယ်။ ဘာဖြစ်လဲမသိဘူး··။ သွားကြည့်ကွာ··"

သို့ ဘစိန်ပြောလိုက်သည်နှင့် ဖိုးကလဲနှင့် စိန်မင်းသည် တွေ့ရာထင်းခြောက်ကိုင်းတို့ကို ကောက်ယူ၍ ဖိုးနတ်ထံပြေးသွားကြတော့၏။

"ဟင်"

အတော်လျင်သည့်ကျီးကောင်တွေဟု ပြောရမိမ့်မည်။ ဖိုးကလဲနှင့် စိန်မင်းတို့ ဖိုးနတ်ထံ ပြေးလာကြသည်ကို တွေ့မြင်သွားသည့်ကြောင့်လားမသိ။ ထိုကျီးကန်းတို့သည် တအား··အား အော်နေလျက် ပင်ထက်ပျံသန်း နေရာမှ တောအုပ်အတွင်း လှည့်ပြန်သွားကြချေတော့၏။

"ဖိုးနတ် ကျီးကောင်တွေ မနည်းပါကလား·· ဘယ်လိုဖြစ်တာလဲ··"

"အင်း·· သည်ကောင်ပါလာလို့ဖြစ်မပေါ့··"

"ဟင်"

ဖိုးနတ်က သူမနိုင်မနင်းထမ်းပိုးလာသည့် မြွေကောင်ကို ပြ၍ ပြောလေသဖြင့်

"စပါးကြီးမြွေပါကလား·· ဖိုးနတ်သတ်ဖြတ်လာတာလား။ ပေးပါ··လေးတယ်·· ကျွန်တော်တို့ သယ်ပေးမယ်··"

ဖိုးကလဲက သို့ပြောပြီး စပါးကြီးမြွေကောင်ကို ဖိုးနတ်ထံမှ လှမ်းယူလိုက်ချေတော့၏။

"မင်းတို့ မြွေသားစားတယ်မဟုတ်လား··"





"စားပါတယ်ဖိုးနတ်··"

"အေး··ကောင်းတယ်·· စပါးကြီးသားပို့ကောင်းတယ်ကွ·· ဟင်း··ဟင်း·· သည်ကောင်ဆိုစားပါလိမ့်··"

သို့မှ သူတို့စခန်းတဲသို့ ရောက်လာကြ၏။

"ကျွန်တော်တို့ သည်အကောင်ကို အသားဖျက်လိုက်တော့မယ်··"

စိန်မင်းက ပြောလေ၏။

"အေး··နေအား·· ငါရေချိုးလိုက်ချေဦးမယ်"

"ကျုပ်လဲလိုက်ခဲ့မယ်··" ဘစိန်က ပြောလေ၏။

သို့ဖြင့် ထိုစခန်းနှင့်မနီးမဝေးလောက်တွင် ချောင်းရှိသဖြင့် ရေချိုးသွားလိုက်ကြတော့၏။

ဘစိန်နှင့် ဖိုးနတ်ချောင်း ရောက်သည်တွင် စိန်မင်းနှင့် ဖိုးကလဲသည် ထိုချောင်းစပ်တွင် စပါးကြီးမြွေကောင်ကို အရေစုတ်ထုတ်၍ဖိုက်ခွဲအူနှုတ်နေကြချေတော့၏။

ဖိုးနတ်နှင့် ဘစိန် ချောင်းတွင်းရေတိမ်နေသဖြင့် ရေနက်သည့် ချောင်းအောက်ဘက်သို့ ဆင်းခဲ့ကြ၏။

သို့မှ

"အာ··"

"အာ··"

"အာ··"

ချောင်းစပ်သစ်ပင်များမှ သို့ဆိုသလို ကျီးကောင်က သူတို့ကို ကြည့်၍ အော်နေလေသဖြင့်


www.burmeseclassic.com

www.burmeseclassic.com



"ဖိုးနတ်ကြည့်စမ်းပါဦးဗျာ.. သည်ကောင်ဘာပြောချင်လဲ.. ဘာလုပ်ချင်လဲ မသိပါဘူး.." လို့ ဘစိန်ကပြောလိုက်၏။

သည်တွင် ဖိုးနတ်က ထိုကျီးကောင်ကို ကြည့်ပြီး..

"အာ..အာ..အာ.."

လို့ အော်လိုက်ချေ၏။

ဖိုးနတ်က သို့ဆိုသလို ကျီးကောင်အသံကဲ့သို့ အော်လိုက်ခြင်းကြောင့် ဘစိန်တစ်ယောက်လုံးဝအံ့သြသွားရချေတော့၏။

ဖိုးနတ်ကိုလုံးဝနားမလည်နိုင်စွာ ကြည့်နေချေ၏။

ထိုသစ်ပင်ကိုင်းထက်မှ ကျီးကောင်သည် ဖိုးနတ်၏ ကျီးလို အော်သံကြောင့် ထိုကိုင်းထက်မှ ရုတ်ခြည်းဆိုသလို နောက်လှည့်၍ ပျံထွက်သွားလေတော့သည်။

"ခင်ဗျာကျီးကောင် အသံအတိုင်းအော်လိုက်တာလား.."

"သူလိုပဲလား.. အော်ကြည့်တာ... ဟင်း..ဟင်း.."

"ကျီးစကားများတတ်နေရောလား.."

ဘစိန်က မေးလေ၏။

"ဘယ့်နှယ်တတ်ရမှာလဲဗျာ.. လူက တိရိစ္ဆာန်စကားတတ်ရတယ်လို့ .. နို့ကတော့ ဘယ်လိုဖြစ်နိုင်မှာလဲ.. ဟင်း..ဟင်း"

ဖိုးနတ်က သို့ပြောလေသဖြင့်

"ဟိုဗျာ .. ဟိုးရှေးခေတ်ဘုရင်လက်ထက်က တိရိစ္ဆာန်တွေရဲ့ စကားကို တတ်ကြသူတွေရှိတယ်လို့ ပုံပြင်တွေ ဒဏ္ဍာရီတွေထဲမှာ ပါတာပဲ.."

"နို့က ဘယ်သူမှကိုယ်တွေ့ ကြုံဖူးကြတာမှ မဟုတ်တာ။ ဘယ်လို ဖြစ်နိုင်မှာတုန်း.."





သို့ဆိုတော့ ဘစိန်တစ်ယောက် ခေါင်းတဆတ်ဆတ်ညိတ်ကာ ရေနက်နက်အိုင်တစ်ခုတွင်း ဆင်းလိုက်ချေတော့၏။

"မဆင်းနဲ့ မဆင်းနဲ့.."

ဖိုးနတ်က အတင်းလှမ်းဆွဲလိုက်ချေတော့၏။

"ဘာဖြစ်လို့လဲ.. ဘာဖြစ်လို့လဲ.."

ဘစိန်က ကြောင်တောင်တောင်ဖြစ်သွားရင်း မေးလေ၏။

"ဟိုမယ်တွေ့လား.."

"ဟင်."

သူဆင်းမည့်ရေအိုင်သည် ချောင်းတဖက်အစပ်မှ ရေအိုင်ဖြစ်သည်။ ထိုနေရာတွင်ပေါက်နေသည့် သစ်ပင်ချုံနွယ်တစ်ခုမှ ရေထဲကျနေသည့် ကိုင်းဖျားတွင် မြွေတကောင် ပါးပျဉ်ထောင်နေသည်ကို တွေ့လိုက်သည်ကြောင့် ထိတ်လန့်သွားတော့၏။

"ဘုရား..ဘုရား.."

"အာ .."

"ဟာ.."

မြန်လိုက်သည့်ဖြစ်ရပ်ပင် ဘစိန်နှင့် ဖိုးနတ်ရေအိုင်အစပ်နေရာလေးမှ မြွေကောင်ကို ငေးမော်ကြည့်နေစဉ် သို့ဆိုသလို ကျီးကန်း တစ်ကောင်အော်ဟစ်ပျံသန်းလာချေပြီး.. ပါးပျဉ်းထောင် မြွေကောင်ကို ရုတ်ခြည်းဆိုသလို သုတ်သွားလေတော့၏။

အံ့ဖွယ်ပင်ကောင်းလေတော့၏။

ကျီးကောင်၏ ခြေချောင်းခြေသည်းကုတ်ကုတ်ကြီးကြားမှ မြွေကောင်လူးလွန့်ကာ ပါသွားလေတော့၏။

"တကယ်အံ့သြဖို့ကောင်းတယ်ဗျ.."



www.burmeseclassic.com

www.burmeseclassic.com



ဘစိန်ကသို့ပြောပြီး ဖိုးနုတ်ကို လှည့်ကြည့်လိုက်၏။

"အေးကွ..."

ဖိုးနုတ်ကသို့ပြောပြီး ထိုရေနက်တွင်း ဆင်းလိုက်ချေပြီး..

"လာလေ.. အန္တရာယ်မရှိတော့ပါဘူး.."

သို့ပေမင့်လည်း ဘစိန်တစ်ယောက် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ရေအိုင်တွင်း ဆင်းလိုက်သွားလေတော့၏။

ဘစိန်နှင့် ဖိုးနုတ်တို့ နှစ်ယောက် ရေချိုးနေကြစဉ်

"ကျွန်တော်တို့ တဲပြန်ပြီး မီးကင်ထားလိုက်ကြမယ်.."

ဖိုးကလဲနှင့် စိန်မင်းက ချောင်းစပ်မှ နေ၍ လှမ်းအော်ပြောသွားလေ၏။

"အေး.."

"အေး.."

ဖိုးနုတ်နှင့် ဘစိန်ရေချိုးကြပြီးနောက် တဲသို့ ပြန်သွားကြသည်တွင် တဲရှေ့တွင် ထင်းမီးပုံကြီးတစ်ခုဖြစ်နေချေတော့၏။

ဖိုးကလဲနှင့် စိန်မင်းတို့ကို မီးပုံဘေးတွင် တွေ့လိုက်ကြ၏။

သို့မှ အတန်ကြာကြာတွင် မြွေကောင်မီးကင်တို့ စားရန်အသင့်ဖြစ်နေချေတော့၏။

"စားမယ်ဗျို့"

ဖိုးကလဲက တဲပေါ်တွင် ရှိနေသည့် ဘစိန်နှင့် ဖိုးနုတ်ကို လှမ်းပြောလိုက်ချေတော့၏။

"အေး..ယူလာခဲ့ချေ.. ရေတဗူးလဲ ယူလာခဲ့..."

သို့မှ ဖိုးကလဲနှင့် စိန်မင်းသည် ဝါးဆစ်ဗူးတစ်ခုဖြင့် ခပ်လှမ်းလှမ်းရှိ စီးချောင်းလေးမှ ရေကို ခပ်ယူလိုက်ပြီး မြွေကောင်





မီးကင်တို့ကိုယူကာ တဲဆီသွားလိုက် ကြတော့၏။

"မင်းတို့တွက် ငါ့မှာရှိတာပဲ.."

ဖိုးနုတ်က သို့ပြောပြီး ပြောင်းဖူးပုလင်းကစ်လုံးချပေးလာလေ၏။

"ဘာလဲ.."

ဖိုးကလဲက မေးလေ၏။

"ငါ့ရဲ့ဆေးပေါ့.. မင်းတို့ကို ညှော်ခံရမယ်လေ.."

"ဘာလဲ.."

ဘစိန်ကပါ မေးလာလေ၏။

"အရက်"

"ဗျာ"

"ဟာင်"

"ဖိုးနုတ် အရက်သောက်တတ်လား"

"အေးလေကွာ.. တောထဲတောင်ထဲနေရာဆိုတော့ ဆေးဖြစ်သောက်တာပါ..နည်းနည်းပါ။ ငါချည်းဆို တစ်နေ့ဘစ်ပက် နှစ်ပက်အပြင် ပိုမသောက်ဘူး .."

"ဖိုးနုတ် အသက်ဘယ်လောက်ရှိပြီလဲ .."

စိန်မင်းက စပ်စပ်စုစုမေးလေတော့၏။

"၇၆ ကျော်ပြီ.."

"ဘစိန်ကော"

"၇၀"

"ဘစိန်ကတော့ မသောက်တော့ဘူးပေါ့.. " ဖိုးကလဲက မေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



“အေး..”

သို့ဆိုတော့ ဖိုးကလဲ.၊ စိန်မင်းနှင့် ဖိုးနတ်တို့သည် အရက်ကို သောက်လိုက်ကြတော့၏။

ဘစိန်ကတော့မူ သောမှုနေ၍ အမြည်းစားနေချေတော့၏။

“ဖိုးနတ်က သောက်နိုင်သားကလား..”

ဖိုးကလဲက အာလေးလျှာလေးဖြင့် ပြောလေ၏။

“ကဲ..ကဲ.. စားကြချေ..နို့ ဘစိန် ခင်ဗျားကို ကျုပ်မေး ရဦးမယ်..”

“မေးလေ.. ဖိုးနတ်..”

ဘစိန်က အကင်တဖဲ့ကိုက်ဝါးရင်း ပြောလိုက်၏။

“ဖိုးထိန်နဲ့ မင်းနဲ့ ဘယ်လိုပတ်သက်လဲ..”

“ဟင်”

သို့ ရုတ်တရက်အမေးကြောင့် ဘစိန်တစ်ယောက် ထိတ်လန့်သွားလေ၏။

“ပြောလေ... ဘယ်လိုပတ်သက်လဲ.. အမှန်အတိုင်းပြော စေချင်တယ်.”

ဖိုးနတ်က စူးစူးရဲရဲကြည့် မေးလေတော့၏။

“ဘာမှ မပတ်သက်ပါဘူး..”

“တကယ်လား..”

“ဟုတ်ပါပြီ..မင်းတို့နှစ်ယောက်လည်းပြောချေ..”

“ဘာတုန်းဖိုးနတ်”

“မင်းတို့တွေ ဖိုးထိန်နဲ့ ဘယ်လိုပတ်သက်လဲ..”

“ဘာမှ မပတ်သက်ပါဘူး..





“တကယ်လား..”

“ဟုတ်ပါတယ်..”

“နို့ဖြင့် မင်းတို့နှစ်ယောက်က ဘစိန်နဲ့ ဘယ်လိုပတ်သက်လဲ”

သို့ဆိုတော့ ဖိုးကလဲက

“ကျွန်တော်နဲ့ စိန်မင်းက သူငယ်ချင်း။ ဘစိန်က ကျွန်တော့်ရဲ့ ဦးလေး..”

“သိပြီ.. ဖိုးထိန်နဲ့ ဘာမှ မပတ်သတ်ဘူးဆိုတာ တကယ်လား”

“တကယ်ပေါ့..”

“နို့ဖြင့် ဖိုးထိန်ဆီက တစ်စုံတရာကို ရှာနေကြ လိုက်နေကြ တာ ဘာလဲ..”

သို့အမေးကြောင့် ဘစိန်တစ်ယောက် မျက်စိမျက်နှာပျက် သွားလေရာမှ

“နေပါဦး.. ကျုပ်တို့ကိုချည်းမေးနေတယ်.. ခင်ဗျားကို ပြန်မေးရလိမ့်မယ်.. ခင်ဗျားကော ဖိုးထိန်နဲ့ ဘယ်လို ပတ်သက်လဲ”

“မင်းတကယ်မသိလို့မေးတာလား.. သိလျက်နဲ့ မေးတာ လား..”

ဖိုးနတ်က သို့ပြန်မေးလိုက်ပြန်၏။

“သိချင်လို့ပါ.. ဘာမှ မသိတာ အမှန်ပဲ..”

“ဟုတ်ပြီ.. ငါမေးတုန်းက မင်း မှန်မှန်မဖြေဘူး.. ခု ငါ မင်းမေးတဲ့အမေးကို အမှန်ဖြေမယ်..”

“ဟုတ်ပါပြီ..ပြောပါ..”

“ငါ့ဆီကို လွှန်ခဲ့တဲ့ တစ်ပတ်လောက်က ဖိုးထိန်ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com

တယ်‥"

"ဘယ်ကိုလဲ‥"

"သည်ကိုပေါ့‥"

"ဟုတ်ပါပြီ‥ပြောပါဦး‥"

"လမ်းမှားလာတယ်ဆိုတော့ ငါသူ့ကို လက်ခံထားတယ်‥ ကျွေးမွေးထားတယ်‥၊ သည်လိုနဲ့ နောက်နေ့မှာ သူက ငါ့ဆီက တန်ဖိုးရှိတဲ့အရာတစ်ခုကိုယူပြီး ထွက်သွားတယ်‥"

"ဟုတ်လား‥ ဘာလဲ‥ ဘာလဲ‥ ဖိုးထိန်တကယ်ပဲ ခင်ဗျားဆီက တန်ဖိုးရှိတဲ့ အရာယူသွားတယ်ဆိုတာ ဘာလဲ သိရမလား‥"

"တန်ဖိုးရှိတဲ့အရာလို့ပဲပြောမယ်‥ ဟုတ်တယ်‥သူယူသွားတယ်‥ နို့ကြောင့် ငါသူ့နောက်လိုက်လာတယ်‥ လမ်းမှာ မင်းတို့နဲ့တွေ့တယ်‥ မင်းတို့ပြောလို့သိရတယ်‥ ဖိုးထိန်သေပြီ‥ သူ့ဆီမှာရှိတဲ့အရာ မင်းတို့ မရလိုက်ကြဘူးလို့ပြောတာကို ငါမယုံဘူး‥"

"ဗျာ‥"

"ဘယ်လို ‥ ဘာကိုပြောချင်တာလဲ‥"

ဘစိန်တအံ့တဩ ဖြင့်မေးလာလေ၏။

"ဘစိန် မင်း ငါ့ကိုမညာနဲ့ မင်းဖိုးထိန်ဆီက ပတ္တမြားကြီး လိုချင်လို့မဟုတ်လား‥နို့ကြောင့် သူ့နောက်လိုက်ရင်း သူသေခန်းတာကို သိလိုက်ရတယ်လေ ‥၊ မင်းသူ့အလောင်းဆီက ဘာမှ မရလိုက်ဘူးပေါ့ဟုတ်လား‥"

သို့ပြောလာသည့် ဖိုးနုတ်ကို ဘစိန်တစ်ယောက် ရဲရဲဝံ့ဝံ့





မကြည့်ရဲပါတော့ချေ‥ ။ မျက်လွှာချ၍ နေလေတော့၏။

"မင်းလဲ ညာတယ်‥"

"ဖိုးထိန်ဆီက ပတ္တမြားကြီးရလိုက်တယ်မဟုတ်လား‥ ပေးစမ်း‥"

ဖိုးနုတ်က ဖိုးကလဲကိုပါ ကြည့်၍ပြောလိုက်၏။ ပြောလည်းပြော မျက်တောက်နီကြီးနှင့် ကြည့်နေသဖြင့်

"အမှန်ပါ‥ ဖိုးနုတ်‥ ဘာမှ မရလိုက်ပါဘူး‥"

"နို့ဖြင့်ဖိုးထိန်ဆီက ပတ္တမြားကြီးလိုချင်နေတာတော့ တကယ်ပေါ့‥ ဟုတ်လား‥"

"ဟုတ်တယ် ခင်ဗျားပစ္စည်းမှန်းမသိခဲ့ဘူးလေ‥"

"ခုသိပြီ‥ ပြန်ပေးတော့‥"

"ဗျာ‥ ဘယ်လို သိတာပဲရှိတာ ‥ ကျုပ်မယ်မရှိပါဘူး ‥ ယုံစမ်းပါ‥"

ဘစိန်တစ်ယောက် အခက်တွေ့လေပြီ ‥။

"မင်းမပေးဘူးလား‥"

ဖိုးနုတ်က သို့ပြောပြီး နံဘေးရှိ ထင်ခုတ်ဓါးမကို လှမ်းယူလိုက်၏။

"ဟာ‥ သည်အဖိုးကြီး‥"

ဖိုးကလဲက လူငယ်ပီပီ စိတ်ဆတ်သူဖြစ်သည်ကြောင့်

အနီးရှိ ထင်းချောင်းကို လျှပ်တပြတ်ကောက်ယူလိုက်ကာ ဖိုးနုတ်ဦးခေါင်းကို လွဲချရိုက်လိုက်ချေတော့၏။

"ခုတ်"



www.burmeseclassic.com

www.burmeseclassic.com

"ခွပ်"

"ဟာ"

ဖိုးနတ်တစ်ယောက် လဲကျသွားသည်ဆိုပေမင့် ကပျာကသီ ကုန်းရုန်းထကာ လက်တွင်းရလိုက်သည့်ဓါးမဖြင့် ဖိုးကလဲကို ခုတ်လိုက်ချေတော့၏။

"အား‥"

ဘုရားရေ‥ အဖိုးကြီး မူးနေပြီဆိုပေမင့် လျော့တွက်၍ မရပါကလား‥။ ဖိုးကလဲတစ်ယောက် လက်ဦးမှုရယူလိုက်သော်လည်း သူရိုက်လိုက်သည်မှာ ဆွေးမြေ့နေသော သစ်ကိုင်းခြောက် ဖြစ်နေလေသဖြင့် ဖိုးနတ်ကို ဒုက္ခပေးနိုင်ခြင်းမရှိပါချေ။ သို့ပေမင့် ဖိုးနတ်လက်တွင်းရှိ ဓါးမတိုလေးကတော့မူ ဖိုးကလဲ၏ ဦးခေါင်းကို ဟက်တက်ကွဲသွားချေတော့၏။

သွေးတို့ ယိုစီးထွက်လာချေ၏။

စိန်မင်းနှင့် ဘစိန်တို့သည် တဒင်္ဂဖြစ်သွားသောဖြစ်ရပ်ကို ငေးကြောင်ကြည့်မိရာမှ ရုတ်ခြည်းအသိဝင်လာသဖြင့် တဲပေါ်မှ ခုန်ဆင်း ပြေးသွားကြချေတော့၏။

"အာ‥"

"အာ‥အာ ‥အာ‥"

သူတို့တဲပေါ်မှ ဆင်းပြေးသည်နှင့် ဖိုးနတ်က သို့ဆိုသလို ကျီးကောင်လို အော်ဟစ်လိုက်ချေ၏။

သို့ဆိုတော့ တောနက်အတွင်းမှ တောကျီးကန်းတအုပ်သည် ဆူညံသောအသံပြုကာ ပျံထွက်သွားကြတော့၏။

ထိုကျီးကန်းအုပ်သည် ဘစိန်နှင့် စိန်မင်းတို့နောက် တရှိန်





ထိုးလိုက်သွားကြချေဘော့၏။

"အာ‥"

"အာ‥အာ‥အာ‥အ‥"

"အ‥အာ‥"

ဖိုးနတ်တစ်ယောက် လဲကျသေဆုံးနေသော ဖိုးကလဲကို စိုက်ကြည့်လိုက်ကာ

"မင်းငယ်ပါသေးတယ်ကွာ‥ ငါ့ဘယ်လိုရ‥လဲ မင်းမသိသေးပါဘူး‥ မင်းရဲ့ပျော့ညံ့ချက်ပေပဲ‥" သို့ တီးတိုးရေရွတ်လိုက်ချေတော့သည်။

ဖိုးနတ်သည် ဖိုးကလဲ၏ အလောင်းကို ကြည့်လိုက်ချေပြီး ဘစိန်တို့နှစ်ယောက်ကို လှည့်ကြည့်လိုက်ချေ၏။

"ဟား‥ဟား‥ဟား‥ဟား‥ ဟား‥ဟား‥ဟား‥ဟား ‥ဟား‥ဟား‥ဟား‥ဟား‥ ပြေး‥ပြေး‥ အသားကုန်ပြေးကြစမ်း‥ ငါ့လက်က မလွတ်ပါဘူး‥"

အဝေးသို့ ရောက်သွားပြီဖြစ်သော‥ဘစိန်နှင့် စိန်မင်းကိုကြည့်ပြီး ဖိုးနတ်တစ်ယောက် သဲသောကျရယ်မောပြောလိုက်ချေပြီးနောက်

"အား‥အာ‥အာ‥အာ‥"

သို့နှယ့် ကျီးကောင်ကဲ့သို့ အော်ဟစ်လိုက်ချေပြီးနောက် ဘစိန်တို့ ပြေးထွက်သွားသော တောအုပ်အတွင် ဖြေးလေးသော ခြေလှမ်းဖြင့် လိုက်သွားလေတော့၏။

"အာ‥"

တောအုပ်အစပ်လေးနားရောက်သည်တွင် တောကျီတစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်က သို့ဆိုသလို အော်ဟစ်လိုက်ချေပြီး ဖိုနက်ပုခုံးပေါ် လာနား လေတော့၏။

ဖိုးနတ်က ထိုကျီးကန်း၏ ခေါင်းကို လက်ဖြင့် အသာသပ် လိုက်ချေပြီး

"မင်းကောင်တွေ လိုက်သွားပြီမဟုတ်လား•• ကောင်းတယ် •• အလွတ်မပေးနဲ့ ဟုတ်ပြီလား••"

သို့ပြောလိုက်သည်နှင့် သူ့ပုခုံးထက်မှ တောကျီးကန်းသည် ရုတ်ခြည်းပျံသန်းသွားလေတော့၏။

"အာ••အာ•••အာ••"

"အာ••"

သို့နှယ့်လည်း အော်ဟစ်သွားလေတော့၏။ ဖိုးနတ် တစ်ယောက် ထိုကျီးကောင်ပျံသန်းသွားရာနောက် လိုက်သွား ပြန်လေ၏။

သို့မှ ပျဉ်းမတောလေးတစ်ခုနားသို့ ရောက်သည်တွင်

"ဟာ"

သူထင်ထားသည်ထက် စောလျင်စွာ ဘစိန်တို့နှစ်ယောက် ကို တွေ့လိုက်ရခြင်းကြောင့် အံ့သြတကြီးဖြစ်သွားချေတော့၏။

"ရှူး"

မြေပြင်တွင် လဲပြိုနေသော ဘစိန်နှင့် စိန်မင်းတို့ခန္ဓာကိုယ် အနံ့တွင် နားနေသော တောကျီးကန်းတို့ကို ခြောက်လှန့်လိုက်သ ကြောင့် ကျီးကောင်တို့သည် တောင်ပံတဖြတ်ဖြတ်ခါယမ်းလျက် ဟိုသည် ဝေ့ဝိုက်ကြည့်လေပြီးနောက် ဝေးဝေးသို့ ပျံသန်းသွား ကြလေ တော့၏။





"အား••အား••အာ••ဟီး••ဟီး••ဟီး••"

"အလား••လား••"

ဘစိန်နှင့် စိန်မင်းတို့ ခန္ဓာကိုယ်အနံ့တွင် ကျီးကောင်တို့ ပေါက်ဆိတ်လာခြင်းကြောင့် အပေါက်တို့ဖြစ်၊ သွေးတို့ ယိုစီးကျနေ လေ၏။

မျက်နှာပြင်တွင်မတော့ ဒဏ်ရာတစ်ခုတစ်လေသာ တွေ့ရ သဖြင့် သူတို့ ကံကောင်းလေသည်ဟု ဆိုရမြဲမည်။

သို့မှ ဖိုးနတ်သည် ဘစိန်ထံသို့ ချဉ်းကပ်သွားလိုက်လေသည် တွင် ဘစိန်က•••

"ခင်ဗျားဘာလိုချင်လို့လဲ•• ဘာလို့လဲ•• ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ••" သို့ပြောလိုက်သည်ကြောင့် ဖိုးနတ်သည် ဟက်ဟက် ပက်ပက်ရယ်မောလိုက်ချေပြီး

"ဟား••ဟား••ဟား••ဟား••ဟား••ဟား••ဟား••ဟား ငါလည်းပွင့်ပွင့်လင်းလင်းပြောပြီးပြီပဲ•• မင်းကသာ မပြောတာ• သည့်ပြင် ငါ့ကိုပါ လုပ်ကြံချင်သေးတယ်••ဟင်း••ဟင်း ••ငါ့ကို အဖိုးကြီးဆိုပြီး လျော့မတွက်ချင်စမ်းပါနဲ့၊ ကဲပင်းတို့ ဘာမှ တတ်နိုင်တော့ဘူး။ မင်းက ပွင့်ပွင့်လင်းလင်းပြောပါဆိုလို့ ပြောရတာပါ ဟင်း••ဟင်း••ဟင်း••"

"မင်းဖိုးထိန်ဆီက ပတ္တမြားကြီး ရမရ ပြန်စဉ်းစားပြီး မှန်မှန် ပြော••အေး ဘာမှ မသိဘူးဆိုလို့ကတော့ မင်းတို့နှစ်ယောက်လုံး ကျီးကန်းစာကျွေးရလိမ့်မယ်••ကြားတယ်ကွာ••"

"အာ"

ဖိုးနတ်က သို့ပြောပြီး ကျီးကောင်လို အော်လိုက်ချေ၏။



www.burmeseclassic.com

www.burmeseclassic.com



သည်တွင် ဘယ်ကမှန်းမသိ တောကျီးကန်းတို့ ရောက်လာကြတော့၏။

"အာ··အ···အ··အာ··"

တောကျီးကန်းတစ်ကောင်က ဖိုးနုတ်၏ပုခုံးထက်နားရင်း မြေပြင်တွင် လဲနေသည့် ဘစိန်ကို ကြည့်ကာ စူးစူးဝါးဝါးအော်ဟစ်နေချေတော့၏။ ထူဆန်းသည်မှာ ထိုကျီးကန်းမှ လွဲ၍ သေားဝန်းကျင်ရှိ သစ်ပင်တို့ ကိုင်းထက်တွင် ကျန်သောကျီးတို့သည် ငြိမ်သက်စွာနားနေကြချေ၏။ သို့ပေမင့် ကျီးကောင် အားလုံးသည် တိုက်ခိုက်ရန်အသင့် ဖြစ်နေသော စစ်သားများကဲ့သို့ ရှိချေ၏။ ထိုကျီးကောင်အားလုံးတို့၏ အကြည့်သည် ဘစိန်နှင့် စိန်မင်းတွင် သာရှိချေ၏။

"ဟင်း··ဟင်း··ဟင်း·· မင်းမှန်မှန်ပြောသင့်ပြီ··"

ဖိုးနုတ်က ဘစိန်ကို ကြည့်ပြောပြန်၏။

"ကျုပ်အမှန်ကိုပြောတာ·· ယုံတာ မယုံတာ ခင်ဗျားကိစ္စလေ·· တကယ်တော့ ကျုပ် ဖိုးထိန်ဆီမယ် ပတ္တမြားကြီး ရှိလေမလားဆိုတဲ့ အတွေးတင်ပါ·· တကယ်ပါ··နို့ပေမင့် ဖိုးထိန်ကို ဟိုနှစ်ယောက်က စပြီး တွေ့ကြတယ်လေ·· ကျုပ်ကလည်း အဲဒီနှစ်ကောင်ကို မေးပြီးပါပြီ·· ဖိုးထိန်မယ် ပတ္တမြားမပြောနဲ့ ကျောက်ခဲလေး တစ်လုံးတောင်မတွေ့ဘူး·· ဟိုနှစ်ယောက်လိမ်တာလဲ ဖြစ်ချင်ဖြစ်မပေါ့··· ဒါ ကျုပ်အမှန်ပြောတာပဲဗျာ··"

သို့ဆိုတော့ ဖိုးနုတ်က ဘစိန်ကို စူးစူးရဲရဲကြည့်လိုက်ချေပြီ။

"ဟုတ်ပြီလေ·· လတ်တလောယုံလိုက်မယ်·· နို့ပေမင့် ငါတို့ အဲဒီနှစ်ယောက်ဆီလိုက်ကြမယ်·· သူတို့ဘယ်ထွက်သွားကြမလဲ သိလား··"





"အလိုလေးဗျာ··· အဲဒီနှစ်ယောက်က ခင်ဗျားနဲ့အတူနေကြတာလေ··"

"ဘာကွ"

သို့ဆိုတော့ ဘစိန်က သုသာန်လျှိုကဲ့တွင် တွေ့သည့် ငတိုတို့နှင့်ဖိန်ဖိန်ပါးပါးလူနှစ်ယောက်ကို ပြောလိုက်၏။

"ဟား·သူတို့နဲ့ ငါ ဘာမှမဆိုင်ဘူးကွ·· စောစောကပြောပါလား··"

"သိဘူးလေ·· ခင်ဗျားလူတွေ မဟုတ်လား··"

"ဟုတ်ဘူး·· မနေ့မနက်က တဲကို ရောက်လာကြတာ·ငါ သူတို့ကို ထားပြီး ထွက်လာတော့ မင်းတို့နဲ့ တွေ့တာ"

"ဘုရားရေ· · နို့ဖြင့် သူတို့ဆီပြန်သွားကြမှ ဖြစ်မယ်"

"နို့ဖြင့် သူတို့ရှိပါဦးမလား··" ဖိုးနုတ်က မေးလေ၏။

"မရှိလောက်ဘူး သူတို့ ဘယ်သွားလဲ သိတယ်"

"နို့ဖြင့်ပြောစမ်း··"

··ဖာလာဘက်လို့ပြောတာပဲ··"

"နို့ဖြင့် လိုက်သွားကြမယ်·"

ဖိုးနုတ်ကသို့ပြောပြီး ဘစိန်ကို ဆွဲထူလိုက်၏။

ပြီးတော့ စိန်မင်းကို ဆွဲထူလိုက်၏။

ဒဏ်ရာများသိပ်မကြီး၍ တော်သေးတော့၏။

"အား··"

ဘစိန်က ဖိုးနုတ်ပုခုံးထက်မှ ကျီးကောင်ကို စိုက်ကြည့်လိုက်လေခြင်းကြောင့် ထိုကျီးကောင်က ဘစိန်ကို စူးစူးရဲရဲကြည့်ကာ သို့အော်ဟစ်လိုက်ခြင်းဖြစ်တော့၏။

ချမ်းမြေ့သီတာစာပေ

www.burmeseclassic.com

www.burmeseclassic.com

"ငါနဲ့ မဟာမိတ်ပါကွာ·· ကဲကဲ သားကြီး··သွားချေဦး"

ဖိုးနတ်ကသို့ပြောပြီး သူ့ပုခုံးပေါ်မှ ကျီးကောင်ကို ခေါင်းသပ်ပေးပြောလိုက်သည်ကြောင့် ထိုကျီးကန်သည် ရုတ်ချည်း ပျံထွက်သွားချေတော့၏။

သို့မှ ကျန်ကျီးတန်းတို့သည် ထိုကျီးကန်းနောက်မှ ပျံသန်းလိုက်သွားကြချေတော့၏။

"ငါတို့ ဖာလာစခန်းသွားကြတာပေါ့··၊ ဖြစ်တယ်မလား"

"မဖြစ်လို့လည်း ရမှာမှမဟုတ်တာ··"

သို့မှ ဘစိန်၊ စိန်မင်းနှင့် ဖိုးနတ်တို့သည် ထိုနေ…လေးမှ ထွက်ခဲ့ကြတော့၏။ သူတို့ထိုနေရာလေးမှ ထွက်သွားကြပြီးသည်နှင့် ခပ်လှမ်းလှမ်းရှိ ချုံပုပ်ပင်ကြီးနောက်ကွယ်မှဂင်တိုတို လူတစ်ယောက် သူတို့အားကြည့်ကာ ကျေနပ်ပီတိဖြစ်ပြီး ထိုနေရာမှလည်းထွက်သွားတော့၏။ ထိုအမျိုးသထိုသူချည်းသာမဟုတ် နောက်မှပိန်းပိန်းပါးပါး လူတစ်ယောက် ပါသွားလေတော့၏။ ထိုသည်ကို ဖိုးနတ်ကော၊ ဘစိန်နှင့် စိန်မင်းပါ လုံးဝမသိလိုက်ပါချေ။

"အာ··အာ·· အာ··"

ကျီးကောင်တို့သည်လည်း ထိုနေရာသို့ ရောက်လာကြပြန်၏။ ဝေ့ကာဝဲကာ အော်ဟစ်လေပြီး ဘစိန်တို့ ထွက်သွားရာနောက် အော်ဟစ်ပျံသန်းလိုက်သွားကြချေတော့သည်။

သို့မှ ထိုနေရာတွင် တိတ်ဆိတ်ငြိမ်သက်သွားပြန်ချေ၏။

သို့ပေမင့် တောင်လိပ်တစ်ကောင်သည် ဖြေးလေးသော ခြေလှမ်းဖြင့် ရွက်ခြောက်တို့ပေါ် ဖြတ်လျှောက်သွားခြင်းကြောင့် -

"ချွတ်··ချွတ်··ချွတ်·· ရယ်လို့ အသံလေးသာ ထိုနေရာလေးတွင် ကြားရချေတော့၏။



"ဒုတ် ··ဒုတ်··ဒုတ်··ဒုတ်··"

ကျွန်းပင်ကြီးတပင်ကို လူတစ်ယောက် ပေါက်ဆိန်ဖြင့် ခုတ်ဖြတ်နေချေတော့၏။

သူနှင့် ခပ်လှမ်းလှမ်းတွင်ရှိ သစ်ပင်အောက်ခြေတွင် လူတစ်ယောက်ရှိချေ၏။ ထိုသူကတော့မူ ကာကိုရောင်ယူနီဖောင်းနှင့်ဖြစ်ချေ၏။

သစ်ပင်အခြေကို ကျောမှီ၍ မျက်လုံးအစုံကို မှိတ်ထား၏ ခြေတို့ကို ဆန့်တန်းထိုင်နေခြင်းဖြစ်၏။

"ဖောက် ··ဒုတ်··ဖောက်··ဒုတ်··ဖောက်··ဒုတ်··"

ထိုသစ်ပင်ကို ပေါက်ခုတ်နေသော အသံသည် စည်းချက်မှန်မှန်ရှိချေ၏။

သို့အသံကို ယူနီဖောင်းဝတ်လူကြားနေပုံပင် ·· သို့သော် အိပ်ပျော်ခြင်းမရှိနိုင်။ သစ်ခုတ်သံစဉ်အတိုင်း သူစဉ်းစားနေခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချိမ့်မည်။ စည်းချက်အတိုင်း ခြေလက်တို့ လှုပ်ခါနေချေ၏။

"အာ··အာ··"

သို့ရှိစဉ် တောက်ကြီးကန်းတစ်ကောင်သည် ထိုယူနီဖောင်းဝတ်လူမိုနေသည့် သစ်ပင်ထက်ကိုင်းသို့ လာရောက်နားကာ အော်ဟစ်နေချေ၏။ သို့မှ

"ဟာ··"

"ယုတ်မာတဲ့ကောင်"

ထိုကျီးကောင်က သို့အော်ဟစ်ရင်းမှ မစင်စွန့်ချလိုက်သည်တွင် ထိုယူနီဖောင်းဝတ်လူ၏ ရင်ဘတ်သို့ ကျသွားလေသဖြင့် ထိုသူက သို့နယ်ဒေါသတကြီးပြောလိုက်ခြင်းဖြစ်၏။

"ဟာ··ဆရာလေး··ဘယ်လိုဖြစ်တာလဲ··"

သို့အသံကြောင့် သစ်ပင်ပေါက်နေသူက အပေါက်ရပ်လိုက်ကာ ယူနီဖောင်းဝတ်လူကို လှမ်းကဲကြည့်မေးလေ၏။

"သည်မယ် ကျီးကောင်မိုက်ရိုင်းတယ်·· ငါ့အပေါ် မစင်စွန့်သွားတယ်ကွ··"

"ဟား··ဟား··ဟား··· နို့ကတော့ ကောင်းတာပေါ့ဆရာလေးရဲ့·· လာဘ်ကောင်းတာပေါ့··ဟင်း··ဟင်း··ဟင်း··"

သစ်ခုတ်သမားက သို့ရယ်မောပြောလိုက်ကာ ထိုနေရာမှ ယူနီဖောင်းဝတ်သူထံ လျှောက်လာလိုက်ချေပြီး

"ပြီးပြီ·· နောက်တစ်ပင် သွားကြမယ်··"

"နေဦးကွ··ငါနားဦးမယ်·· အချိန်မရှိတော့ဘူး·· နောက်နေ့မှ ခုတ်တော့ ဟုတ်လား··"

"ဟုတ်ကဲ့ပါဆရာလေး·· နို့နေဦး သည်ကောင်ကို ကျွန်တော်ပစ်လိုက်ရမလား··"

"ဟ ကောင်းတာပေါ့· အမြည်းရတာပေါ့···"

သို့ဆိုတော့ သစ်ခုတ်သမားသည် ရှေခပ်လှမ်းလှမ်းရှိ သစ်ပင်အောက်တွင် ချိတ်ထားသည့် သူ၏လွယ်အိတ်တွင် လက်နှိုက်၏။ လက်ပြန်ထုတ်လိုက်သည်တွင် လောက်လေးခွပါလာ၏။ ထိုလောက်လေးခွနှင့်အတူ လောက်စားလုံးကြီးကြီးတစ်လုံးပါလာ၏။ ကျီးကောင်ကို လှမ်းပစ်လိုက်ချေတော့၏။

"အာ··အာ··အာ··"

လွှင့်လိုက်သည်ဖြစ်ခြင်း ကျီးကောင်ထံ လောက်လေးသီးပင်မရောက်သေး ထိုကျီးကောင် သို့နယ့်အော်ဟစ်ပျံသန်းသွားတော့၏။

"ကျီးကောင်ကို ပစ်ရတာ လွယ်မှတ်လို့လား· အင်မတန်လျှင်တဲ့အကောင်တွေပဲကွ··"

ယူနီဖောင်းဝတ်က ပြောလေ၏။

"မင်းတို့တွေ နည်းမသိသေးလို့ပါ·· နည်းသိလိုကတော့ ကျီးတစ်ကောင်မကာ ရနိုင်ပါတယ်··"

သို့အသံနှင့်အတူ သူတို့နားသို့ လူနှစ်ယောက်ရောက်လာလေ၏။

တစ်ဦးသည် ဂင်တိုတိုအသားမည်းမည်း၊ တစ်ဦးသည် ပိန်ပိန်ပါးပါးဖြစ်ချေ၏။

"ဟာ·· ဖိုးရှမ်းနဲ့ ဖိုးထောင်တို့ပါကလား·· ဘာလာလုပ်ကြတာလဲ··"

"မင်းတို့ သစ်ပင်လာခုတ်တာတော့ မဟုတ်ပါဘူးနော်·· ဟင်း··ဟင်း··ဒီမယ် သစ်တောဝန်ထမ်းတွေရောက်နေတယ်။



ချမ်းမြေ့သီတာစာပေ

www.burmeseclassic.com

သစ်ပင်ထောင်ရိုက်နေကြတာ‥"

သို့ဆိုသလို သစ်ခုတ်သမားလေးက ထိုသူနှစ်ယောက်ကို ကြည့်ပြီးရယ်သွမ်းသွေးပြောလိုက်တော့၏။

"ဖိုးရှမ်း‥မဟုတ်လား‥ကျိုက်စကိုင်းသားမဟုတ်လား"

ယွန်းနီဖောင်းဝတ်က မေးလေ၏။

"ဟုတ်ပါတယ်‥ဆရာစိုးရယ်‥ဟင်းဟင်း‥"

"ဘာလဲ ‥ သစ်လာခိုးခုတ်တာလား‥"

"မဟုတ်ရပါဘူး‥ကျွန်တော်တို့ ပျားဖွတ်ထွက်လာကြတာပါ‥"

"ဟုတ်လား‥ရပြီလား‥"

ယွန်းနီဖောင်းဝတ်က မေးလေ၏။

"ဘယ်ရပါ့မလဲ‥ နို့ကြောင့် တစ်ခေါက်ပြန်လာကြတာ‥"

"ဘယ်ပြန်ကြမလဲ‥"

"ရွာပြန်မပေါ့‥နို့ပေမင့် ဝံကိုက်မြောင်ဖျား သောင်တင်နေတာလေ"

"ဘာဖြစ်လို့လဲ‥"

ယွန်းနီဖောင်းဝတ်က မေးလေ၏။

"ဝံကိုက်မြောင်မယ် ‥ လူသေအလောင်းတစ်လောင်းတွေ့တယ်"

"ဟေ‥ဘာဖြစ်လို့တဲ့လဲ‥"

"မသိပါဘူးဗျာ‥ နားလည်သူတွေပြောတာကတော့ ကျားထိုးလို့သေတယ်ဆိုပဲ‥"

"ဘာ‥ဘယ်လို‥"





"ကျီးဝိုင်းထိုးတာတဲ့ ‥ တကိုယ်လုံးကျီးကောင်တွေ ပေါက်ဆိတ်တာခံရတာတဲ့‥"

"အေးကွာ‥ ဟုတ်တယ်ဆရာလေးရဲ့ တလောကလည်း မအူမြောင်မယ် လူတစ်ယောက်သေနေတာကို တွေ့လိုက်တယ်"

"အေး‥ငါတို့ကြားတယ်‥ ဘယ်လိုဖြစ်တာလဲ ပြောပါဦး‥"

"သေတဲ့သူက ဖိုးထိန်လေ‥ ဆရာလေးတို့ သိပါတယ်‥ ဆရာလေးတို့နဲ့ ပြီးခဲ့တဲ့အခေါက်က ရေနံချောင်းဖျားမယ် သစ်ခုတ်လိုက် သေးတယ်လေ‥"

"အေး‥သိတယ်‥ ကြားတယ်‥ တကယ်ပဲ ကျီးထိုးလို့ သေတာလား‥ အဲလိုပဲ ပြောကြတာပဲ‥ အံ့သြစရာ မကောင်းဘူးလား‥"

"နို့ဖြင့် မင်းစောစောက ကျီးကောင်ကို ပစ်လိုက်တာ မင်းမကြောက်ဘူးလား‥"

"ဘာလို့လဲ ဆရာလေးရဲ့‥"

"ဟ ‥ကျီးကောင်တွေက ခုလိုလူသတ်ကောင်တွေ ဖြစ်နေပြီပဲ‥ မင်း သူတို့ကို သွားစော်ကားတာကြောင့် မင်းကိုလဲ ကျီးကောင်တွေ ထိုးသတ်မှာ မကြောက်ဘူးလား‥"

"ဟာ‥ ဆရာလေးကလည်း ဘာများလဲလို့ ကျွန်တော် မကြောက်ပါဘူး‥ ယုံချင်စရာမဖြစ်ပါဘူး‥။ ကျီးထိုးတာကြောင့် သေရတယ်ဆိုတာ မဖြစ်နိုင်ဘူး‥"

"ဟုတ်ပြီလေ‥ ထားပါတော့‥ ကဲ‥ကဲ ငါတို့ စခန်းပြန်



www.burmeseclassic.com

www.burmeseclassic.com

ကြမယ်·· မင်းတို့နှစ်ယောက်ဘယ်သွားကြမလဲ·· ရွာပြန်ကြမှာလား··"

"မပြန်သေးဘူး··"

"ဟ·· ဘာဖြစ်လို့လဲ··"

"ပျားဆက်ဖွတ်ဦးမယ်·· ရေနံချောင်းဖျားဘက် သွားကြမလို့··"

"နို့ဖြင့် ငါတို့စခန်းမယ် နားကြချေဦးလေ· အချိန်မရှိတော့ဘူး·· နက်ဖြန်မှ သွားကြပေါ့··"

"အဲလိုစိတ်ကူးတာပဲ··"

သို့မှ ယူနီဖောင်းဝတ်ဝန်ထမ်းမောင်မောင်စိုးနှင့်အတူ သစ်ခုတ်လုပ်သားစိန်ကုလားနှင့် ကိုျကျက်စကိုင်းသား ဖိုးရှမ်းနှင့်ဖိုးထောင်တို့ ထိုနေရာမှ ထွက်သွားကြချေတော့၏။

"အာ··အာ··အာ··"

သူတို့ထွက်သွားသည်နှင့် ထိုနေရာရှိ သစ်ပင်အနားရှိ ကျွန်းပင်ကိုင်းထက်ပေါ်သို့ ကျီးကောင်လာရောက်နားလေတော့၏။

အရပ်လေးမျက်နှာသို့ လှည့်ပတ်ကြည့်ကာ အော်ဟစ်နေချေတော့၏။

သို့မှသည် ထိုကျီးကောင်သည် ထိုလူလေးယောက်ထွက်သွားရာသို့ ပျံသန်းသွားပြန်၏။

အတန်ကြာတွင် ထိုကျီးကောင်သည် ထိုလူလေးယောက်အားမြင်တွေ့သွားချေတော့၏။

သို့ဆိုတော့··





"အာ··"

ထိုကျီးကောင်သည် သို့နှယ်အော်ဟစ်လိုက်ချေပြီး ထိုလူလေးယောက်ဆီသို့ တရှိန်ထိုး ပျံသွားကာ ဖိုးရှမ်းဆိုသူ၏ ဦးခေါင်းသို့ အရှိန်ဖြင့် ထိုးဆင်းကာ သူ၏ နှုတ်သီးချွန်ချွန်ကြီးဖြင့် ပေါက်ဆိတ်လိုက်ချေပြီး ရုတ်ခြည်းပျံသန်းသွားချေတော့၏။

"အား··"

"ဘယ်လိုဖြစ်တာလဲ··"

"ဟ··သည်ကျီးကောင်အတင့်ရဲလိုက်တာ·· တောက်"

"ဟား··ဟား··ဟား ဖိုးရှမ်းကံကောင်းတာပေပဲ··"

တောခေါင်ကြီးမောင်မောင်စိုးက သို့နှယ်သဘောကျ ရယ်မောပြောလိုက်၏။ သစ်ခုတ်လုပ်သား စိန်ကုလားက

"သည်ကျီးကောင် အတင့်ရဲနေတယ်· ··"

ဆိုလျက် သူ့လက်တွင်းရှိ လောက်လေးဂွဖြင့် လှမ်းပစ်လိုက်ချေ၏။

ခပ်လှမ်းလှမ်းရှိ ကိုင်းထက်တစ်နေရာတွင် နားနေသည့် ကျီးကန်းသည် လေကိုခွင်းလာသည့်လောက်လေးသံကြောင့် ရုတ်ခြည်းထပျံသွားလေတော့၏။ သို့ကြောင့် စိန်ကုလားပစ်လိုက်သော လောက်လေးဂွသည် ထိုကျီးကောင်နားနေသည့် သစ်ကိုင်းဆီသာထိမှန်သွားတော့၏။

"အ··"

"အာ··အာ··"

"ဟာ··ဟာ··"

ထင်မှတ်မထားကြချေ။ သူတို့သည် ထိုကျီးကောင်ကို အာရုံ


www.burmeseclassic.com

www.burmeseclassic.com

ပြနေကြသည်ကြောင့်နောက်မှနေ၍ သူတို့သုံးယောက်ကို ကျီးကောင်တို့က ဝင်ရောက်တိုက်ခိုက်လာခြင်းကို ခံလိုက်ရချေတော့၏။

လေးယောက်သား ခြေဦးတည့်ရာ ပြေးသွားကြ၏။

ကျီးကောင်တို့သည် အလွတ်မပေးပါ··လိုက်လံတိုက်ခိုက်ကြချေ၏။ သို့ဆိုတော့ လူလေးယောက် တစ်ယောက်တွဲတပြားဆီ ပြေးသွားကြရ၏။

သို့ရှိစဉ်

"အား··"

သို့နှယ့် ခပ်လှမ်းလှမ်းမှ ကျီးကောင်၏ အသံစူးစူးဝါးဝါးကြောင့် လူလေးဦးကို တိုက်ခိုက်နေသော ကျီးကောင်တို့သည် ရုတ်ခြည်း မိုးပေါ် ပျံတက်ပျံသန်းသွားကြတော့၏။

"အတော်ဆိုးတဲ့ ကျီးကောင်တွေကွာ··"

တောခေါင်းကြီးမောင်မောင်စိုးက သူ့ခေါင်းထက်တွင် ဦးထုပ် ဆောင်းထား၍ တော်သေးတော့၏။ ကျန်သုံးယောက်တွင်မတော့ ဦးခေါင်းထက်တွင် ကွမ်းသီးလုံးခန့် ဘုသီးများ ထွက်လာကြချေတော့၏။

သူတို့လေးဦး စုစုစည်းစည်းပြန်ဖြစ်သွားကြချေ၏။

"ကျီးကောင်တွေထိုးဆိတ်လို့ လူသေရတယ်ဆိုတာ ဟုတ်မယ်ကွ··"

မောင်မောင်စိုးက ပြောလေ၏။

"ကြည့်စမ်း တစ်ခါပဲ ဆိတ်တာခံရတာတောင် အတော် နာသားကလား··"

သစ်ခုတ်လုပ်သားစိန်ကုလားကလည်း သူ့ခေါင်းကိုပွတ်လျက် ပြောလာလေ၏။

"အတော်ကြာကြာ တိုက်ခိုက်ခံရတယ်ဆိုလျှင်ဖြင့် ငါတို့လဲ ကျီးထိုးလို့ သေနိုင်တယ်ကွ··"

ဖိုးရှမ်းကပြောလာပြန်၏။

ဖိုးထောင်ကတော့မှ အဝေးသို့ လှမ်းကြည့်လေပြီး··

"ဖိုးရှမ်း··ဖိုးရှမ်း·· ငါတို့ လစ်မှထင်တယ်··"

ဖိုးထောင်စကားကြောင့် ဖိုးရှမ်းသည်လည်း အဝေးသို့ လှမ်းကြည့်လိုက်ပြီး မျက်စိပျက်မျက်နှာပျက်ကာ တစ်ယောက်ကို တစ်ယောက် အဓိပ္ပါယ်ပါပါကြည့်လိုက်ကြချေပြီး·· ထိုနေရာမှ ပြေးထွက်သွားကြချေတော့၏။

"ဟိတ်လူတွေ··ဟိတ်လူတွေ·· ဘယ်လိုဖြစ်သွားတာလဲ ·ဘယ်သွားကြမလို့လဲ·· စခန်းမလိုက်တော့ဘူးလား··"

သူတို့နှစ်ယောက်ကိုကြည့်ပြီး မောင်မောင်စိုး အံ့သြတကြီးဖြင့် မေးလေ၏။

သို့ပေမင့် ဖိုးရှမ်းနှင့် ဖိုးထောင်သည် တရှိန်ထိုးပြေးသွားကြတော့၏။

"ဟိုလူတွေ ဘာတွေ့လို့ ပြေးသွားတာလဲ·· ဘာလို့များပါလိမ့်··"

စိန်ကုလားက ပြောသဖြင့် မောင်မောင်စိုးသည် ထိုလူစုကို လှမ်းကြည့်လိုက်ချေ၏။

"သူတို့ကို ငါမသိပါကလား·· လူစိမ်းတွေဖြစ်မယ်··ရ မင်းသူတို့ကို သိလား··"

မောင်မောင်စိုးက စိန်ကုလားကို ကြည့်လိုက်၏။







BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

"တစ်ယောက်တော့သိတယ်··"

"မင်းသိတာ ဘယ်သူလဲ··သုံးယောက်ထဲကပေါ့··"

မောင်မောင်စိုးက သူတို့ထံလျှောက်လာသူ သုံးယောက်ကို ကြည့်ကာ စိန်ကုလားကို မေးခြင်းဖြစ်၏။

"အဖိုးကြီးကိုတော့မသိဘူး··၊ ဟုတ်ပြီ ·ကျန်တဲ့နှစ်ယောက်ကိုသိတယ်·· တစ်ယောက်က ဘစိန်၊ တစ်ယောက်က စိန်မင်း"

"အော်··ဆရာလေးတို့ ·· ဘယ်အကွက်ဘက်ကို သစ်ပင်ထောင်ရိုက်နေကြတာလဲ··" ဖိုးနတ်ဆိုသူ အဖိုးကြီးက မေးလာခြင်းဖြစ်၏။

သည်အဖိုးကြီး ဘယ်ဆိုးလို့တုန်း·· သစ်ပင်ထောင်ရိုက်ခြင်းကို သိလို့ပါကလား·· သို့ဆိုတော့ ထိုသူသည် တောတောင်ထဲနှင့်မစိမ်းသူလား··။ မဟုတ်ပါက ဝန်ထမ်းများနှင့် ရင်းနှီးနေသူဖြစ်ချိမ့်မည်ဟု မောင်မောင်စိုးက တွက်လိုက်လေ၏။

"ဟုတ်ပါတယ်အဖိုး·· နို· အဖိုးက ဘယ်သူများလဲ"

မောင်မောင်စိုးက မေးလေ၏။

"မင်းတို့ သစ်တောဝန်ထမ်းတွေကတော့ ငါ့ကို သိကြမှာမဟုတ်ဘူး·· နို့ပေမင့် မင်းတို့ရဲ့မိတ်ဆွေဖြစ်တဲ့ မဆိုးကျော်နှစ်ယောက်ကတော့ ငါ့ကိုသိတယ်··"

"ပြောပါဦး"

"ကိုလင်းနဲ့ ကိုပိုက်"

"ဗျာ·· အဖိုးက သူတို့နှစ်ယောက်နဲ့သိလား··"

"အေး··သိတာပေါ့·· ရင်းနှီးတာပေါ့··၊ နို့ကြောင့်မင်းတို့ကို ဒုက္ခပေးတဲ့ ကျီးကောင်ကို ငါတားလိုက်တာလေ ··"





"ဗျာ··"

"ဟင်"

"ဘယ်လို··ဘယ်လို··"

စိန်ကုလားကလည်း ဖိုးနတ်စကားကြောင့် ဘစိန်နှင့် စိန်မင်းကို ငေးမောရင်း ကြည့်နေချေတော့၏။

"ဟော··ဟိုအဝေးကလာနေကြတာ မင်းတို့ တိုက်ခိုက်ခံနေရလို့"

"ဟုတ်တယ်လေ··"

"ဟုတ်တယ်··ဘစိန် ပြောပါဦး··"

"အော်·· မင်းတို့ လေးယောက်ကို ကျီးကောင်တိုက်ခိုက်နေတာမြင်လို့·· ဖိုးနတ်ကိုငါက တောင်းပန်လိုက်တာကြောင့်"

ဘုရားရေ·· သို့ဆိုတော့မှ မောင်မောင်စိုး သတိထားမိ၏။

သူတို့ကို တိုက်ခိုက်နေချိန်တွင် အဝေးမှ ကျီးကောင်၏ အူဝဲဝဲအော်သံကြားရပြီးနောက် သူတို့ကို တိုက်ခိုက်နေသော ကျီးကောင်တို့ ပြေးထွက်သွားကြသည်ကို သတိပြုခဲ့တော့၏။

သို့ကြောင့် ဖိုးနတ်ဆိုသူကို တအံ့တသြကြည့်လိုက်ပြီး··

"ကျီးလိုအော်လိုက်တာများလား··"

"ဟင်း··ဟင်း··ဟင်း·· ဆိုပါတော့··"

ဖိုးနတ်က ရယ်သွမ်းသွေးပြောလိုက်လေ၏။

"ကျီးစကားနားလည်လို့များလား··"

မောင်မောင်စိုးက မေးလိုက်ပြန်၏။

"ဆိုပါတော့ကွာ··"

ဖိုးနတ်က ရယ်သွမ်းသွေးပြောလိုက်ပြန်၏။


www.burmeseclassic.com

www.burmeseclassic.com

"အံ့ဩစရာပဲနော်··"

"ဘာအံ့ဩစရာရှိတုန်း လူတွေတစ်ယောက်နဲ့တစ်ယောက်တောင် ဘာသာစကားချင်းမတူတာရှိကြတာပဲ·· သည်တော့ တခြားရဲ့စကားကိုတစ်ဦးနားလည်ဖို့ သူ့ဘာသာကိုယ့်ဘာသာတောင် ပြန်သင်ယူနေကြရတာပဲ··။ အဲ့လိုပေါ့· လူနဲ့တိရိစ္ဆာန်လဲ ဘာထူးလဲ။ သင်ယူရင်ရတာပေါ့··မဟုတ်လား·· ဆိုပါတော့ကွာ·· တိရိစ္ဆာန်အရိုင်းအစိုင်းတွေဆို လူတွေက လက်ဟန်ခြေဟန်နဲ့ပါ ပြောဆိုကြတော့ကာ ကြာလာတော့ နားလည်လာပြီး လူခိုင်းတာလိုက်လုပ်တော့တာပဲ· ဆိုပါစို့ ဆက်ကပ်ထဲက တိရိစ္ဆာန်တွေလေ"

"ဟုတ်ပါတယ်··"

"အေးငါလည်း ကျီးကောင်တွေရဲ့အသံကိုကြားပြီး အပြုအမူပါ သင်ယူခဲ့တယ်လေ။ ပြီးတော့ သူတို့လို အော်ကြည့်ခေါ်ကြည့်တယ်၊ အမှတ်တမဲ့အော်တဲ့အခါ တူပေမင့် တကယ်တမ်းနားလည်လာတဲ့အခါ မတူဘူးကွ·· နို့က ဘာလဲဆိုတော့ စိတ်ခံစားမှုကွာသွားတာပဲကွ··ငါသင်တဲ့ တိရိစ္ဆာန်တွေရဲ့အသံမယ် အဓိပ္ပါယ်တွေ အများကြီးပါတယ်· ကျီးကောင်တွေအသံက ပိုလွယ်ကူတယ်။ နို့ကြောင့် ငါလည်း နားလည်နေတာ·· နို့တောင်မှ အားလုံးနားမလည်ဘူးကွ·· တစ်ခွန်းနှစ်ခွန်းလောက်ပါကွာ··ဟင်း··ဟင်း··ဟင်း·"

သို့ပြောပြီး မောင်မောင်စိုးကို စေ့စေ့ကြည့်လိုက်ချေပြီး

"မင်းတို့ကို ကျီးကောင်တွေ တိုက်ခိုက်နေလို့ ငါ အော်ဟစ်ခိုင်းလိုက်တယ်ဆိုတာယုံလား··"

"အား··ယုံပါတယ်··"





"ဟုတ်ပြီ·· နောက်ထပ် မင်းတို့ကို ကျီးကန်းတွေ မတိုက်ခိုက်အောင် ငါကူညီမယ်"

"ဗျာ··၊ ခင်ဗျားပြောလိုက်တာ ကျွန်တော်တို့ကို နောက်ထပ်တိုက်ခိုက်နိုင်တယ်ဆိုတဲ့သဘောလား··"

"အာ··အဲလို မဟုတ်ပါဘူး·· ဖြစ်ခဲ့ရင်လို့ပါ"

"အင်း·· ဘာပဲပြောပြော ကျေးဇူးတင်ပါတယ်ဗျာ··"

"နို့ကြောင့် ငါ့ကို တစ်ခုကူညီ··"

"ပြောပါ"

"မင်းတို့နဲ့ တွေ့လိုက်တဲ့နှစ်ယောက်က ဘယ်သူတွေလဲ"

သို့ဆိုတော့ စိန်ကုလားက ကြားဖြတ်ကာ··"

"ကိုချက်စကိုင်းသား ဖိုးရှမ်းနဲ့ ဖိုးထောင်ပါ··"

"ဂင်တိုတိုလူနဲ့ ပိန်ပိန်ပါးပါးလူမဟုတ်လား··"

"ဟုတ်ပါတယ်··"

သို့ဆိုတော့··ဖိုးနတ်က ဘစိန်ကိုလှမ်းကြည့်လိုက်၏။

"သူတို့ပြောတာ ဖြစ်နိုင်လား··"

"အဝေးကမြင်တာဆိုတော့ သိပ်မသေချာဘူး··"

"ခု··သူတို့ပြောတဲ့လူမဟုတ်ဘူးလား·"

"နာမည်တော့မသိဘူး··ကျုပ်မြင်တာ ပိန်ပိန်ပါးပါးရယ် ဂင်တိုတိုရယ်ပါ··နို့ဆိုတော့ သူတို့ပေပဲပေါ့··"

"ဟုတ်ပြီ··သူတို့ ဘယ်သွားကြမလဲ·· ဘယ်ကလာကြတာလဲ··"

ဖိုးနတ်က စိန်ကုလားကိုမေးလေ၏။

"သူတို့ပြောတာကတော့ ဝက်ကိုက်မြောင်ဘျားက လာကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်ပြောတယ်။ အလောင်းတစ်လောင်းလည်း တွေ့လာတယ် ပြောတယ်..."

"ဟေ.. ဘာဖြစ်တာလဲ.."

ဘစိန်က အံ့သြတကြီးမေးလေ၏။

"လူတစ်ယောက်က ကျီးကောင်တွေထိုးလို့သေသွားတာ တဲ့.. တစ်လောကလည်း ဖိုးထိတ်ကျီးထိုးခံရလို့ သေရတာလေ.."

သို့ စိန်ကုလားပြောလေသဖြင့် ဘစိန်တစ်ယောက် မျက်စိမျက်နှာပျက်သွားလေတော့၏။

ဖိုးနှတ်ကမူ မှုန်ကုတ်ကုတ်ဖြင့် ကြည့်ကာ နားထောင်နေလေ၏။

"သူတို့ဖာလာကို ဘာကြောင့်သွားတာလဲ"

ဖိုးနှတ်က ဘစိန်ကို ကြည့်ပြောလေ၏။

"နို့ဖြင့်သူတို့ရွာကို ပြန်လိမ့်မယ်.."

ဘစိန်ကပြော၏။

သည်တွင် စိန်ကုလားက

"ဟာ..သူတို့ပြောတာ မပြန်သေးဘူးတဲ့ ရေနံချောင်းဖျားဘက်သွားပြီး ပျားဖွတ်ဦးမယ်ပြောတာပဲ.."

"ဘာကွ..သူတို့အဲလိုပြောလား.."

"ဟုတ်ပါတယ်.."

မောင်မောင်စိုးက ပြောလေ၏။

"သူတို့ပြောတာဖြစ်နိုင်တယ်..နို့မေးရဦးမယ်.. သူတို့က ဘာလို့ မင်းတို့နဲ့ တူတူမရှိတာလဲ.."





"နို့ကတော့သူတို့ ခင်ဗျားတို့ကို လှမ်းကြည့်ပြီး ထွက်ပြေးသွားကြတာပဲ.."

"ဟုတ်ပါပြီ..သူတို့သေချာပြီ.."

"ကဲ..ငါတို့ ရေနံချောင်းဖျားလိုက်ကြဘာပေါ့.."

ဖိုးနှတ်က ပြော၏။

"ကျုပ်တို့နေခဲ့လို့ မရဘူးလား.."

ဘစိန်ကပြောလေ၏။

သို့ဆိုတော့ ဖိုးနှတ်က ပြုံးပြလိုက်ချေပြီး ခေါင်းကို ခါယမ်းလိုက် ၏။

"ဟဲဟဲ.. မင်းတို့ကို ကျီးကောင်တွေ ဘာမှ ဒုက္ခမပေးတော့ပါဘူးကွာ.."

သို့ပြောပြီး ဖိုးနှတ်က ရှေ့မှ ဦးဆောင်ထွက်သွားလေတော့သဖြင့်.. ဘစိန်နှင့်စိန်မင်းသည် သူ့နောက် ခပ်သွက်သွက်ခြေလှမ်းတို့ဖြင့် လိုက်ပါသွားကြတော့သည်။

"ဘယ်လိုအဖိုးကြီးလဲ.. ကျီးကောင်ကို အော်ဟစ်ပြောလိုက်တယ်ဆိုပါလား.."

မောင်မောင်စိုးက ပြောလေ၏။

"အလကားလူကြီးပါကွာ.. သက်သက်ဖိန့်တာဖြစ်မပေါ့။ ကျွန်တော်မယုံဘူး.." စိန်ကုလားက သို့ပြောလေ၏။

သို့ပေမင့် သူတို့ပြောစကားကို အဝေးသို့ ရောက်သွားပြီဖြစ်သော ဖိုးနှတ်တစ်ယောက် ကြားသွား၍ထင့် နောက်သို့ လှည့်ကြည့်လာချေပြီး

"အ..အာ.." လို့ အော်ဟစ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သည့်တွင် ကျီးတစ်ကောင်သည် စိန်ကုလားထံသို့ ရုတ်ခြည်း ရောက်လာလေတော့၏။ သူ၏ နှုတ်သီးချွန်ချွန်ကြီးဖြင့် ဦးခေါင်းကို ပေါက်ဆိတ် တောင်ပံဖြင့် မျက်နှာကို တဖျတ်ဖျတ်ရိုက်ခတ်လေတော့၏။

"ဟ‥သည်ကောင်‥သည်ကောင်‥"

စိန်ကုလားတစ်ယောက် သူ့ကို တိုက်ခိုက်နေသည့် ကျီးကောင်ကို လက်ဖြင့် ပုတ်ထုတ်ပေဖြား ကျီးကောင်၏ ဒုက္ခပေးခြင်းကို လုံးလုံးလျားလျားကြီး ခံနေရချေတော့၏။

"လုပ်ပါဦးကိုစိုးရဲ့‥"

"ဟ‥ငါဘာလုပ်ရမှာလဲ‥"

သို့မှ စိန်ကုလားတစ်ယောက် မြေပြင်သို့ လဲကျသွားတော့၏။ သို့မှ ကျီးကောင်သည် သူ့ထံမှ ပျံသန်းထွက်သွားချေတော့၏။

"ဟား‥ဟား‥ဟား‥ဟား ဟား‥ဟား‥ ငါ့အလကား လူကြီးဆိုကွ‥"

သို့အသံသဲ့သဲ့ကြောင့် မောင်မောင်စိုးတစ်ယောက် အသံလာရာသို့ လှမ်းကြည့်လိုက်လေ၏။

ဖိုးနတ်က သို့သောလူကြီးဖြစ်ချေ၏။

"စိန်ကုလား မင်းမှားတယ်‥သိပ်မှားတယ်‥ မင်းမယုံလို့ ဖြစ်တာပဲ‥"

သို့မောင်မောင်စိုးက ဖိုးနတ်ကို လှမ်းကြည့်၍ တိုးညှင်းစွာ ပြောလေ၏။ သို့မှ မောင်မောင်စိုးသည် စိန်ကုလားကို ဆွဲထူ၍ စခန်းသို့ ပြန်ခဲ့ချေတော့သည်။

× × × × ×



"ဟာ‥ ဖိုးရှမ်းတို့ပါကလား‥"

သို့အသံနှင့်အတူ မုဆိုးဂေါ်မုတ်သည် သူနေထိုင်ရာတဲမှ ပြေးဆင်းလာပြီးကြိုလေ၏။

"မင်းတို့ဘာလာလုပ်ကြတာလဲ‥ ငါ့ဆီဲလား‥"

သို့ဆိုတော့ ဖိုးရှမ်းနှင့် ဖိုးထောင်သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြ၏။ ဖိုးရှမ်းက ဖိုးထောင်ကို မျက်စိမှိတ်ပြလိုက်၏။ သို့ဆိုတော့ ဖိုးထောင်သဘောပေါက်သွားတော့၏။ ဖိုးရှမ်း ဂေါ်မုတ်ကို မည်သို့ ပြောလေမည်ကိုသာ နားစွင့်နေလိုက်တော့၏။

"ဟကောင်ကြီးရ‥ငါတို့မင်းဆီကို တမင်လာကြတာ‥ ဘာရယ်တော့မဟုတ်ဘူး‥သတိရလို့ကွ‥"

"အောင်မယ်‥တကယ်လားကွ‥ ဘယ်တုန်းကများ မင်းတို့ ငါ့ကို သတိရဖူးလို့လဲ‥ငါကသာ သတိတရရှိပြီး မင်းကို သာလာတွေ့နေရတာပါ‥ဟင်း‥ဟင်း‥ မင်းမဂုဒ်စမ်းပါနဲ့‥ မှန်မှန်ပြော‥ မင်းဘာယ်လိုကိစ္စနဲ့ ဘယ်သူ့ဆီလာရင်း ငါ့ဆီဝင်တာ တာလဲ‥"



www.burmeseclassic.com

www.burmeseclassic.com



သို့ ဂေါ်မုတ်စကားကြောင့် ဖိုးရှမ်းတစ်ယောက် မျက်စိမျက်နှာ ပျက်သွားရချေတော့၏။

သို့ပေမင့်လို့

"မင်းကွာ.. ငါ့စကားကိုဘာလို့မယုံရတာတုန်း.. တကယ် ပြောတာပဲ.. တကယ်အမှန်ပြောတာပါ..ငါတို့မင်းဆီလာတာ.. ဟိုကွာ.. ဂျိုသားဆတ်သား စားချင်လို့ပဲကွ.. ဟင်း..ဟင်း.."

"အေး.. အဲလိုလဲဖြစ်နိုင်တယ်.. မင်းမယ်ပါလာလား"

"ဘာတုန်း"

"မင်းတို့သောက်သောက်နေတဲ့ ဝီလေကွာ..ဟင်း..ဟင်း"

"အာ..နို့တော့ ဘယ်ပါလိမ့်မလဲကွာ.. ငါတို့ သည်လာ ခဲ့ကြတယ်ဆိုပေမင့် ဝံကိုက်မြောင်ကနေလာတာကွ.. မင်းသိမ ပေါ့.. ဖိုးကလဲလေ"

"အေးသိတယ်.. ကရင်လေးလေ.."

"အေး..ကရင်လေးဖိုးကလဲ အသတ်ခံရတာလေ.."

"အေး.. ဘယ်သူသတ်တာလဲ.. မိုက်ရိုင်းလိုက်တာ.."

ဂေါ်မုတ်ကသို့ဆိုသလို မကြေမနပ်ဖြစ်လျက်ပြောချေ၏။

"တောကျီးကန်းကောင်"

"ဟေ.. မင်းဘယ်လိုပြောလိုက်တယ်"

"ကျီးကောင်တွေသတ်လိုက်တာပဲ.."

"မင်းကွာ... ကြံကြံဖန်ဖန်.."

"မယုံနေပေါ့"

"အေး..တကယ်လား.. ကျီးကောင်တွေကြောင့်ဆိုတာ"

"တကယ်ပေါ့..နို့ပေမင့် ကျီးကောင်တွေကို ဖိုးနုတ်က





နိုင်းတာတဲ့..."

"ဟင်..ဖိုးနုတ်ဆိုတာ"

"ဟိုကွာ.. မုဆိုးအိုကြီးလေ..သူတစ်ယောက်တည်းနေ တာပဲ.."

"ဟုတ်လား.. ဘယ်လိုများလဲကွာ."

"ငါသိရသလောက်..သူ့မယ် ပတ္တမြားကြီးရှိတယ်.."

"ဟော.. ဘာတွေလဲကွာ.. မင်းငါ့ကိုရှင်းအောင်ပြောစမ်းပါဦး"

ဂေါ်မုတ်က အံ့အားသင့်စွာမေးလေတော့၏။

"လူတွေပြောကြပဲ.. ဖိုးနုတ်မယ် ပတ္တမြားကြီးရှိတယ်၊ ဖိုးနုတ်က ကျိုက်စကိုင်းသား ဖိုးထိန်ကိုခုက္ခရောက်နေလို့ ကယ်ထား ရာကနေ အဲဒီဖိုးထိန်က ဖိုးနုတ်ပတ္တမြားကြီးကို ခိုးသွားတယ်ဆိုပဲ သည်တော့ ဖိုးနုတ်က ဖိုးထိန်နောက်လိုက်တာပေါ့.. သည်တော့ ဖိုးထိန်တစ်ယောက် မအူမြောင်မယ် ကျီးထိုးလို့သေပါလေရော"

"ဟော..ဘယ်လို..ဘယ်လို.. ကျီးဆိတ်လို့သေရတယ်ပေါ့"

ဂေါ်မုတ်တစ်ယောက် အံ့သြတကြီးဖြစ်နေလေတော့၏။ ဖြစ်လဲဖြစ်စရာပင်။ ကြည့်လေ လူတစ်ယောက်လုံးက ကျီးကောင် ထိုးလို့သေရတယ်လို့..သူ့ သည်တစ်ကြိမ်သာ ကြားဖူးခြင်းဖြစ်၏။ သို့ကြောင့်

"ဟိတ်ကောင် ဖိုးရှမ်း..မင်းမူးနေပြီလား.. စောစောစီးစီး ပေါက်ကရတွေ မပြောစမ်းပါနဲ့"

ဂေါ်မုတ်ကမယုံသဖြင့် သို့ပြောလာလေ၏။

"အာ..ဟုတ်ပါတယ်..ငါတို့နှစ်ယောက် အသေအချာမြင်



www.burmeseclassic.com

www.burmeseclassic.com

ခဲ့တာ‥"

"ဟော‥ဘယ်လို‥ဘယ်လို‥ပွင့်ပွင့်လင်းလင်းပြောစမ်းပါကွာ‥"

သို့ဆိုတော့ ဖိုးရှမ်းသည် သူတို့နှစ်ယောက် မအူမြောင်အတွင်း ဖိုးထိန်တဲသို့ ရောက်သွားကြပုံအပြင် သူတို့နှင့် ဘစိန်ဆုံပုံ၊ ဘစိန်က သူတို့ကို တမျိုးတမည်ထင်ပုံတို့ကိုပြောပြလိုက်ချေ၏။

"ဟုတ်ပါပြီ‥ မင်းပြောသလိုဆို‥ ဖိုးနှတ်က သူ့ပတ္တမြားကြီးကို ဖိုးထိန်ယူသွားတယ်ဆိုပြီး လိုက်ရှာနေတာ‥ ဖိုးထိန်ကိုတွေ့ပေမင့် ပတ္တမြားကြီးမတွေ့တော့ ဘစိန်ကိုထင်ပြန်တာပေါ့‥"

"အေးလေကွာ‥"

"ဟုတ်ပါပြီ‥နို့ဖြင့် မင်းက ဖိုးနှတ်နဲ့ ဘစိန်တို့ ဆုံကြပုံကို အထင်အမြင်လွဲနေကြပုံကို ဘယ်လိုလုပ်သိလဲ‥"

သို့ဂေါ်မုတ်အမေးကြောင့် ဖိုးရှမ်းတစ်ယောက် မျက်စိမျက်နှာပျက်သွားလေပြီး

"အာ‥နို့ကတော့ ငါ တစ်ဆင့်စကား ၄င်းဆင့်ကြားတာ၊ ငါတို့ဟာလာကိုသွားပြီး ရှာပြန်ကြမယ်အလုပ်မှာ ဝက်ကိုက်မြောင်ဖျားမယ် ဖိုးကလဲ သေနေတာ ကြုံတော့ကော နို့ကြောင့် ငါတို့လဲ နှစ်ယောက်တည်း ရှာပြန်ရမှာ ကြောက်တာပေါ့‥"

"ဘာဆိုင်လို့လဲ‥"

"ဆိုင်ပြီပေါ့ဂေါ်မုတ်ရာ‥ ဖိုးထိန်သေရတာနဲ့ ဖိုးကလဲသေရတာတူတူပဲတဲ့ ‥"

"ဟော"

"ဟုတ်တယ်‥နှစ်ယောက်စလုံး ကျီးတွေ ထိုးဆိတ်တဲ့





ဒဏ်ရာနဲ့သေရတာ‥ အေးတစ်ခုရှိတယ် ဘစိန်ပြောတာပဲ‥ ဖိုးနှတ်က သူတို့ကို ကျီးကောင်တွေနဲ့ လိုက်တိုက်ခိုက်ခဲ့သေးတယ်ဆိုတာပဲ‥"

"ဘယ်လိုကြောင့်လဲ‥"

"ဘစိန်ပြောတာပဲ ‥ဖိုးနှတ်က ကျီးကောင်တွေစကားနားလည်တယ်ပြောတတ်ဆိုတတ်တယ် ။နို့ကြောင့်လည်း ကျီးကောင်တွေကို ထိန်းသိမ်းစေခိုင်းနိုင်တယ်ပေါ့‥နို့ကြောင့် သူ လူတွေကို ကျီးကောင်တွေနဲ့ တိုက်ခိုက်ခိုင်းပြီး သတ်လေ့ရှိတယ်ဆိုပဲ‥ နို့ကြောင့် ငါလည်းကြောက်တာပေါ့‥နို့ကြောင့် ရှာထဲ မပြန်ပဲ ဟိုဒီလျှောက်သွားရင်း မင်းကိုသတိရတာနဲ့ လာခဲ့တာလေ"

"ဟင်‥နို့ဖြင့် မင်းက ဘယ်လိုကြောင့် ဖိုးနှတ်အဲလိုလုပ်တယ်ဆိုတာ ထင်ရတာတုန်း‥"

ဂေါ်မုတ်က မေးပြန်လေ၏။

သို့ဂေါ်မုတ်အမေးကိုတော့ဖြင့် သူ့ရှင်းအောင် မပြောပြနိုင်ပါချေ။ သို့ကြောင့်

"ကဲပါ ဂေါ်မုတ်ရာ ဒါတွေကို ထားလိုက်ပါ‥ငါတို့ မောမောပမ်းပမ်းနဲ့ ဘာစားစရာရှိတုန်း‥"

သို့ဆိုတော့ ဂေါ်မုတ်က တဲပေါ်တက်လိုက်ကာ တစုံတရာကို ရှာဖွေနေလေခြင်းကြောင့်

"မင်းဘာရှာနေတာလဲ‥" လို့ ဂေါ်မုတ်ကို မေးလေတော့၏။

"ငါမနက်က ကြွက်တစ်ကောင်ရလို့ မီးကင်ထားတယ်လေ ဘယ်သူယူသွားလဲမသိဘူး‥"



www.burmeseclassic.com

www.burmeseclassic.com

"အာ··မရှိတော့လို့နေမှာပေါ့··ထားပါ ·· ထမင်းကြမ်းရှိလား·· ငါတို့မယ် ထန်းလျက်ခဲတွေပါတယ်··"

"ဟား··ဟား··ဟား··မင်းကွာ မုဆိုးတဲလာပြီး စားစရာမရှိလို့ဆိုလို့ကြားမကောင်းပါဘူး·· ခဏလေးစောင့်နေ"

သို့ဆိုလျက် ဂေါ်မုတ်သည်တဲပေါ်မှ ဆင်းပြေးသွားလေ၏။

"သည်ကောင်ဘာဖြစ်သွားတာလဲ··"

ဖိုးထောင်က ဖိုးရှမ်းကိုမေးလေ၏။

"ပြောတတ်ဖူးကွ·· မင်းနားနေချေ·· လွတ်လွတ်လပ်လပ်နေလို့ရတယ်···သူငယ်ချင်းကြီးပဲကွ·· ဘာမှအားနာစရာမလိုဘူး"

"အေး··ငါတော့ စိတ်မောလူပင်ပမ်းဖြစ်နေပြီ။ နားချေဦးမယ်··"

သို့ဆိုလျက် ဖိုးထောင်က ကြမ်းခင်းပေါ် လှဲချလိုက်တော့၏။

ခြေဆန့်လက်ဆန့်လုပ်လိုက်၏။

"ဖိုးရှမ်းက သူတို့၏ လွယ်အိတ်များကို တဲထောင့်တွင်ချထားလိုက်၏။ ပြီးမှ သူသည်လည်း ဖိုးထောင်နံဘေးတွင် လှဲချလိုက်တော့၏။

သူတို့နှစ်ယောက်အင်မတန်းပင်ပမ်းနေချေပြီလေ။ သို့ကြောင့်မကြာမီအချိန်ကလေးတွင် အိပ်ပျော်သွားတော့၏။

သို့အချိန်တွင် သူတို့ထံသို့ ဂေါ်မုတ်ပြန်ရောက်လာလေ၏။ လက်ထဲတွင် ကြက်တစ်ကောင်ပါလာ၏။ အရှင်တော့မဟုတ်··အသေဖြစ်ချေ၏။

"သည်နှစ်ယောက် ကံကောင်းတယ် ငါညက ထောင်ထားတဲ့ သုတ်ကိုင်းမယ် သည်ကြက်ကို ရလိုက်လို့··ဟင်း ဟင်း"





"ဂေါ်မုတ်က သို့တီးတိုးပြောပြီး တဲအောက်ခြေတွင်ထိုင်လိုက်ကာ တောကြက်ကောင်ကို အရေစုတ်လိုက်လေတော့၏။

မိုက်ခွဲအူနှုတ်လေတော့၏။

တံစို့ထိုးမီးကင်လိုက်ချေတော့၏။

ပြီး ဂေါ်မုတ်တစ်ယောက် အိပ်ပျော်နေသော မိတ်ဆွေနှစ်ယောက်ကို သဘောကျစွာကြည့်ရင်း လက်စွဲဟော် ဖူးလေးကိုဆွဲ၍ တဲပေါ်မှ ဆင်းသွားပြန်၏။

"နို့က ဘယ်သွားဦးမလို့လဲ··"

သို့အသံကြီး တဲဘက်မှ လှမ်းကြားလိုက်၏။

သူထင်သည်မှာ တဲပေါ်တွင် အိပ်နေသည့် ဖိုးရှမ်းနှင့်ဖိုးထောင် တစ်ယောက်ယောက်ပေါ့·· သို့ပေမင့် မဟုတ်ပါချေ··ဖိုးရှမ်းကော ဖိုးထောင်ပါ အိပ်ပျော်နေကြသည်ပဲ·· သို့ကြောင့်မျက်မှောင်ကုတ်၍ သူ့အားလှမ်းပြောသူကို ပတ်ဝန်းကျင်တဝိုက်ဝေ့ဝိုက်ကြည့်လိုက်၏။

"ဟာ"

လူနှစ်ယောက် တဲနောက်မှ ထွက်လာချေ၏။ သူတို့ကိုမြင်လိုက်သည်နှင့် ဂေါ်မုတ်တစ်ယောက် လွန်မင်းစွာ ဝမ်းသာသွားချေတော့၏။

သို့ဆိုသလို လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ဂေါ်မုတ်တဲသို့အလည်ရောက်ခဲ့ကြသည်တွင် ၎င်း၏ မိတ်ဆွေနှစ်ယောက်ဖြစ်သည့် ဖိုးရှမ်းနှင့် ဖိုးထောင်တို့ဖြင့် ဆုံဆည်းခဲ့ကြရခြင်းဖြစ်တော့၏။

ဖိုးရှမ်းသည် ပိန်ပိန်ပါးပါး·· ဖိုးထောင်သည် ဂင်တိုတိုပုပုကွကွ ဖြစ်ကြ၏။


www.burmeseclassic.com

www.burmeseclassic.com

သူတို့ကြည့်ရသည်မှာ သဘောသိပ်မတွေ့ပါချေ။

ကျွန်တော်သတိထားမိသလောက် ဖိုးရှမ်းသည် လူလည်တစ်ယောက်ဖြစ်ချိမ့်မည်။ ဖိုးထောင်က သူ့ထက်အသက်ကြီးပုံရ၏။

ကျွန်တော်တို့နှစ်ယောက် ဂေါ်မုတ်ထံတွင်ရှိနေစဉ် သူတို့နှစ်ယောက်သည်လည်း အကြောင်းပြချက်နိုင်လုံမှုမရှိလေဘဲ ဂေါ်မုတ်တဲတွင် နေကြသူများဖြစ်ချေ၏။

"သူတို့က ဘာလုပ်ကြလဲ‥သစ်ခုတ် ဝါးခုတ်လဲမလုပ်ပဲ"

"ပျားဖွတ်ကြတာပဲ‥"

ဂေါ်မုတ်က ပြော၏။

ပျားဖွတ်ကြသူများဟုသာပြော၏။ ပျားဖွတ်သွားကြခြင်းလဲမရှိ၊ လင်းမြင့်လှိုင်နှင့် ကျွန်တော်တို့ကသာ ဂေါ်မုတ်နှင့် ရေနံချောင်းဖျားသို့သွားကာ အမဲပစ်ကြ၏။

သို့ဆိုတော့ ဂေါ်မုတ်ပါလာ၏။ သူတို့နှစ်ယောက် တဲတွင်ကျန်ရှိကြ၏။ ထင်းခြောက်များကောက်ယူ၍ စုဆောင်းပေးထားခြင်းမရှိပါချေ‥။

"ဂေါ်မုတ်‥ မင်းမို့လို သည်လိုကောင်တွေနဲ့ တွဲရတယ်လို့"

သို့ကျွန်တော်က စေတနာဖြင့်ပြောလိုက်၏။

"ကျွန်တော်သူငယ်ချင်းတွေမို့လို့ဗျာ‥နို့တော့ဝေးသေး‥"

"ဘာကိစ္စတဲ့လဲ‥ ပျားဖွတ်ထွက်တာလဲ မတွေ့ဘူး‥"

"ကျွန်တော်လဲ အဲဒါစဉ်းစားနေတာ‥သူတို့ရောက်နေတာဆရာလေးတို့ရောက်တဲ့မနက်ပိုင်းကပဲ‥ သူတို့အချင်းချင်းတတွတ်တွတ်နဲ့ ဘာတွေဖြစ်နေကြလဲမသိဘူး‥သူတို့ရွာလဲ မပြန်ကြဘူး‥ မဟုတ်မလွှဲရော ရွာမှာ ပြဿနာဖြစ်နေကြလို့ ရွာကို





မပြန်တာ ဖြစ်မယ်‥"

ဂေါ်မုတ်က သို့ပြောလေ၏။

"ဟင်း‥ဟင်း‥ဟင်း‥ဟင်း‥"

လင်းမြင့်လှိုင်က သို့ရယ်သွမ်းသွေးလိုက်ချေပြီး

"သူတို့နှစ်ယောက် နက်ဖြန်ဆို သည်ကနေ သွားကြပါလိမ့်မယ်‥" သို့ပြောလေသဖြင့် ကျွန်တော်နှင့် ဂေါ်မုတ်အံ့ဩမိသွားကြတော့၏။

လင်းမြင့်လှိုင် ဘယ်လိုသိနေပါလိမ့်‥ သူ့အား ပြောထား၍များလား‥။ သို့ဖြင့်

"အော်‥ကိုလင်းကို သူတို့က ပြောလား‥"

သို့ ကျွန်တော်က မေးလိုက်၏။

လင်းမြင့်လှိုင်က ခေါင်းကို ခါယမ်းလိုက်ချေပြီး

"ရေနံဖျားမယ် ကျွန်တော်အဖိုးအိုတစ်ယောက်နဲ့တွေ့တယ်"

"ကျွန်တော်တို့လဲ မသိလိုက်ပါကလား‥"

"အင်း‥ကိုပိုက်နဲ့ ဂေါ်မုတ်တို့ ချောင်းထဲ ရေဆင်းချိုးနေတဲ့အချိန် တဲကို အဲဒီအဖိုးအိုရောက်လာတာ‥"

"ကိုလင်းအသိလား‥"

"ဟင့်အင်း‥မသိပါဘူး‥"

"နို့ဖြင့်"

"အော်‥ အဖိုးအိုက မေးတယ်‥ လူနှစ်ယောက်တွေ့မိလားတဲ့‥"

"သည့်တော့ ကျွန်တော်က ဘယ်သူတွေလဲမေးတော့‥


www.burmeseclassic.com

www.burmeseclassic.com

ပုံပန်းသဏ္ဍာန်က ဖိုးရှမ်းနဲ့ ဖိုးထောင်တို့ပုံသဏ္ဍာန်တွေဖြစ်နေတယ်။ နို့ပေမင့် ဘာပဲဖြစ်ဖြစ်လေ··ကျွန်တော်က အဲဒီအဖိုးအိုကို ဘာမှန်း ညာမှန်း မသိတော့ လမ်းလွဲပြောလိုက်တယ်ဗျာ··"

"ဟင်··ဟုတ်လား··ဘယ်လိုလဲ ပြောပါဦး··"

"မနေ့ကတွေ့တယ်··"

"သည်နားမှာပဲလားလို့·· အဖိုးအိုက ဗျာဗျာသလဲမေးလာတယ်··နို့ ကြည့်ခြင်းအားဖြင့်အဖိုးအိုက သူတို့နှစ်ယောက်ကို အသဲအသန် တွေ့ချင်နေပုံဆိုတော့ မရိုးသားဘူးထင်တယ်·· နို့ဖြင့် ကျွန်တော်က ပုဂံချောင်းဝမှာ တွေ့လိုက်တယ်·· သူတို့အောက်ဘက် ပြန်သွားပြီပြောလိုက်တယ်·· အဖိုးအိုက ကျေးဇူးပဲကွာဆိုပြီး လှည့်ထွက်သွားတယ်·· သည်တော့ ကျွန်တော်နောက်ယောင်ခံလိုက် ကြည့်တယ်။ ရေနံဖျားနားက မကျည်းအိုင်နားမယ် အဖိုးအိုစခန်းချ နေတာကို··သူနဲ့ အတူ လူနှစ်ယောက်လည်းတွေ့တယ်··"

"ဘယ်သူတွေများပါလိမ့်··"

"နို့တော့ ဘယ်သိမလဲ·· သူတို့တွေ အဖိုးအိုနဲ့ဆုံပြီး ချက်ခြင်းပဲ အဲဒီစခန်းကနေ ပုဂံဘက်ကို ထွက်သွားကြတာပဲ··"

"သည်ကိစ္စကို ကျွန်တော်ဖိုးရှမ်းတို့ကို မနက်ကပြောလိုက်တယ်။ သူတို့နှစ်ယောက်စလုံး မျက်စိမျက်နှာပျက်သွားကြတယ်။ ပြီးတော့ နှစ်ယောက်သား ခေါင်းချင်းဆိုင်တိုင်ပင်ကြတော့တယ်။ ကြည့်ရတာတော့ သူတို့နဲ့ အဲဒီအဖိုးအိုပြဿနာ တစ်ခုခုရှိပါလိမ့်မယ်"

သို့လင်းမြင့်လှိုင်က ပြောလေသည်တွင် ဂေါ်မုတ်က

"ဟုတ်ပြီ··ကျွန်တော်သိပြီ"

သို့ဆိုလျက် ဖိုးရှမ်း၊ ဖိုးထောင်တို့နှင့် ဖိုးနတ် ပြီးတော့





ဘစိန်၊ စိန်မင်းတို့ ပတ်သက်ပုံကို ပြောပြလာလေသဖြင့် ကျွန်တော်တို့သည် ပတ္တမြားကြီးကိစ္စ အကြောင်းစုံသိလိုက်ကြလေ၏။

"ကိုလင်း ဘယ်လိုထင်လဲ··"

ကျွန်တော်က မေးလိုက်၏။

"ကျွန်တော့်အထင်တော့ သည်ပတ္တမြားကြီးကိစ္စမှာ ဖိုးရှမ်း ဖိုးထောင်ကို မသက်ဘူး··နို့ကြောင့်လဲ ဖိုးနတ်ဘိုက သူတို့နှစ်ယောက်ကို အသဲအသန် လိုက်ရှာနေတာကိုး··"

"ဘယ်လိုပဲဖြစ်ဖြစ်ဆရာလင်းရယ်·ကျွန်တော့်သူငယ်ချင်းက သူငယ်ချင်းပါပဲဗျာ·· သူတို့အတွက် အန္တရာယ်ရှိနိုင်လားဗျာ··"

ဂေါ်မုတ်က စိတ်မချမ်းသာစွာ မေးလာလေ၏။

"မင်းသူငယ်ချင်းတွေကို သိပ်ခင်လားဂေါ်မုတ်"

"ဘာပြောပြောတစ္စာတည်း သူငယ်ချင်းပါဗျာ··"

"မင်းက မိတ်ဆွေအပေါင်းအသင်းအပေါ် တကယ်ပဲ ခင်တွယ်တာကလား··အေးလေ··ခုပုံအရ ပြောရလျှင် မင်းသူငယ်ချင်းတွေ မဟုတ်တာမလုပ်လျှင်ဖြင့် အန္တရာယ်မရှိနိုင်ဘူး·· အေး ပြောပုံအရ··ပတ္တမြားကြီးကို သူတို့ဖိုးထိန်ဆီက ယူလာကြတယ် ဆိုလျှင်ဖြင့် အသက်အန္တရာယ် စိုးရိမ်ရတယ်··"

"ဟင်··တကယ်လား"

"အဲဒီ ဖိုးနတ်ဆိုတဲ့အဖိုးကြီးကြည့်ရတာ လက်မရွံ့ပုံပဲ၊ ကြည့်လေ··အသက်ရှစ်ဆယ်နားနီးနေတာတောင် သန့်သန့်မာမာ ··ဓါးသလဲကြီးပုံရတယ်··သူကြည့်ရတာ ဖိုးရှမ်းတို့နဲ့တွေ့လို့ ပြဿနာ ပြေလည်အောင် ဖိုးရှမ်းတို့က မဖြေရှင်းနိုင်လျှင်ဖြင့် သူတို့ နှစ်ယောက် အန္တရာယ်ကို မတွေ့ဝံ့အောင်ပဲ···"


www.burmeseclassic.com

www.burmeseclassic.com



"ဗျာ..ဟင်..ဘယ်လိုလုပ်မလဲ.."

"တစ်နည်းတော့ရှိတယ်.."

"ပြောပါဗျ.. ကျွန်တော့်သူငယ်ချင်းတွေကြည့်ရတာ ကြောက်လန့်ပြီး ရောင်ပြေးနေကြတာဖြစ်မယ်.."

"ဟုတ်ပါပြီ..နို့ကြောင့် သည်က ပြန်လျှင် သူတို့ကို ပွင့်ပွင့်လင်းလင်းမေးရမယ်၊ မှန်မှန်ကန်ကန်ဖြေခိုင်းရမယ်၊ ဂေါ်မုတ် မင်းလဲ သူတို့နားဝင်အောင်ပြောပြချေ. ပတ္တမြားကြီးကို သူတို့တာကယ်မယူထားပေါ့.."

"ကျွန်တော်ကြည့်ရတာတော့ သူတို့လက်ထဲ ပတ္တမြားကြီး ရှိပုံမရဘူး.. ဖြစ်ချင်မှလဲဖြစ်မယ်.. သူတို့က ကြောက်တတ်လို့ ပုန်းကွယ်နေကြတာပဲဖြစ်မယ်.. ဖိုးရှမ်းက သဘောကောင်းပါတယ်"

"ကိုလင်း..ဖြစ်နိုင်လျှင် ကူညီလိုက်ပါဗျာ.."

ကျွန်တော်က ကြားဝင်ပြောလိုက်လေ၏။

"ကူညီချင်ပါတယ်..နို့ကြောင့် သူတို့ကို အမှန်အတိုင်း ပြောပြစေချင်တာ.."

သို့ဖြင့် ကျွန်တော်တို့သည် စခန်းရှိရာ ရေနံ့ဝသို့ ပြန်ရောက်ခဲ့ကြသည်တွင်

"ဟာ"

"ဟင်"

"သည်နှစ်ယောက် မရှိတော့ဘူး..ပြေးပြီ.."

ဂေါ်မုတ်က စခန်းအနီးတဝိုက်သို့ လိုက်ရှာလေ၏။ ဖိုးရှမ်းတို့ကို အရိပ်အယောင်မျှပင်မမြင်ရပါချေ။

"သူတို့အပြစ်လုပ်ထားလို့ ပြေးကြပြီထင်ပါရဲ့."





"နို့တော့ မဟုတ်သောက်ဘူး.."

"ဘယ်လိုလုပ်ကြမလဲ.." ကျွန်တော်က ပြောလိုက်၏။

"ဘယ်လိုလုပ်ရမှာလဲ ကိုပိုက်ရယ်. သူတို့ကိစ္စ သူတို့ ဖြေရှင်းမနိုင်လို့ ပြေးသွားကြတာပဲဖြစ်မပေါ့.."

"ဟာ..သည်မယ်စာတစ်စောင်.."

သို့ရှိစဉ် ဂေါ်မုတ်က တဲအမိုးတွင် ထိုးညှပ်ထားသည့် စာတစ်စောင်ကို ယူချပေးလေ၏။

"ဘာတဲ့လဲ."

သို့ဆိုတော့ ဂေါ်မုတ်ထိုစာကို ဖြန့်၍ ဖတ်လေ၏။

"ဟာ .. ဒီကောင်တွေ.."

စာဖတ်ပြီးသည်နှင့် သို့ပြောလာသဖြင့်

"ဘာတဲ့လဲ.. ပြောပါဦး.."

"စာထဲမယ် သူတို့ကို ဖိုးနတ်ကမေးလျှင် မသိဘူး..ရှိဘူးလို့ပြောပေးပါလို့ မှာသွားတာ."

"သေချာပြီ..ကိုပိုက်..သူတို့နှစ်ယောက်အဖိုးနတ်နဲ့ တိုက်သက်ပြီး မဟုတ်တာ လုပ်ထားကြပြီ.. ဖိုးနတ် ပတ္တမြားကြီးကို သူတို့ ဖိုးထိန်ဆီက ရလိုက်ကြတယ်ထင်တယ်.. ဘာလို့လဲဆိုတော့.. ဖိုးထိန်အလောင်းကို သူတို့နှစ်ယောက်တွေ့ခဲ့ကြတာ"

"ဖြစ်နိုင်ပါ့မလား.."

ဂေါ်မုတ်ကမေးလေ၏။

"ဘယ်လိုကြောင့် မင်းအဲလိုပြောရတာလဲ"

လင်းမြင့်လှိုင်က ပြန်မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"သူတို့လက်ထဲမယ် ပတ္တမြားကြီးမရှိနိုင်ဘူး‥သူတို့ကြည့်ရတာ ကြောက်လန့်ပုံပဲတွေ့ရတယ်‥"

ဂေါ်မုတ်က ပြောလေ၏။

ဂေါ်မုတ်ပြောသလိုပင် ကျွန်တော်သတိထားမိသဖြင့် ဖိုးရှမ်း ဖိုးထောင်တို့လက်ထဲတွင် ပတ္တမြားရှိပုံမရပါချေ။

ဖိုးရှမ်းက မလည်ရှုတ်ဆိုတော့ ပြဿနာကြားလက်ဝင်လို့ လိုက်သည်ကြောင့် ကြောက်လန့်တကြား ပြေးလာကြခြင်းသာဖြစ်ချိမ့်မည်။

သို့ ကျွန်တော်၏ အထင်ကို လင်းမြင့်လှိုင်ကို ပြောလိုက်၏။ သည်တော့ လင်းမြင့်လှိုင်က တစ်ချက်စဉ်းစားလိုက်ပြီး

"ဟုတ်ပြီလေ‥နို့ကြောင့် သည်လိုလုပ်ကြမယ်‥"

"ပြောကြည့်လေ‥"

"သည်ပတ္တမြားကြီးကိစ္စကို ကျွန်တော်စိတ်ဝင်စားတာထက် ကျီးကောင်တွေက လူကို သတ်ဖြတ်ကြတယ်ဆိုတာပိုစိတ်ဝင်စားတယ်။ သည်ကိစ္စက ဖိုးနတ်နဲ့ ပတ်သက်တယ်ဆိုတော့ ကျွန်တော်တို့ သည်ကိစ္စထဲဝင်ပါလျှင် မကောင်းဘူးလား‥"

သို့လင်းမြင့်လှိုင်က ပြုံးစစမျက်နှာဖြင့် ပြောလာလေတော့၏။ သို့လည်းအဟုတ်သားကလား‥ ကျွန်တော်သည်လည်း ကျီးကောင်တို့ လူကိုသတ်ဖြတ်သည်ကို စိတ်ဝင်စား၊ ပတ္တမြားကြီးကိစ္စကိုလည်း စိတ်ဝင်စားသဖြင့် လင်းမြင့်လှိုင်အဆိုပြုသည်ကို လုံးလုံးလျားလျားကြီး ထောက်ခံလိုက်သည်ကြောင့် ‥ လင်းမြင့်လှိုင်နှင့် ထိုနေ့မှာပင် ရေနံချောင်းဝ ဂေါ်မုတ်ထံမှ ထွက်ခဲ့ကြတော့၏။





သို့ ထွက်ခဲ့ခြင်းသည် အမှန်တကယ်တော့မူ ဖိုးရှမ်းတို့ကို အမီလိုက်လိုခြင်းသာမဟုတ်၊ အမဲပစ်ရန်လည်းဖြစ်ချေ၏။ သို့ဆိုတော့ ကျွန်တော်တို့သည် တောတိုးရင်းလိုက်ခဲ့ကြခြင်းဖြစ်တော့၏။

သို့မှ ကျွန်တော်တို့သည် မြရာတောတစ်ခုသို့ ရောက်ခဲ့ကြတော့၏။ မြရာတောဆိုစေကာမူ နွယ်ပင်ငယ်တို့လည်း ရှိချေ၏။ အောက်ပေါင်းရှုတ်သည်ဟုလည်း ပြော၍မရချေ ။

မြရာတောအတွင်းလျှောက်ခဲ့ရာမှ

"ကိုလင်း‥ဟိုမယ်‥ဟိုမယ်‥"

မြရာပင်ကြီးတစ်ပင်အထက်တွင် မျောက်တစ်ကောင်တွေ့ရလေခြင်းကြောင့် ကျွန်တော်က လင်းမြင့်လှိုင်ကို ပြောလိုက်၏။

"ကိုပိုက်သာပစ်ချေဗျာ‥" ဆိုလေသဖြင့် ကျွန်တော်သည် လက်စွဲတော်သေနတ်ကို မောင်းတင်လိုက်ကာ ထိုမျောက်ကောင်ရှိသည့် မြရာပင်သို့ ခြေဖွနင်းသွားလိုက်၏။

"ကျီးလ်"

"ဟာ"

သို့ရှိစဉ် ခပ်လှမ်းလှမ်းမှ တောဝက်တစ်ကောင် ရုတ်ခြည်း ထ ပြေးသွားသည်ကြောင့် ကျွန်တော်မျောက်ကောင်ကိုပစ်ရန် စိတ်ကူး ဖျက်လိုက်ချေပြီး ထိုတောဝက်ကောင်ပြေးသွားရာသို့ လိုက်ချိန် ပစ်လိုက်ချေတော့၏။

"ဒိုန်း"

"ဖြောင်း‥ဖြောင်း‥ဖြောင်း‥"

ပစ်မှတ်လွဲချော်သွားခြင်းမရှိပါချေ‥ တောဝက်ကောင် ဝေးဝေးသို့ ပြေးနိုင်စွမ်းမရှိပါချေ‥ ရှေ့သို့ ဟပ်ထိုးလဲကျသွားသည်


www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သို့ဆိုသလို လင်းမြင့်လှိုင်က လက်ခုပ်တီး မှုဒိတာပွားလာခြင်းဖြစ်တော့၏။

မျောက်ကောင်ကတော့မှု သေနတ်သံကြောင့် အော်ဟစ်ကာ ပြေးသွားချေပြီဖြစ်တော့၏။

"ကိုပိုက်တောင် အတော်ကလေး တိုးတက်နေပါကောလား‥ ဟင်း‥ဟင်း‥ဟင်း‥"

လင်းမြင့်လှိုင်က သို့ပြောလည်းပြော တောဝက်သေကောင်ရှိရာသို့ လျှောက်လှမ်းသွားတော့၏။

သည်တော့ ကျွန်တော်သည် လက်တွင်းရှိ သေနတ်ကို ပုခုံးထက်တင်ကာ လင်းမြင့်လှိုင်နောက် လိုက်သွားချေတော့၏။

တောဝက်သည် အကောင်သေးဆိုဝေမင့် အစွယ်ကတော့ အကြီးသားကလား‥ အထီးကောင်ဖြစ်ချေ၏။

"ကိုပိုက်ရဲ့ ပစ်ချက်က ဝက်ကောင်ရဲ့နှလုံးသားတည့်တည့်ပဲဗျ‥"

လင်းမြင့်လှိုင်က တောဝက်ကောင်၏ သေနတ်ဒဏ်ရာကို ကြည့်ပြီးပြောလာလေတော့၏။

"အင်း‥တကယ်တော့ ကျွန်တော်ထိလျှင်တော်ပြီဆိုပြီး ပစ်လိုက်တာပဲဗျ‥ နှလုံးသားကို ထိအောင်ဆိုပြီး ပစ်ကာတော့ မဟုတ်ပါဘူး‥"

သို့ ကျွန်တော်က ဝန်ခံလိုက်ချေ၏။

"အင်း‥ကိုပိုက်က ရိုးသားတာပဲဗျ‥ တစ်ချို့ဆိုလျှင်ဖြင့် ကြက်ကန်းဆန်အိုးတိုးတာကို မှိန်းနေတတ်ကြတယ်။ တကယ်တော့ ဘယ်သူမဆို အများအားဖြင့် ပြေးလွှားနေတဲ့ သတ္တဝါကောင်ကို ပစ်ကြတယ်ဆိုလျှင်ဖြင့် ကောင်လုံးကို ဘယ်ထိထိခ်ပြီး ပစ်ကြတာများပါတယ်။ ကျွန်တော်လဲ အဲလိုပါပဲဗျာ‥ ဟင်း‥ဟင်း‥ နှလုံးသားရယ်လို့ ‥ ဝမ်းဗိုက်ရယ်လို့ ‥ လက်မြင်ဖှယ်လို့ သတ်မှတ်ပြီး ချိန်ရွယ်ပစ်ဖို့ဆိုတာ လွယ်မှတ်လို့လျှာ‥"

လင်းမြင့်လှိုင်က သို့ပြောပြီး ဝက်ကောင်သေနားတွင် ထိုင်ချလိုက်လေတော့၏

ပြီး‥ လင်းမြင့်လှိုင်က ဝက်သေကို ထမ်းပိုးရန် ကောက်မလိုက်ချေတော့၏။

"ကိုလင်းတစ်ယောက်တည်း မဖြစ်ပါဘူး‥ ကျွန်တော်ပါ ဝိုင်းကူမှ ရမှာ‥"

သို့ဆိုလျှက် ကျွန်တော်သည် ခပ်လှမ်းလှမ်းရှိ ဝါးပင်မှ ဝါးတစ်လုံးကိုခုတ်လိုက်ချေတော့၏။

သို့ဆိုတော့ လင်းမြင့်လှိုင်ကလည်း မြရာပင်တစ်ပင်ထက်သို့ နွယ်တက်နေသော နွယ်တစ်ချောင်းကို ခုတ်လိုက်ချေ၏။ ထိုနွယ်ဖြင့် ဝက်သေကောင်ကို တုတ်နှောင်ကာ ဝါးလုံးလျှို၍ နှစ်ယောက်ထိုးနေရာမှ ထမ်းပိုးထွက်ခဲ့ကြတော့၏။

"ဟင်း‥ဟင်း‥ဟင်း ကျွန်တော်တို့တော ဟိုနှစ်ပေါက်ကို တွေ့ဖို့လမ်းမမြင်တော့ဘူးဗျ‥ သည်ဝက်ကောင်ကို ဖျက်ပြီး စားကြဦးမှာ မဟုတ်လား‥"

သို့ ကျွန်တော်က ပြောလိုက်၏။

"ကိစ္စမရှိပါဘူးဗျ‥ သည်လောက်ကြီးလဲ မဟုတ်ပါဘူး‥ ကျွန်တော် စိတ်ဝင်စားတာလောက်ပဲရှိတာပါ‥"

လင်းမြင့်လှိုင်က သို့ပြောပေမင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်





www.burmeseclassic.com

www.burmeseclassic.com

သည့် ဝက်ကောင်ကို ထမ်းပိုးလာကြရာမှ

"ရှေ့နားကချောင်းရှိတယ်။ အဲဒီနားမှာ ခြေခင်းလက်ခင်းသာတဲ့ နေရာရှာပြီး နားကြရင်း သည်ကောင်ကို အသားဖျက် မီးကင်စားကြတာပေါ့··"

သို့ပြောလေ၏။ တကယ်တော့ ဝက်ကောင် သည် သိပ်ကြီးလှသည်လည်းမဟုတ်။ သေးလှသည်လည်းမဟုတ်။ခွေးသာသာပင်ရှိချေ၏။ သို့ပေမင့် အလေးချိန်နည်းလှသည်တော့ မဟုတ်။ နင့်နေအောင် ထမ်းနေကြရသည်ကြောင့် ကျွန်တော် နားလိုခြင်းဖြစ်တော့၏။

ကျွန်တော်၏ ဆန္ဒပြည့်လေသည်ဟု ဆိုရခြိမ့်မည်။ ဘယ့်တွက်မှု လင်းမြင့်လှိုင်သည် ချောင်းရှိရာသို့ပင် မသွားတော့ဘဲ ကမူလေးသဏ္ဍာန်ဖြစ်နေသည့်နေရာတွင် နားရန် ဆုံးဖြတ်လိုက်ခြင်းကြောင့်ဖြစ်ချေ၏။

"နို့ဖြင့် ကိုလင်းချောင်းရှိရာသို့ သွားမယ်ဆို··"

ကျွန်တော်က မေးလိုက်၏။

"သည်နေရာ ကောင်းတယ်ထင်လို့တော့ မဟုတ်ဘူးကိုပိုက်ရဲ့· အမှန်ပြောရလျှင်ဖြင့် ကျွန်တော့်စိတ်ထဲမှာ တစ်ခုခု ခံစားနေရသလိုပဲ··နို့ကြောင့် သည်ကနေ့ သည်မှာပဲ နားလိုက်တော့မယ် ဆုံးဖြတ်လိုက်တာ··"

လင်းမြင့်လှိုင်စကားကြောင့် ကျွန်တော့်နားမလည်နိုင်အောင် ဖြစ်သွားရတော့၏။

ဘယ်လိုကြောင့် လင်းမြင့်လှိုင်သို့ပြောရတာပါလိမ့်··

လင်းမြင့်လှိုင်နေထိုင်မှ ကောင်းပါရဲ့လား··။





ကျွန်တော်သည် ဝက်ကောင်ထမ်းပိုးခြင်းကို အဆုံးသတ်လိုက်ရပေမင့် လင်းမြင့်လှိုင်အတွက် စိုးရိမ်မိလေတော့သဖြင့် လင်းမြင့်လှိုင်ခြေပစ်လက်ပစ်ထိုင်ချလိုက်သည့် ဘေးတွင် ကပ်ထိုင်လိုက်ကာ···။

"ကိုလင်း နေထိုင်ကောင်းရဲ့လား·· ဘာဖြစ်နေလို့လဲ··"

သို့ဆိုတော့ လင်းမြင့်လှိုင်က ကျွန်တော်ကို သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံ ပြုံးလာချေပြီး

"ကျွန်တော် ဘာမှမဖြစ်ပါဘူး · ·သွားရင်းလာရင်း ဟိုနှစ်ယောက်ကို သတိရလို့ပါ"

"ပြောပါဦး··"

"အော်··ဘာမှ မဟုတ်ပါဘူး·· သည်လမ်းကြောတစ်လျှောက် ကျွန်တော် ဂရုတစိုက်ကြည့်လာတာမှာ အန္တရာယ်အငွေ့အသက်ရှိနိုင်တယ်ထင်လိုက်ကာ ဟိုနှစ်ယောက်အတွက် စိုးရိမ်မိတာပါ··"

"ဗျာ ·· ဘယ်လို··ဘယ်လို·· ရှင်းအောင်ပြောပါလား"

ကျွန်တော်နားမလည်နိုင်အောင် ဖြစ်ရချေတော့၏။

"စောစောက လေအပင့်မယ် ကျွန်တော်ဟင်းကောင်ရဲ့ ရနံ့ကိုရလိုက်သလိုပဲဗျ··"

"ဟင် ··နို့ဖြင့် ဟင်းကောင်သည်နားဘဝိုက်ရှိတယ်ပေါ့"

သို့ဆိုတော့ ကျွန်တော်က အထိတ်တလန့်ဖြစ်ကာ မေးလိုက်၏။

"အဲလိုမဟုတ်ဘူး··ဟင်းကောင်က သည်နားခန်းကျင်လောက်မယ် သားကောင်ကို သတ်ဖြတ်စားသောက်နေတယ်··



www.burmeseclassic.com

www.burmeseclassic.com

ပြီး‥ လဲလျောင်းနားနေကောင်း နားသွားပါလိမ့်မယ်‥ နို့ဆိုတော့ သစ်တပင်မယ် သူ့ရဲ့ ခန္ဓာကိုယ်နဲ့ ထိကပ်နေတာကြောင့် သူ့ရဲ့ ရနံ့ ကျန်ခဲ့ကောင်းကျန်ခဲ့ပါလိမ့်မယ်။ ကျွန်တော်ရလိုက်တာ အဲလိုရနံ့မျိုးပါ‥ သည်နားတော့ မရှိလောက်တော့ပါဘူး‥"

"တော်ပါသေးရဲ့ဗျာ‥"

"ကဲ‥ ကိုပိုက်ဘယ်လိုမှ မထင်ပါနဲ့‥ သည်ကောင်ကို အသားဖျက်ချေဗျာ‥ ကျွန်တော်ဟိုရှေ့နားလေး သွားကြည့်ချေဦးမယ်‥"

"ဟင်‥ ဘာကိုလဲ‥ ဘယ်ကိုလဲ ‥ ဘာသိထားလို့လဲ"

"ဘာမှမဟုတ်ပါဘူးကိုပိုက်ရယ်‥ ရေလေးဘာလေးရှာရင်း ထင်ခြောက်ရှာမယ်‥ အဲဒီသဘောပါ‥ ကိုပိုက်က ဘယ်လိုထင်လို့လဲ‥"

"ဟင်း‥ ဟင်း‥ ဟင်း‥ ကျားကောင်ရဲ့ ရနံ့ရတယ်ဆိုတော့ ကျွန်တော်အမှန်ပြောရလျှင် နည်းနည်းတော့ တုန်လှုပ်မိတယ်ဗျာ‥ နို့ကြောင့်ပါ‥"

"ဟာ ‥ စိတ်ချနေခဲ့ပါကိုပိုက်‥ အဲလောက်ကြီးလဲ မစိုးရိမ်ပါနဲ့။ စိုးရိမ်စရာကောင်းတဲ့နေရာမျိုးမယ် ဘယ်လိုလုပ် စခန်းချနေပါ့မလဲဗျာ‥"

သို့လည်း အဟုတ်သားကလား‥။

"ဟင်း ‥ ဟင်း‥ ဟင်း‥ ကျွန်တော် အတွေးလွန်သွားတာပါ‥ ဟဲ‥ ဟဲ‥ ဟဲ‥"

"ကဲ‥ ကိုပိုက်နေခဲ့ချေ‥"

ကျွန်တော်သည် လင်းမြင့်လှိုင်ထွက်သွားသည်နှင့် တောဝက်ကောင်ကို အသားဖျက်ရန် တာစူလိုက်ချေတော့၏။

ကျွန်တော်တောဝက်ကောင်ကို အသားဖျက်နေရာမှ အတန်ကြာအချိန်လောက်တွင် လင်းမြင့်လှိုင်ထွက်သွားရာဘက်မှ သေနတ်သံတစ်ချက်ကို ကြားလိုက်ရချေတော့၏။

ထိုသေနတ်သံသည် လင်းမြင့်လှိုင်ပစ်ခတ်သည့်သေချာပေမင့်စဉ်းစား၍ မရသည်မှာ လင်းမြင့်လှိုင်သည် သားကောင်တစ်ကောင်ရပြီးလျှင် နောက်ထပ် သားကောင်ကို ပစ်လေ့ပစ်ထမရှိပါချေ။ သို့ဆိုတော့ ထိုသေနတ်သံသည် လင်းမြင့်လှိုင်သေနတ်သံဖြစ်ခဲ့ပါမူ လင်းမြင့်လှိုင်အတွက် အန္တရာယ်ကိုတားဆီးပစ်ခတ်လေခြင်းမှလွဲ၍ အခြားမဖြစ်နိုင်ပါချေ‥။

မည်သို့ပင်ဆိုစေ ကျွန်တော် လင်းမြင့်လှိုင်အတွက် စိုးရိမ်မိပေတော့၏။ ဝက်ကောင်ကိုအသားဖျက်နေရပေမင့် စိတ်ကားလင်းမြင့်လှိုင်ထံတွင် ရှိနေချေတော့၏။ သို့ကြောင့်လည်း လင်းမြင့်လှိုင်ထွက်သွားရာဘက်သို့ လင်းမြင့်လှိုင် ပြန်လာနိုးစောင့်မျှော်ကြည့်နေမိတော့၏။

လင်းမြင့်လှိုင်ဘာတွေများဖြစ်နေပါလိမ့်။ အန္တရာယ်နှင့် ထိပ်တိုက်တွေ့နေလေသည်များလား‥‥။

ကျွန်တော်သည် လင်းမြင့်လှိုင်အတွက် စိုးရိမ်စိတ်ဖြစ်နေရခြင်းကြောင့် ကျွန်တော်၏ စိတ်သည် လင်းမြင့်လှိုင်ထံတွင်သာရှိချေ၏။ လင်းမြင့်လှိုင် အပြန်လမ်းကို စောင့်မျှော်နေမိခြင်းအာရုံသာ ရှိချေ၏။ သို့ကြောင့်လည်း

"ကျီးလ်"

"ဟာ"




ချမ်းမြေ့သီတာစာပေ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်၏ နောက်ဖက်မှ သို့ဆိုသလို အသံကြောင့် လှည့်ကြည့်လိုက်မိ၏။ မြင်လိုက်ရသည့်မြင်ကွင်းကြောင့် ကျွန်တော်ထိတ်လန့်သွားတော့၏။ ဘာလုပ်လျှင် ကောင်းမည်လဲစဉ်းစားမရဖြစ်ရလေ၏။ ခက်သည်က ကျွန်တော်သည် ဝက်ကောင်ကို အသားဖျက်နေလေခြင်းကြောင့် လက်စွဲတော်သေနတ်ကို ခပ်လှမ်းလှမ်းသစ်ပင်အောက်ခြေတွင်ကပ်လျက်ထောင်ထားခြင်းကြောင့် လူနှင့်သေနတ် အတန်ငယ်ကွာဝေးနေလေ၏။ ကျွန်တော်မြင်လိုက်သည်မှာ ထင်မှတ်မထားသော မြင်ကွင်းဖြစ်ချေ၏။ ထိုသည်ကား ဆင်ရိုင်းကောင်ဖြစ်ချေတော့၏။ ကျွန်တော်ကို မမိုတ်မသုန်ကြည့်နေလေ၏။ ကြည့်ရသည်မှာ နှာမောင်းတရမ်းရမ်း ရှိနေချေ၏။ နားရွက်တဖျတ်ဖျတ်ခတ်နေလေ၏။ ကြည့်ရသည်မှာ ထိုဆင်ရိုင်းကောင်သည် သူ့လမ်းသူလျှောက်နေရာမှ ကျွန်တော့်ကို မြင်လိုက်သည်ကြောင့် သို့ဆိုသလို တစ်ချက်အော် မြည်လိုက်လေပြီး ရပ်တန့် စူးစိုက်ကြည့်နေလေခြင်းဖြစ်တော့၏။ တောဆင်ရိုင်းကောင်ခုံးဖြတ်ချက်မည်သို့ရှိမည်ဆိုသည် ကျွန်တော်၏ ကံကြမ္မာနှင့် ဆိုင်ပေ၏ ။ ဝါးလုံးထိုးတိုက်ခိုက်လာမည်ဆိုလျှင် ကျွန်တော် နှင့် လင်းမြို့လှိုင် ပြန်ဆုံစရာ အကြောင်းမရှိနိုင်ပါချေ။ အကယ်၍ သူလမ်းသူ လမ်းလွှဲထွက်သွားပါက ကျွန်တော် ကံကောင်းလွန်းသည်ဟု ဆိုရပေမည်။ ကျွန်တော့်ဘဝသည် တောဆင်ရိုင်းကောင်၏ ဆုံးဖြတ်ချက်တွင် မူတည်နေလေတော့၏။ အကယ်၍ ကျွန်တော်လက်ထဲ သေနတ်ရှိနေမည်ဆိုပါက ထိုကံကြမ္မာအကောင်းအဆိုးကို ကျွန်တော်ဆုံးဖြတ်ခွင့်ရပေလိမ့်မည်။

ကျွန်တော်သည် သေနတ်ဖြင့် ထိုတောဆင်ရိုင်းကောင်ကို ပစ်ခတ်ခြောက်လှန့်မည်ဆိုပါက ကျွန်တော့်တွက် အားသာပေ၏။





ကံဆိုးလွန်းမကာ ဆိုးလေမှ သေနတ်သံကိုလည်း မကြောက်ဘဲ ကျွန်တော့်အား အတင်းပြေးဝင်တိုက်ခိုက်လာပါက ကျွန်တော်ခုံးဖြတ်ချက် မှားသွားပြီဟု ဆိုရချိမ့်မည်။

မည်သို့ပင်ဆိုစေ တောဆင်ရိုင်းကောင်ကို ကျွန်တော် မမိုတ်မသုန်ကြည့်နေမိတော့၏။

တောဆင်ရိုင်းကောင်နှာမောင်းတရမ်းရမ်း နှင့် နားရွက်တဖျတ်ဖျတ်ခတ်နေခြင်းကို ကျွန်တော်သဘောကျမိလေတော့၏။ အကယ်၍များ နှာမောင်းယမ်းခါခြင်းမရှိ နားရွက်ခတ်ခြင်းမရှိတော့ကာ ကျွန်တော့်အားစူးစိုက်ကြည့်နေပြီဆိုပါက ကျွန်တော်သေဖို့ပဲ ရှိတော့၏။ တောဆင်ရိုင်းကောင်၏ သို့အပြုအမူသည်တိုက်ခိုက်လိုခြင်း ဖြစ်သည်ကိုး . . ။

မည်သို့ပင်ဆိုစေ ခလုတ်ထိမှ အမိတဆိုသလို ကျွန်တော်သည် တောမုဆိုးတစ်ယောက်ဖြစ်သော်လည်း မိမိအသက်ဘေးနှင့် ပတ်သက်လာသောအခါ ဘုရားတမိတော့၏။ ရယ်စရာတော့ အကောင်းသားကလား..။

"ကျိုးလ်.."

တောဆင်ရိုင်းကောင်သည် သို့ တစ်ချက်အော်ပာပ်လာပြန်၏။ နှာမောင်းကို ဦးခေါင်းပေါ်သို့ မြှောက်တင်ယမ်းခါနေပြန်၏။ ကိုယ်လုံးတရမ်းရမ်း ရှိနေပြန်လေ၏။

"ဘုရား..ဘုရား.."

သို့ရှိစဉ်

"ဒိန်း..ဒိန်း..ဒိန်း..ဒိန်း.."

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံ၊ ပေးချက်ထွက်လာလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ယမ်းအားပေါက်ကွဲသံ ရှူးရှူးဝါးဝါးကြောင့် တောဆင်ရိုင်းကောင်သည် နောက်လှည့်ပြေးသွားချေတော့၏။

"ဗျူး..တော်ပါသေးရဲ့.." သေနတ်သမားကြောင့် ကျွန်တော် အသက်ရှူခွင့် ရလိုက်လေခြင်းဖြစ်တော့၏။

ထိုသေနတ်သမားသည် လင်းမြင့်လှိုင်သာဖြစ်လိမ့်မည်။ ကျွန်တော့်နောက်တွင်ရှိ တောဆင်ရိုင်းကောင်ကို ကျွန်တော်လှည့်ကြည့်နေခြင်းဆိုတော့ လင်းမြင့်လှိုင်ပြန်လာမည့်လမ်းကို ကျွန်တော် ကျောပေးထားသလိုဖြစ်နေလေ၏။ သို့ သေနတ်သံသည် နောက်ကွယ်မှ ထွက်ပေါ်လာခြင်းဆိုတော့ လင်းမြင့်လှိုင်သာဖြစ်ဖို့များသည်ကိုး သို့ကြောင့် ကျွန်တော်ထံသို့ ပြေးပြေးကြီး လျှောက်လာမည့် လင်းမြင့်လှိုင်ကို ကပျာကသီလှမ်းကြည့်လိုက်တော့၏။

"ဟာ"

ကျွန်တော်ထင်ထားသလို လင်းမြင့်လှိုင် မဟုတ်ပါကလား။

"မောင်ရင် ကျုပ်ကိုသိပါတယ်နော်.."

သို့ဆိုတော့ ထိုလူကို ကျွန်တော် အသေအချာကြည့်လိုက်၏။ အလိုလေးဗျာ.. ဘယ်သူများမှတ်တယ် .. လင်းမြင့်လှိုင်နှင့် ကျွန်တော် ထိုလူကြီးကို မကြာသေးသောအချိန်က ဆုံခဲ့ဖူးသည်ပဲ.. ထိုသူကား ဖိုးနတ်ဆိုသူဖြစ်ချေတော့၏။

"ခင်ဗျား..ဖိုးနတ် မဟုတ်လား.."

"အင်း..ဟုတ်တယ်လေ.. ဘာလို့တုန်း.."

ဖိုးနတ်က သို့ပြောပြီး ကျွန်တော့်ထံသို့ တရွေ့ရွေ့လျှောက်လာလေ၏။ သူ့လက်ထဲတွင် သေနတ်တလက်ရှိချေ၏။ ထိုသေနတ်ကို ကျွန်တော်စေ့စေ့စပ်စပ်ကြည့်လိုက်သည်တွင်





"ဟင်"

ဖိုးနတ်လက်ထဲက သေနတ်သည် လင်းမြင့်လှိုင်သေနတ်ဖြစ်ချေ၏။ သို့ကြောင့် ကျွန်တော်လင်းမြင့်လှိုင်အတွက် စိုးရိမ်မိသွားရချေတော့၏။ ဘယ်တွက်မှ လင်းမြင့်လှိုင်သည် သူ၏ သေနတ်ကို ကိုယ်နှင့်မကွာ ထားတတ်သူဖြစ်ချေ၏။ ယခုသူ၏ သေနတ်သည် လူစိမ်းတစ်ယောက်လက်ထဲတွင် ရှိနေသည်ဆိုတော့ ထိုလူစိမ်းလက်ထဲ လင်းမြင့်လှိုင်သေနတ် မည်သို့ရောက်နေရပါသနည်း။

သို့ ကျွန်တော်စဉ်းစားရင်း ဖိုးနတ်ကို စေ့စေ့ကြည့်လိုက်၊ လက်ထဲမှ သေနတ်ကို ကြည့်လိုက်လုပ်နေသည့်တွင် ဖိုးနတ်က ဘာကို သဘောပေါက်သွားလေသည်မသိ၊ ကျွန်တော့်ကို ကြည့်နေရသော သူ၏ အကြည့်သည် ချက်ခြင်းပြောင်းလဲသွားတော့၏။

ရှုတည်တည်ကြီးဖြစ်သွား၏။

သို့ကြောင့် ကျွန်တော်သည် ကပျာကသီထရပ်လိုက်ကာ ခပ်လှမ်းလှမ်းတွင် ရှိနေသည့် ကျွန်တော်သေနတ်ထံ ပြေးသွားလိုက်သည်တွင်..

"ဒိန်း"

အလိုလေးဗျာ.. ဖိုးနတ်က ကျွန်တော်ဘာလုပ်မည်ကို သိသွားပုံပင်.. သို့ဆိုသလို ကျွန်တော်လက်ထဲသေနတ်ကို အရောက်မခံလိုသည်ကြောင့် ပစ်လိုက်လေခြင်း ဖြစ်တော့၏။

ကျွန်တော်သေနတ်ရှိရာသို့ မရောက်လိုက်ချေ။ ကျွန်တော့်ရှေ့သို့ ဖိုးနတ်ရောက်လာလေ၏။ ကျွန်တော့်လက်ခဲ့တော် သေနတ် သူ့လက်ထဲရောက်သွားရပြန်ချေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟင်း··ဟင်း··ဟင်း·· မင်းဘာကို စိုးရိမ်နေတာလဲ·· မင်းမိတ်ဆွေအတွက်လား··ဘာကြောင့်လဲ··"

သို့မေးလာသဖြင့် ကျွန်တော်က

"သူသေနတ် ခင်ဗျားလက်ထဲ ရောက်နေတယ်ဆိုတော့· သူ့အတွက် စိုးရိမ်မိသလို ကျွန်တော့်အတွက် စိုးရိမ်စရာ မဟုတ်လား·· နို့ကြောင့်··"

"ဟား··ဟား··ဟား·· ဟုတ်ပါပြီ··ဟုတ်ပါပြီ·· မင်းဘာမှ စိတ်ပူစရာမလိုပါဘူးကွာ·· မင်းမိတ်ဆွေ ဘာမှမဖြစ်သေးပါဘူး··"

"ဟင်း·· ဘာမှ မဖြစ်သေးဘူးဆိုတာ တစ်ခုခုဖြစ်လာလိမ့်မယ်လို့ ဆိုလိုချင်တာပေါ့·· သို့ကြောင့်

"နို့ဖြင့်လဲ ပွင့်ပွင့်လင်းလင်းပြောပါဗျာ·· ကိုလင်း ဘယ်မှာလဲ·· သူ့ကို ဘာလုပ်လိုက်တာလဲ··"

"အေး··လောလောဆယ်တော့ ဘာမှ မလုပ်သေးပါဘူး။ စိတ်ချပါ··"

သူ့ကိုတစ်ခုတရာလုပ်ဖို့ မလုပ်ဖို့ဆိုတာ မင်းမှာမူတည်တာပဲကွ··"

"ဘုရားရေ·· ဘာကိုဆိုလိုချင်တာပါလိမ့်··"

"ရှင်းအောင်ပြောလို့ဖြစ်မလား··"

"ဖြစ်တာပေါ့··သိပ်ဖြစ်တာပေါ့·· အေး တစ်ခုပဲ ပြောမယ်။ မင်းဆီမယ် ပတ္တမြားကြီးရှိတယ်မဟုတ်လား··"

"ဘုရားရေ·· ဘုန်းကြီးအမှု ရှာပတ်နေပါပြီကော·· ဘာကို ပြောချင်တာပါလိမ့်·· ပတ္တမြားကြီးကိစ္စကိုတော့ ကျွန်တော်သိပါ၏။





သို့ပေမင့် ဘယ်လိုလုပ် ကျွန်တော်တို့နှင့် ပတ်သက်ပါလိမ့်မည်နည်း။ ကြည့်ရတာ ဖိုးနတ်တစ်ယောက် ပတ္တမြားကြီးနှင့် ပတ်သက်၍ မယုံသင်္ကာဖြစ်နေပုံပင်။ သို့ဖြစ်သည်ကြောင့်

"ဘယ်လိုဖြစ်နိုင်မှာလဲ ဖိုးနတ်ရယ်··· ပတ္တမြားကြီးနဲ့ ကျွန်တော်တို့နဲ့က ဘယ်လိုပတ်သက်နိုင်မှာမို့လဲ··"

"အေး··နို့ဖြင့် ငါပြောမယ်·· မင်းဆီကို ဟိုနှစ်ယောက် လာကြတယ် မဟုတ်လား··"

"ဘယ်နှစ်ယောက်လဲ··"

"ဖိုးရှမ်းနဲ့ ဖိုးထောင်၊

"ဗျာ"

သို့ဆိုတော့ ကျွန်တော်ထိတ်လန့်သွားရချေတော့၏။ သူတို့ နေ့ကထိရှိနေကြသေး၏။ ယနေ့မနက် သူတို့ရှိချေပြီ၊ သို့အချိန်ကျ ဖိုးနတ်က ရောက်လာရတယ်လို့·· သို့ဆိုတော့ ကျွန်တော်က ရှမ်းတို့နှင့်ဆုံပုံ သူတို့ထံမှ ပတ္တမြားကြီးကိစ္စမေးစမ်းကြည့်မည် အပြုတွင် သူတို့ထွက်ပြေးသွားကြပုံကို ပြောပြလိုက်လေ၏။

သည်တွင် ဖိုးနတ်တစ်ယောက် ··ဟက်ဟက်ပက်ပက် ယ်မောလိုက်ချေပြီး

"ဟား··ဟား··ဟား··ဟား·· ဟား··ဟား··ဟား· င်းတို့ ဝန်ခံလိုက်ပြီပဲ··"

"ဗျာ ·· ဘာတွေကို ဝန်ခံရမှာတုန်းဗျာ··"

"ကျွန်တော် ဖိုးနတ်ကို နားမလည်နိုင်သော အကြည့်ဖြင့် ကြည့်လိုက်လေသည်တွင်···"

"မင်းခုလဲ ပြောပြီလေ·· ပတ္တမြားကြီးနဲ့ မပတ်သက်ဘူးသိ

ပြောသေးရဲ့ ပတ္တမြားကြီး သူတို့ဆီမှာ ရှိတာကိုသိပြီးစုံစမ်းချဦးမယ် ဆိုတာဘာလဲ‥ မင်း ပတ္တမြားကြီးအကြောင်းလဲသိတယ်‥ ပတ္တမြားကြီး ဘယ်သူ့ဆီမယ်ရှိတယ်ဆိုတာလဲ သိနေတယ်ဆိုတော့ ကဲ‥မှန်မှန်ပြော…"

အလိုလေးဗျာ‥ ဟုတ်ပါပြီ‥ ကျွန်တော်သိလိုက်ချေပြီ။ ကျွန်တော်စွပ်စွဲခံရခြင်းပါကလား။ သို့ကြောင့် ဖိုးရှမ်းတို့နှင့်ဆုံပုံ၊ ညက သူတို့ထွက်ပြေးသွားကြပုံကို ပြောပြလိုက်လေတော့၏။

သို့တောင်မှဖိုးနတ် ယုံချင်ပုံသိပ်မတွေ့ရချေ။ သို့ပေမင့် ကျွန်တော့်ပြောစကားကြောင့် ဖိုးနတ်တစ်ယောက် လက်မခံချင် လက်ခံလိုက်ရသည့်ပုံပင်…။

"သူတို့ဘယ်ကိုသွားကြပြန်ပြီလဲ‥"

"နို့တော့ဘယ်သိပါ့မလဲ‥ကျွန်တော်တို့ မသိအောင်ထွက် သွားကြတာပဲ‥"

"တောက်"

သို့ဆိုဘော့ ဖိုးနတ်တစ်ယောက် မကျေမနပ်ဖြင့် တောက် တစ်ချက်ခေါက်လိုက်ချေတော့၏။

"နို့ပြောလေ‥ကိုလင်းဘယ်မှာလဲ‥"

"ကျွန်တော်ရှိပါတယ်‥ ဒီမှာပါ‥"

"အလိုလေးဗျာ‥သို့အသံနှင့်အတူ လင်းမြင့်လှိုင် ရောက်လာ လေ၏။ သူတစ်ယောက်တည်းတော့ဖြင့်မဟုတ်‥"

ဘစိန်၊ စိန်မင်းတို့လည်း ပါလာချေ၏။

သူတို့က လင်းမြင့်လှိုင်ကို ကြိုးဖြင့် တုတ်နှောင်ထားခြင်း ဖြစ်၏။





"သူ့ကို ဘာလို့ အဲလိုလုပ်ရတာလဲ‥"

သို့ ကျွန်တော်က ပြောလိုက်လေမှ

"ဟုတ်တယ်‥ဟုတ်တယ်‥သူ့ကို ကြိုးဖြေပေးလိုက်ချေ တော့‥"

ဖိုးနတ်က သို့ပြောလေမှ စိန်မင်းသည် လင်းမြင့်လှိုင်အား တုတ်နှောင်ထားသော ကြိုးတို့ကို ဖြေပေးလိုက်ချေတော့၏။

"ကျွန်တော်ပြောတာ ယုံပြီမဟုတ်လား‥"

လင်းမြင့်လှိုင်က ဖိုးနတ်ကိုပြောလိုက်ချေ၏။

"အင်း‥သည်နှစ်ယောက်အတော်ဖမ်းခက်တာကလား။ ငါသူတို့ကိုတွေ့လို့ကတော့ တစစီကို လုပ်ပစ်လိုက်မယ်‥"

ဖိုးနတ်က သို့ကြိမ်းဝါးလေတော့၏။

"ကဲ‥ဘစိန် ငါတို့သွားကြမယ်‥"

ဖိုးနတ်က သို့ပြောလေသဖြင့် ဘစိန်တစ်ယောက်မျက်လုံးပြူး သွားကာ

"ဘယ်သွားမှာလဲ‥အချိန်နည်းနေပြီလေ"

သို့ဆိုတော့မှ ဖိုးနတ်သည် ကျွန်တော်နှင့် လင်းမြင့်လှိုင်ကို ကြည့်လာချေပြီး

"ငါတို့တွေ သည်မယ် ညအိပ်လို့ရတယ်သား‥"

"အား‥ရတာပေါ့‥"

လင်းမြင့်လှိုင်က သွက်လက်စွာ ပြောလိုက်လေ၏။

သို့ဆိုတော့ ကျွန်တော်က လင်းမြင့်လှိုင်ကို အဓိပ္ပါယ်ပါပါ လှမ်းကြည့်လိုက်ချေ၏။

သို့မှ

www.burmeseclassic.com



"အာ·· ခင်ဗျားတို့တွေတွက် စားစရာ လုံလောက်တယ်ဆို ပေမင့် မြင်တဲ့အတိုင်းပဲ ထင်းခြောက်တွေလိုတယ်··"

သို့ဆိုတော့ ဘစိန်၊ စိန်မင်းတို့သည် အနားဝန်းကျင်ရှိ ထင်းခြောက်တို့ကို လိုက်လံစုဆောင်းပေးလေတော့၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ရေချိုးထွက်ခဲ့ကြသည်တွင်

"ကိုလင်းသေနတ်ဘယ်လိုလုပ် သူ့လက်ထဲ ရောက်သွားရတာလဲ··"

ကျွန်တော်က မေးလိုက်ချေတော့၏။

"ကိုပိုက် ဘယ်လိုထင်လဲ··"

"သူကိုလင်းကို တစ်ခုခုလုပ်ပြီး သေနတ်ကို ယူလာတယ်လို့ ပေါ့··"

သို့ဆိုတော့ လင်းမြင့်လှိုင်က ခေါင်းကို ခါယမ်းလိုက်ချေ ပြီး··

"နို့တော့မဟုတ်ပါဘူးဗျာ··"

"နို့ဖြင့်ပြောပါဦး··ကိုလင်းက ဘယ်တော့မှ သေနတ်ကို ကိုယ်နဲ့ကွာတာမဟုတ်ဘူး··"

သို့မေးလိုက်သည်တွင် လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံပြုံးလာချေပြီး

"ကိုပိုက်သိတဲ့အတိုင်း ကျွန်တော်စခန်းက ထွက်လာတာ ရေ့လှမ်းလှမ်းတောနက်ထဲ ရောက်တော့ မျောက်သံကြားတယ် မျောက်မြီးရှည်ပါ။ သည်ကောင်ဘာဖြစ်လဲမသိဘူး··တစ်ကောင်တည်း ဆူညံနေတာပဲ·· ကျွန်တော်ကိုတွေ့လို့လည်း မဟုတ်ဘူး··နို့ကြောင့် ဘာဖြစ်တာလဲပေါ့·· ကျွန်တော်မျောက်ကောင်ကို သေသေချာချာ





ကြည့်နေလိုက်တယ်။ အဲဒီအချိန်မှာပဲ မျောက်ကောင်ဘာကြောင့် အော်နေရလဲဆိုတာ သိလိုက်တယ်··"

"ဘာလို့လဲဟင်··"

"မျောက်ကို ကျီးကောင်က ရုတ်တရုတ် ရောက်လာ နှုတ်သီးချွန်နဲ့ ထိုးဆိတ်ပြေးသွားပြန်လာလုပ်နေတာကိုး··"

"အဲ့ဖို့တော့ အကောင်းသားကလား··ဘောကျီးကောင်က မျောက်ကောင်ကို တိုက်ခိုက်တယ်ဆိုတာ ကျွန်တော်လဲ ခုမှ ကိုယ်တွေ့ ကြုံလို့ ယုံလိုက်ရတာ· နို့ဆိုတော့ ကျွန်တော်ကြည့်ရင်း ကျီးကောင်လုပ်သမျှ ခံနေရတဲ့ မျောက်ကောင်ကို သနားလာတာ ကြောင့် လက်ထဲရှိတဲ့ သေနတ်နဲ့ ကျီးကောင်ကို ပစ်လိုက်တော့တာ ပဲ··"

"သေကောလား··"

"တကယ်တော့ ကျွန်တော်ခြောက်လှန့်ထုတ်လိုက်တာပါ"

"ကျီးကောင်က ပြေးကောလား··"

"ဟုတ်တယ် ··ပြေးသွားတယ်· မျောက်ကောင်က ကျီးကောင်ရဲ့ ဆန့်ကျင်ဘက်ကို ပြေးသွားတာပဲ·· သည်လိုနဲ့ ကျွန်တော်ဂါ ရှေ့ဆက်တောတိုးမယ်အလုပ်မှာ ကျီးကောင် ပြန်လာတာဗျာ·· သူတစ်ကောင်တည်းမဟုတ်ဘူးဗျ·· အကောင် အတော်များတယ်·· ကျွန်တော်ပတ်ပတ်လည် သစ်ပင်တွေထက်မှာ နားနေကြတယ်။ ကျွန်တော်ကိုကြည့်ပြီး အော်ဟစ်နေကြတယ်။ ကျွန်တော်ကို တိုက်ခိုက်ကြမဲ့သဘောပေါ့။ နို့ကြောင့် ကျွန်တော်ဘာ လုပ်ရမလဲ စဉ်းစားလိုက်တယ်။ သေနတ်နဲ့ ပစ်လို့ကလည်း မဖြ



www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ..။ ခြောက်ထုတ်ဦးတော့ ပြန်ရောက်လာမှာပဲ.. နို့ကြောင့် ကျွန်တော်လဲ အနားမှာရှိတဲ့ သစ်ကိုင်းတစ်ခုကို ခုတ် လိုက်တယ်။ လာကြလေ.. အဲဒီတုတ်နဲ့ အနားကပ်မခံရိုက်မယ်ပေါ့.. ကျွန်တော့်လက်ထဲ တုတ်အဆင်သင့်ပြင်နေပြီ အဲဒီမှာ..

"အာ.."

"အဲလို ကျီးကောင်ရဲ့ အော်သံစူးစူးဝါးဝါးတစ်ချက် ကျွန်တော့် နောက်က ပေါ်လာတော့ ကျွန်တော် လှည့်ကြည့်လိုက်တယ်

ကျွန်တော်ထင်ထားတာ ကျီးကောင်တစ်ကောင်ပေါ့.. နီးနီးကပ်ကပ်ရောက်နေပြီပေါ့.. နို့ပေမင့် မဟုတ်ဘူးဗျ.. ဖိုးနတ် ဖြစ်နေတယ်..."

"ဗျာ..ဟင်."

"ဟုတ်တယ်.. ဖိုးနတ်..အော်လိုက်သံက တကယ်ပဲ ကျီးကောင်ရဲ့အသံပဲ.. သူ့အသံကြောင့် သစ်ပင်ကိုင်းထက်မှာ ရှိတဲ့ ကျီးကောင်တွေက လေ့ကျင့်ထားတဲ့အတိုင်းပဲဗျာ.. ကျွန်တော်ဆီကို ပြေးဆင်းပျံသန်းလာကြတော့တာပဲ..။ နို့ကြောင့် ကျွန်တော့်လက်ထဲ ရှိတဲ့ တုတ်ကို ယမ်းခါနေလိုက်တယ်လေ။ အံ့စရာကောင်းတာက ကျွန်တော့်တုတ်ချက်နဲ့ ကျီးတစ်ကောင်မှ ထိခတ်သေဆုံးခြင်း မရှိလေတော့ ကျွန်တော် အရိုက်ရပ်လိုက်တယ်လေ..။ အဲဒီအချိန်မှာ ကျီးတစ်ကောင်က ကျွန်တော်ဦးခေါင်းကို ထိုးဆိတ်တော့တာပဲ . နှုတ်သီးက ချွန်ထလားမမေးနဲ့။ ခေါင်းကို မိုက်ခနဲ ဖြစ်သွားတော့ တာပဲ။ ပြီးနောက်လဲကျသွားပြီး ဘာမှ သတိမရတော့ဘူး.."

"အလိုလေးဗျ ..ကျီးကောင်ပေါက်ဆိတ်ခံရတာနဲ့ ဇဲပြို့ သတိမေ့ရတယ်လို့ ဘယ်လိုဖြစ်ရတာလဲ.."





"အို.. ဘယ်လိုဖြစ်ရမှာလဲ.. ကျွန်တော့်နောက်ရှိတဲ့ ဖိုးနတ်က ခေါ်လိုက်တာလေ.."

"ဟင်"

နို့ပေမင့် သူက အသက်ကြီးပေမင့် လက်ဆလက်န ချိန်ဆ တတ်သားကလား..။ ကျွန်တော်မေ့သွားရုံပါ.. ခကြာခင်သတိရ လာတော့..

"မင်းငါ့ကို ကျေးဇူးတင်ချေ.. ငါ ကျီးကောင်တွေကို ဘာမှ မလုပ်နိုင်ဘူး.. နို့မှမဟုတ်.. မင်း အရှင်လတ်လတ် ကျီးထိုးခံရမှာ.. သိတယ်ဟုတ်လား.. ကျီးကောင် မင်းခေါင်းကို ထိုးဆိတ်လိုက်တာနဲ့ ဘယ်လောက်ခံစားရလဲဆိုတာ. အေး ကျီးကန်း တွေအများကြီးမင်းကို ဝိုင်းတွယ်မယ်ဆိုလျှင်ဖြင့် မင်းစဉ်းစားပေရော့"

ဖိုးနတ်က ပြောလေ၏။ သူပြောသလိုလဲ ဖြစ်နိုင်တာကိုး နို့ကြောင့်..

"ဟုတ်ပါပြီ.. ဘာဖြစ်ချင်လို့လဲ.. ဘာ‌ေ့ကြာ့လဲ..မေးလိုက် တော့"

"ပတ္တမြားကြီးပေးပါတဲ့.."

သည်တော့ ကျွန်တော်လဲ သူတို့ကို ရှင်းပြလိုက်တယ်။ "ဖိုးနတ်တို့ ရှာနေတဲ့သူ၂ယောက် ညကပဲ စခန်းကထွက်ပြေးသွား ပြီပေါ့ သည်တော့ ဖိုးနတ်က ကျွန်တော့်သေနတ်ကိုယူ ကျွန်တော့် ကိုကြိုးနဲ့ တုပ်နှောင်ပြီး ဘာစိန်တို့ကို ကျွန်တော့်နားလားခဲ့ပြီး ကိုဘိုက် ဆီထွက်သွားတာပဲ"

သို့ဆိုတော့ ကျွန်တော်သည်လည်း ကျွန်တော့်ထံ ဖိုးနတ်ရောက်လာပုံ အကြောင်းစုံကို ပြောပြလိုက်ချေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

"အေးဗျ.. သည်ပတ္တမြားကြီးကိစ္စ ကျွန်တော်တို့နဲ့ လာပတ်သက်နေပြီပဲဗျာ.."

သို့ပြောလာသည့် လင်းမြင့်လှိုင်ကို ကျွန်တော်စေ့စေ့ကြည့်ကာ သရော်ပြုံးပြုံးပြလိုက်ချေပြီး

"ကိုလင်းပဲ ပတ္တမြားကြီးနဲ့ သူတို့ကို စိတ်ဝင်စားပြီးတော့ ကျီးထိုးလို့လူ့သေတာကိုလည်း အဆန်းတကြယ်ဖြစ်နေလို့ စိတ်ဝင်စားတယ်ဆို.. ခု ပတ်သက်လာပြီဆိုတော့မှ ဘာညည်းနေတာတုန်း.. ဟင်း..ဟင်း..ဟင်း.."

သို့ ကျွန်တော်က ပြောလိုက်သည်တွင်

"အင်း.. ကျွန်တော်က သဘောပြောတာပါ. ကြိုက်ပါတယ်.. ခု သူတို့နဲ့ ရောပြီး ဝင်ပတ်သက်ကြတာပေါ့.."

"ဟင်း..ဟင်း..ဟင်း"

"ဟား..ဟား..ဟား.."

သို့ဆိုသလို ကျွန်တော်တို့နှစ်ယောက် ရယ်မောလိုက်ကြပြန်တော့၏။

သို့မှ ကျွန်တော်တို့သည် ရေမိုးချိုးပြီး စခန်းနေရာသို့ ပြန်ခဲ့ကြတော့၏။ အလိုလေးဗျာ.. တယ်ဟုတ်ပါလား.. စခန်းနေရာလေးရောက်သည်တွင် တောဝက်အကောင်လိုက်ကင်ထားသည်မှာ ကျက်လုချေပြီဖြစ်တော့၏။

ဖိုးနတ်တစ်ယောက် စခန်းတဲပေါ်တွင် လဲလျောင်းနေလေ၏။ ဘစိန်နှင့် စိန်မင်းသည် သူ့နံဘေးတွင် ထိုင်လျက် ခြေသလုံး ပေါင်တို့ကို နှိပ်နယ်ပေးနေချေတော့၏။

သို့မြင်ကွင်းကြောင့် ကျွန်တော် ပြုံးမိလေတော့၏။





ဖိုးနတ်ကို သူတို့နှစ်ယောက် ဘယ်လိုကြောင့် ရိုကျိုးနူးညွှတ်စွာ ဆက်ဆံနေကြပါလိမ့်..။

သို့အဖြေကို ကျွန်တော် သိလိုက်ရချေတော့၏။

ဖိုးနတ်က ပတ္တမြားကြီး ပြန်ရလျှင် သူတို့နှစ်ယောက်ကိုလည်း ခွဲဝေပေးမည်ဆိုပါကလား..။

သို့ကြောင့် သူတို့တပည့်ခံနေခြင်းဖြစ်တော့၏။

"မင်းတို့နှစ်ယောက် တကယ်ငါနဲ့အတူ ဟိုနှစ်ယောက်ကို လိုက်ရှာကြမလား.." မင်းတို့မယ် သေနတ်ဘွဲ့ရှိတယ်ဆိုတော့ သွားရင်းလာရင်း ရိက္ခာတွက် မပူရတော့ဘူးပေါ့.. ပြီးတော့ ဟိုအကောင် နဲ့ ပတ်သက်ပြီး အကြမ်းဖက်သင် ဖက်ရမှာကြောင့် ပြောတာနော်"

သို့ ဖိုးနတ်က ပြောလာလေသဖြင့်

ဖိုးနတ်ပြောတာ လက်ခံပါတယ်..နို့ပေမင့် အကြမ်းဖက်မယ့်ကိစ္စကိုတော့ ကျွန်တော်တို့ လက်မခံနိုင်ဘူး..ပြီးတော့ သူတို့ကလည်း အကြမ်းဖက်ချင်လောက်အောင် ကလန်ကဆန် လုပ်လိမ့်မယ် မထင်ဘူး."

သို့ လင်းမြင့်လှိုင်က ပြောလိုက်လေတော့၏။

"အေးဟုတ်တယ်ကွ... ငါလည်း သဘောပြောတာပါ . ဘယ်လိုလဲ.."

"ကောင်းပြီလေ.."

သို့ကိုတော့ ကျွန်တော်က ပြောလိုက်ခြင်းဖြစ်ပေ၏။

"နို့ဖြင့် ငါတို့ နက်ဖြန်ကို ဟိုနှစ်ယောက်နောက်လိုက်ကြတာပေါ့.."


www.burmeseclassic.com

www.burmeseclassic.com



သို့ ဖိုးနတ်ပြောသလိုပင် နောက်နေ့တွင် ကျွန်တော်တို့ ငါးယောက် ထိုစခန်းနေရာလေးမှ ထွက်ခဲ့ကြချေတော့သည်။

သို့မှ ကျွန်တော်တို့သည် ချောင်းကျယ်ကြီးတစ်ခုသို့ ရောက်လာကြတော့၏။ ချောင်းကမ်းတစ်ဖက်တစ်ချက်တွင် ပင်လုံးရှည် သစ်ပင်ကြီးများရှိကြ၏။ ပျဉ်းကဒိုးပင်များဖြစ်ကြ၏။ ပျဉ်းကဒိုးတောဟု ဆိုရခြိမ့်မည်။

"သည်ချောင်း ဘာချောင်းဖြစ်မတုန်း‥"

ကျွန်တော်က လင်းမြင့်လှိုင်ကို မေးလိုက်၏။

"ဆင်သေချောင်းဖြစ်မယ်ထင်တာပဲ‥"

လင်းမြင့်လှိုင်က ချောင်းတစ်ဖက်တစ်ချက်နှင့် ချောင်းတွင်း ပေါက်ရောက်နေသည့် "ကဒက်" ပင်တို့ကို ကြည့်၍ ပြောလေ၏။

"ဟုတ်ဘူးကွ‥ သည်ချောင်းက မိကျောင်းချောင်းပဲကွ‥ ဖရုန္နားကျသွားကြည့်ချေ။ ကျောက်ချောင်းတွေ့လိမ့်မယ်‥"

သို့ ဖိုးနတ်က ပြောလေ၏။ သို့ဆိုတော့ လင်းမြင့်လှိုင်က တစ်ချက်တွေဝေသွားလေပြီး ရုတ်ခြည်းရှေ့သို့ ထွက်သွားလေတော့၏။

"နေခဲ့ကြပေဦးဗျ‥"

သို့လည်းပြောခဲ့ချေသဖြင့် ကျွန်တော်တို့သည် ချောင်းတဖက်သဲသောင်ပေါ်တွင် ခြေပစ်လက်ပစ်ထိုင်လိုက်ကြ၏။ ညနေစောင်းချိန် ဖြစ်သည်ကြောင့် နေပူရှိန်သိပ်မရှိပါချေ။ သဲတို့ကတော့ နွေးတေးတေး ရှိသေးတော့၏။

ကျွန်တော်တို့ကြည့်နေစဉ်မှာပင် လင်းမြင့်လှိုင် ချောင်းမကြီး၏ လက်တက်ဘေးခွဲမြောင်လေးတစ်ခုသို့ ဝင်သွားသည်ကို တွေ့





လိုက်၏။ သို့ကြောင့်

"ကိုလင်းရှေ့က မြောင်ထဲဝင်သွားပြီ"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် ဖိုးနတ်က ပြုံးပြလာချေပြီး

"နို့က မြောင်မဟုတ်ဘူး‥ ကျောက်ချောင်းပဲ‥"

ပြောလာလေတော့၏။

အတန်ကြာတွင် လင်းမြင့်လှိုင်ပြန်ရောက်လာ၏။ ဖိုးနတ်အား ကြည့်၍ ပြုံးပြလိုက်ချေပြီး‥

"ဖိုးနတ် ပြောတာ မှန်တယ်‥ ရှေ့မယ် ကျောက်ချောင်း တွေ့တယ်‥" ပြောလေ၏။

"သိပါဘူးဗျာ‥ ကျွန်တော်က မြောင်မှတ်လို့‥ ဖိုးနတ်က တော့ပြောသား‥ ကျောက်ချောင်းတဲ့လေ‥"

သို့ ကျွန်တော်က ပြောလိုက်၏။

သည်တွင် ဖိုးနတ်က ကျွန်တော်နှင့် လင်းမြင့်လှိုင်ကို စေ့စေ့ ကြည့်ကာ မဲ့ပြုံးလေး ပြုံးပြလာချေပြီး

"တစ်ယောက်က မယုံဘူး‥ ငါပြောတာကို တစ်ယောက် ကလည်း ဘာထူးလဲကွာ‥ မှမယုံမို့ ပြေးကြည့်ခဲ့တယ်‥ ခုတော့ ငါပြောတာ ယုံပြီလား‥"

"အား‥ ဟုတ်‥ ဟုတ်ပါတယ်‥ တခြား ဘယ်လို စိတ်မှ မရှိပါဘူး‥"

သို့ လင်းမြင့်လှိုင်က ဝန်ခံပြောလေ၏။

ကျွန်တော်က‥



www.burmeseclassic.com

www.burmeseclassic.com


"အကျယ်သိပ်မရှိဘူးဆိုတော့··မြောင်လောက်ပဲ ကျွန်တော် တွက်မိလို့ပါ··"

သို့ပြောလိုက်၏။

"အင်း···ဟုတ်တယ်··ကျွန်တော်လဲ အစက မြောင်လေးပဲ ထင်ထားတာ·· နို့ပေမင့် မသင်္ကာလို့ မြောင်လေးအထဲ ဝင်ကြည့်တော့မှ အကျယ်ကြီးဗျ·· ဖိုးနတ်ပြောသလို မြောင်မဟုတ်ဘူး။ ချောင်းဗျ·· ကျောက်ချောင်းပေါ့ဗျာ··"

သို့ လင်းမြင့်လှိုင်က ပြောလာလေ၏။ ဖိုးနတ်တစ်ယောက် တအံ့တသြဖြင့် ပြောနေသော လင်းမြင့်လှိုင်ကို ကြည့်ကာ ဘာသဘောကျလေသည်မသိ။ ပြုံးလိုက်ချေတော့၏။

"ကျွန်တော်တို့သည် ချောင်းလက်တက် တစ်နေရာမယ် နားကြမယ်။ စခန်းချမယ်ပေါ့·· စခန်းသာတယ်လေ··"

လင်းမြင့်လှိုင်က ပြောလေ၏။

"ဟုတ်ပြီလေ"

အားလုံးကလည်း သဘောတူကြချေ၏။ သို့ကြောင့် ချောင်းအထက်သို့ နည်းနည်းထပ်လျှောက်ကြချေပြီး·· မနိမ့်လွန်း မမြင့်လွန်းသောမြောင်ရေကျ အစွန်းလေးတစ်ခုပေါ် တက်လိုက်ကြ၏။ ထိုနေရာတွင် သစ်ပုပ်ပင်ကြီးတစ်ပင်သာ ထီးထီးရှိချေ၏။ ကျန်သည်မှာ ချုံပုတ်ပင် ကျိုးတိုးကျဲတဲနှင့် သစ်ပင်ငယ်တို့သာ ရှိချေ၏။

"သည်နေရာကောင်းတယ်··နို့ပေမင့် အောက်ပေါင်းတော့ ရှင်းရမယ်။ အလင်းရောင်လည်းကောင်းကောင်းရတယ်··"

သို့ဆိုတော့ ကျွန်တော်တို့သည် ထိုနေရာလေးကို ရှင်းလင်းလိုက်ကြချေတော့၏။



"တစ်ညတစ်လေပဲ တဲမထိုးတော့ပါဘူ··"

ကျွန်တော်က ပြောလိုက်၏။ မည်သူမျှတော့ဖြင့် ကန့်ကွက်ခြင်း မရှိပါချေ။

"ငါ ရေနွားက ကျောက်ချောင်းထဲ ခဏသွားလိုက်ဦးမယ်"

ဖိုးနတ်က သို့ပြောပြီး ထွက်သွားလေ၏။ စခန်းနှင့် မဝေးလှသည့်ကြောင့် ကျွန်တော်တို့က ဖိုးနတ်အား ခွင့်ပြုလိုက်ခြင်းဖြစ်တော့၏။

သို့ပေမင့်·· အတန်ကြာအချိန်တွင်

"အား··အား··ဂူး···ဂူးလ ···"

"အား··ဂူး··ဂူး··"

"ဂူး"

"ဟာ·· ဖိုးနတ်ဘာဖြစ်လဲမသိဘူး··နို့က ဖိုးနတ်အသံ မဟုတ်လား··"

သို့ လင်းမြင့်လှိုင်က ပြောသဖြင့်

"နေနေ·· ကျွန်တော်လိုက်သွားမယ်··" ဆိုလျှက် ကျွန်တော်သည် သေနတ်ကို ဆွဲ၍ ကျောက်ချောင်းသို့ ပြေးသွားလိုက်တော့၏။

"ဂူး··အူး··အား···အာ··ဂူး··"

"ဂူး··ဂူး··"

ကျွန်တော်ကျောက်ချောင်းတွင်း ဝင်လိုက်သည်နှင့် ခပ်လှမ်းလှမ်းမှ ဖိုးနတ်တစ်ယောက် ခြေလှမ်းသုတ်သုတ်နှင့် အော်ဟစ်ပြေးလာသည်ကို တွေ့လိုက်သဖြင့် ရင်ထိတ်သွားတော့၏။

ဘယ်တွက်မှု ဖိုးနတ်နောက်တွင် ဝံကောင်ကြီးတစ်ကောင် ပြေးလိုက်လာလေခြင်းကြောင့် ဖြစ်ချေတော့၏။


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်လက်တွင်းရှိ သေနတ်ဖြင့် လှမ်းပစ်မည်ဆိုလျှင်လည်း မတော်တဆဆိုသလို ဖိုးနတ်ကို ထိမှန်သွားမည်လည်း စိုးရိမ်မိလေတော့သဖြင့် ဖိုးနတ်နောက်မှ ဝံကောင်ကို လွတ်လွတ်လပ်လပ်မြင်ရသည့်အချိန်တွင်သာ ပစ်ခတ်ရန် ဆုံးဖြတ်လိုက်ချေတော့သည်။

သို့ဆိုတော့ ဖိုးနတ်ပြေးထွက်လာသည်ကို မမှိတ်မသုန်ကြည့်ရင်း၊ သေနတ်ကိုလည်း အရံသင့် ပစ်ခတ်နိုင်ရန် မောင်းတင်ထားလိုက်ပြီးဖြစ်တော့၏။

သို့မှ

"ဟာ"

"ဒိန်း"

ကျွန်တော် စဉ်ဆက်မပြတ် မမှိတ်မသုန် ကြည့်နေရခြင်းကြောင့် အခွင့်အရေးတစ်ခု ရလိုက်သည့်နှင့် ပစ်မှတ်ကို အမိအရယူလိုက်ခြင်းကြောင့် တော်သေးတော့၏။

လျှပ်တပြက်ဖြစ်ပျက်ခြင်းပင်။ ဖိုးနတ်က သို့ ဝံကောင်၏ရန်မှ လွတ်ရန် အသားကုန်ပြေးလာရာမှ စိတ်လောနေခြင်းကြောင့် ရှေ့ ခပ်လှမ်းလှမ်းတွင်ရှိ ခဲလုံးကြီးကို ဝင်တိုက်၍ ဟပ်ထိုးလဲပြီးသွားသည်နှင့် ကျွန်တော်သည် ဝံကောင်ကြီးကို ထီးထီးမြင်လိုက်ရပြီဖြစ်၍ ပစ်လိုက်ခြင်းပင်။ ကျွန်တော်၏ ပစ်မှတ်မလွဲ၊ ဝံကောင်ကြီးကို ခွေလဲသွားစေတော့၏။ ခြေလှုပ်လက်လှုပ် ရှိနေလေသဖြင့် ကျွန်တော်သည် ဦးစွာ ဖိုးနတ်ထံသွားလိုက်၏။ ဖိုးနတ်တစ်ယောက် ကြောက်လန့်တကြားဖြင့် မှင်တက်မိနေချေသဖြင့်

"ဖိုးနတ်.. ဖိုးနတ်.."

"ဖိုးနတ်.."





သို့နှယ် ခေါ်၍ လှုပ်ယမ်းလိုက်လေမှ ဖိုးနတ်တစ်ယောက်သတိပြန်ရလာလေတော့၏။

"ဟိုဝံကောင်ကြီး.."

"မပူပါနဲ့ ကျွန်တော် ပစ်သတ်လိုက်ပါပြီ.. ဟိုဘက်ကြည့်လေ.."

ကျွန်တော်က ဝံကောင်သေရှိရာသို့ လှမ်းပြ ပြောလိုက်၏။

"ငါသည်ကောင်ကြီး လက်ချက်မိလို့ကတော့ ငရဲရောက်သွားသလို ခံစားရမှာသေချာတယ်ကွာ..မင်းကို ကျေးဇူးတင်တယ်..။ မင်းကို ကျေးဇူးတင်တယ်.. အေး.. ကျေးဇူးတင်တယ်ဆိုတာ.. ပါးစပ်ချည်းပြောလိုက်တာ မဟုတ်ဘူးနော်.. ဘကယ်စိတ်ရင်းနဲ့ ပြောတာ.. အကြွေးမှတ်ထားချေပေါ့ကွာ.."

သို့ပြောလေသည့် ဖိုးနတ်ကို သဘောကျမိလေတော့၏။ သို့ကြောင့် ပြုံးစစဖြင့်မိချေ၏။

ကျွန်တော်သည် ဝံကောင်ကြီးရှိရာသို့ သွားလိုက်ပြန်၏။ နောက်မှ ကပ်လျက် ဖိုးနတ်ပါလာလေ၏။

"နည်းတဲ့ကောင်ကြီးမဟုတ်ပါဘူးပဲ.."

"ဖိုးနတ်က ပြောလေ၏။"

"ဘယ်လိုဖြစ်ရတာလဲ.."

ကျွန်တော်က မေးလိုက်၏။

"ဘာထူးထူးထွေထွေပြောစရာရှိလဲကွာ.. ငါကျောက်ချောင်းထဲဝင်သွားလိုက်တယ်..ဝံကောင်နဲ့ ပက်ပင်းတိုးတယ်။ ငါလှည့်ပြေးတော့ သူလိုက်တာတယ်..နို့ပဲပေါ့.."

အလိုလေးဗျ.. သို့မေးမိခြင်းသည် ကျွန်တော်၏ အမြစ်သာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချေတော့၏။

ဖိုးနတ်ပြောသည်မှာ အမှန်သာဖြစ်ချေ၏။

"သည်ကောင်ကြီးကို ဘယ်လိုလုပ်မလဲ··"

"ဘယ်လိုလုပ်ရမှာလဲကွာ·· စခန်းပြန်သွားကြပြီး သူတို့ကို လာသယ်နိုင်းပေါ့··"

သို့လည်းဟုတ်သေးတော့၏။ သို့ကြောင့် ဖိုးနတ်နှင့်အတူ စခန်းသို့ပြန်ခဲ့ကြ၏။

"သေနတ်သံကြားတယ်·· ဘာဖြစ်လို့လဲ··"

လင်းမြင့်လှိုင်က မေးလေ၏။

သည်တော့ ကျွန်တော်က အကြောင်းစုံပြောလိုက်ချေပြီး

"သွားသယ်ကြပါလား·· ကျောက်ချောင်းထဲမယ်·· သိပ် မဝင်ရပါဘူး··"

သို့ဆိုတော့ လင်းမြင့်လှိုင်က

"တစ်ယောက်၊ နှစ်ယောက်သွားလျှင် လုံလောက်ပါတယ်" ပြောလေသဖြင့်

"မဖြစ်ဖူးထင်တယ်·· ဝံကောင်ကြီးက ကြီးတယ်·· ကျွန်တော်လဲပြန်လိုက်ခဲ့မယ်··" ပြောလိုက်၏။

သည်တွင် လင်းမြင့်လှိုင်က

"ကျွန်တော်တို့ သည်တစ်ညပဲနေမှာကို·· သည်ကောင်ကြီး တစ်ကောင်လုံးကို ဘာလုပ်ရမှာတုန်းဗျာ·· ရင်အုံသားလောက်ကို ပဲဖြတ်·· သည်ညစာအတွက်ရလျှင် တော်ပြီပေါ့·· ဝံကောင်သားက စားကောင်းတာမဟုတ်ဘူး··"

သို့ပြောလာသလို စိစဉ်လိုက်ရတော့၏။





"ဟုတ်ပြီလေ·· ကိုစိန်မင်း ကျွန်တော်နဲ့ လိုက်ခဲ့ပါ"

သို့ ခေါ်လိုက်သည်တွင်

"နေ··နေ·· ငါလိုက်ခဲ့မယ်·"

ဘစိန်က ပြောပြောဆိုဆို ထလာသဖြင့် ၄င်းနှင့်ပင် ကျွန်တော် ကျောက်ချောင်းတွင်း ပြန်သွားလိုက်တော့၏။

တကယ်တော့ ဘစိန်သည် ဓါးကိုင်ကျွမ်းကျင်သူဖြစ်ချေ၏။

ဝံကောင်ကြီး၏ ရင်အုံသားကို လှီးဖြတ်လိုက်သည်မှာ စနစ်ကျလှပေ၏။

"သည်ကောင်ကြီးကို သည်အတိုင်းထားပို့မဖြစ်ဘူး··"

သို့ဆိုလျှက် ဘစိန်က ကျွန်တော်ကို စခန်းသို့ ပြန်သွားရန် ပြောပြီး သူသည် တစ်ဖက်တောင်ကြောပေါ် တက်သွားလေ၏။

"ဘာလုပ်မလို့လဲ··"

ကျွန်တော်က လှမ်းမေးလိုက်၏။

ဘစိန် က အော်ပြောပြေးသွားပေမင့် ကျွန်တော်သဲသကွဲကွဲ မကြားလိုက်ရပါချေ။ ကျွန်တော်သိလိုက်သည်မှာ ခဏလေးပါ။ ပြန်လာမယ်ဆိုတာသာဖြစ်ချေတော့၏။

"ဘစိန်ကော"

စခန်းပြန်ရောက်သည်တွင် -

ဖိုးနတ်ကမေး၏။

ကျွန်တော်က အကျိုးအကြောင်းပြောပြလိုက်၏။

သို့ဆိုတော့ ဖိုးနတ်တစ်ယောက် တောက်တစ်ချက်ခေါက် လိုက်ချေသဖြင့် ဘာဖြစ်ပါလိမ့်·· သိလိုသဖြင့်·· အကြောင်းကြည့် လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"သည်ကောင် ညာတာပါတေးနဲ့ ထွက်ပြေးသွားတာဖြ
မယ်"

"ဟာ.. မဖြစ်နိုင်ဘူး မှောင်ပဲမှောင်တော့မယ်.. သူထွ
ပြေးမယ်လို့တောင် စဉ်းစားမိမှာ မဟုတ်ဘူး.. သူ့ဒုက္ခတေ
သူ့ရှာလိမ့်မယ်မဟုတ်ဘူး.."

သို့ ကျွန်တော်က ပြောလိုက်၏။

"ဟင်း..ဟင်း မင်းဘစိန်ကို ဘယ်လိုထင်လို့တုန်း။ ဘ
ကလူလည်ကွ.. မနတ်တတ်တဲ့ကြောင်လိုနေပြီး လုပ်စရာရှိလ
ဝိပိရိရိ လုပ်တတ်တဲ့သူကွ.."

သို့ ဖိုးနတ်ပြောလေ၏။ ကျွန်တော်မယုံချေ.. ဘစိန်
လုပ်လိမ့်မည်ဟု မထင်ပါချေ။ သို့ပေမင့် မှောင်သာသွားသည်။ ဘ
တစ်ယောက် ပြန်ရောက်မလာပါတော့ချေ။

ကျွန်တော်တို့ ထမင်းကောင်ကျက်သည်နှင့် စားကြသည်
ဘစိန်ရောက်မလာပါချေ။

"ဘယ်လိုလဲ.. မင်းကောင်ဘယ်သွားလဲ.."

ဖိုးနတ်က စိန်မင်းကို စေ့စေ့ကြည့်၍ မေးလေတော
စိန်မင်းတစ်ယောက် ထိတ်လန့်ကြောက်ရွံ့နေပုံပင်..။

"ပြောကွာ.."

"ကျွန်တော် တကယ်မသိပါဘူး.."

"ဘာကွ.. မင်းကိုတော့ ငါအလွတ်မပေးနိုင်ဘူး.. မင်း
ပြေးမယ်ဆိုလို့ကတော့ ငါသတ်မှာ.."

သို့ ဖိုးနတ်က ကြိမ်းဝါးလေတော့၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် သူတို့ကိုစွဝင်မပါလို





မည်သည့်စကားမျှ ဝင်ပြောခြင်းမရှိပါချေ။ သို့ပေမင့် တစေ့တစောင်း
တော့မြင့် အကဲခတ်နေကြတော့၏။

ညည့်နက်လာသည်တွင်ကျွန်တော်တို့သည် ထိုသစ်ပင်
အောက်ခြေတွင်ထိုင်၍ ကျောမှီမှိန်းလိုက်ကြတော့၏။ ရှေ့တလံ
လောက်တွင် ထင်းမီးပုံကြီးရှိချေ၏။ သို့ကြောင့် အလင်းလဲရ၏ မှက်၊
ခြင်တို့၏ ရန်လည်းကင်း၏။ လိုရမယ်ရဆိုသလို ကျွန်တော်က ဝါး
စိမ်းများကိုလည်း ရနိုင်လေသမျှ ခုတ်ထား၏။ ဘယ့်ကြောင့်မှ
တောဆင်ရိုင်းတို့ရန်က ကာကွယ်ရန်ဖြစ်ပေ၏။ တောဆင်ရိုင်းတို့
လာခဲ့ပါလျှင် ထိုဝါးလုံးစိမ်းတို့ကို ထင်းမီးပုံတွင်ထည့်ရန်ဖြစ်၏။ ထိုအခါ
ထိုဝါးစိမ်းတို့ ပေါက်ကွဲသံ ဗွမ်းဗွမ်းဝါးဝါးသည် တောဆင်ရိုင်းတို့ကို
ကြောက်လန့်တကြား ပြေးထွက်စေလိမ့်မည်မဟုတ်ပါကလား..။

"သည်ကောင်..ဘစိန်လစ်ပြေးပြီဆိုတာ.. သေချာပါတယ်
.. သူမယ် မတွေ့မြားကြီးရှိလိမ့်မယ်။ တစ်နေ့ရာမယ် ဖွက်ထားတာဖြစ်
မယ်.."

ဖိုးနတ်က သို့ တွတ်ထိုးပြောလာလေတော့၏။

"မင်းတို့ကော ဘယ်လိုထင်လဲ.."

သို့လှမ်းမေးလာသဖြင့် ကျွန်တော်ခေါင်းယမ်းပြလိုက်၏။

"မသေချာပဲနဲ့တော့ မပြောတတ်ပါဘူး ဖိုးနတ်ရဲ့"

"အော်..မင်းကွာ..ပြောပုံက ငါကပဲ မသေချာပဲ သူများ
ကို စွပ်စွဲတယ်ပေါ့..ဟုတ်လား.."

"အာ.. အဲလိုမဟုတ်ပါဘူး.. တောင်းပန်ပါတယ်.."

"အေး..မင်း၊ ငါ့ကိုစွကို ကပျက်ကချော်လုပ်လို့ ငါမင်း
ကို ကောင်းကောင်းကြီးဒဏ်ပေးနိုင်ပေမင့် ငါ့အသက်ကို



www.burmeseclassic.com

www.burmeseclassic.com



မင်းကယ်ထားလေတော့ ခွင့်လွှတ်လိုက်မယ်။ နောက်တစ်ကြိမ်ဆို မင်းငါ့ပေါ် ကျေးဇူးမရှိလေတဲ့အတွက် ငါ့အဆိုးမဆိုလေနဲ့ကွာ··"

ဖိုးနုတ်က သို့ပြောပြီး မျက်လုံးအစုံကို မှိတ်လိုက်လေတော့၏။

သို့မှ ကျွန်တော်တို့သည် ပင်ပမ်းနေကြပြီလည်း ဖြစ်သည်ကြောင့် အိပ်ပျော်သွားကြ၏။

ကျွန်တော်မည်မျှကြာကြာအိပ်ပျော်သွားသည်မသိ၊

"အာ··"

"အာ··အာ··"

သို့ ရူးရူးဝါးဝါးအော်ဟစ်သံကြောင့် အိပ်ယာမှ နိုးလာရတော့၏။

"ဟင်"

သို့ ရူးရူးဝါးဝါးအော်သံသည် မိမိရှေ့ခပ်လှမ်းလှမ်းတွင် ရှိနေသော ဖိုးနုတ်ထံမှဖြစ်ချေ၏။

ဖိုးနုတ်သည် တောနက်ဘက်သို့မျက်နှာမူ၍ သို့ဆိုသင့် ကျီးကောင်၏အသံကဲ့သို့ အော်ဟစ်နေခြင်းဖြစ်တော့၏။

"ဘယ်လိုပါလိမ့်"

ကျွန်တော်အသာလေး ထိုင်ရာမှ ထရပ်လိုက်၏။

အာ··အာ··အာ··အာ··အာ··အာ··အာ··အာ

အာ· အာ·· အာ··အာ· အာ··

အာ··အာ··အာ··

အလိုလေးဗျ·· ခပ်လှမ်းလှမ်းတောနက်သစ်ပင်တို့ထက် ကျီးကောင်များ အုပ်စုလိုက် ပျံသန်းရစ်ဝဲအော်ဟစ်နေကြပါကလား





ဖိုးနုတ်၏ ကျီးလိုအော်ဟစ်သံကြောင့် အိုးကန်းဝင်နေသော ကျီးကောင်များထလာကြသည်များလား··။

ကျွန်တော် ဖိုးနုတ်နားသွားလိုက်၏။

"ဟင်"

"မင်းအိပ်မပျော်ဘူးလား··"

"အိပ်မပျော်လို့ထလာပြီပဲဗျာ··"

သို့ ကျွန်တော်က ပြောလိုက်၏။

"အေး ဟုတ်သားကလား· ငါညှဲ့လို့ အဲလိုမေးမိတာပါ··" ဖိုးနုတ်က ပြောလာလေ၏။

"နို့တော့ မေးရဦးမယ်·· ကျီးတွေဘာလို့ ညကြီးသန်းခေါင် ပျံသန်းနေရတာပဲ··"

"ငါလဲ··သိချင်တာပေါ့ကွာ·· အဲဒီသွားကြမလား ··"

"ဟာ·· မဟုတ်တာ·· မနက်မှ အဲဒီနားသွားကြတာပေါ့ သိရမှာပေါ့··"

သို့ ကျွန်တော်က ပြောလိုက်သည့်တွင်

"မင်းကြောက်လို့မဟုတ်လား··"

သို့အမေးကြောင့် ကျွန်တော်ဒေါသထွက်သွားရတော့၏။

"ဘာဆိုင်လို့လဲ··သွားရဲတယ်··"

"သွားလေကွာ··"

သို့ဆိုတော့ ကျွန်တော်မခံချင်ဖြစ်မိသဖြင့် လက်နှိပ်ဓါတ်မီးကို ယူကာ ထိုနေရာသို့ သွားမည်အပြုတွင်

"ငါလဲလိုက်မယ်"

"ရဲလို့လား··"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က ပြန်မေးလိုက်၏။

"မယုံ မင်းသေနတ်နဲ့ ဓါတ်မီးကိုပေးပြီး နေခဲ့ချေ။ "

"ဟား။ ။ဟား။ ။ဟား။ ။ဟား။ ။ဟား။ ။ဟား။ ။"

"ဟင်း။ ။ဟင်း။ ။ဟင်း။ ။ဟင်း။ ။"

နှစ်ယောက်သားတစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ရယ်မောလိုက်ကြပြီးနောက် အဓိပ္ပါယ်ပါပါ ခေါင်းဆတ်ညိတ်ပြလိုက်ကြကာ နှစ်ယောက်အတူ ထိုစခန်းနေရာမှ ထွက်ခဲ့ကြတော့သည်။

ကျွန်တော်တို့ ဦးတည်ခရီးသည် ကျီးကောင်တို့ အော်ဟစ်ရစ်ဝဲပျံသန်းနေသည့် နေရာဖြစ်ချေတော့သည်။

ကျွန်တော်တို့နှစ်ယောက်သည် အမှောင်လမ်းတွင်း ဓါတ်မီးထိုး၍ တောတိုးလျှောက်ခဲ့ကြသည်တွင် အိပ်တန်းဝင် တောကြက်၊ ငှက်တို့ ပျံသန်းထွက်ပြေးသွားကြသည့်အသံတို့ကြားမှ ကျီးကောင်တို့၏ ဆူဆူညံညံအသံသည် ပို၍ကျယ်လောင်စွာ ကြားရသဖြင့် ခရီးနီးပြီကို သိလိုက်ကြ၏။ သို့မှ အမှောင်ထုတွင်း ဓါတ်မီးဖြင့်တိုးဝင် လျှောက်ခဲ့ကြရာမှ

"ဟာ"

"အို"

ကျီးကောင်တို့ ပျံသန်းရစ်ဝဲအော်ဟစ်နေသည့် သစ်ပင်ကြီး အောက်ခြေတွင် ကျွန်တော်တို့ လူတစ်ယောက်ကို တွေ့လိုက်ကြ၏။

"ဟာ"

"အို"

"ဘစိန် ဘယ်လိုဖြစ်တာပါလိမ့်။ ။"

ကျွန်တော်က ပြေး၍ ပွေ့ထူလိုက်၏။





"ဟာ"

ဘုရားရေ။ ကြောက်ဖို့ပင်ကောင်းသေးတော့၏။ ဘစိန်၏ မျက်လုံးတစ်လုံးပြူးထွက် လျှံကျနေ၏။ မျက်နှာတပြင်လုံး သွေးအလိမ်းလိမ်းဖြစ်လို့နေ၏။ တစ်မျက်နှာလုံး အသားတို့ပေါက်ပြဲ နေချေ၏။ ပြီးတကိုယ်လုံးနီးနီး ဒဏ်ရာဒဏ်ချက်များဖြင့် ရှိချေ၏။

"ဘယ်လိုဖြစ်တာပါလိမ့်။ ။"

"ကျီးကောင်တွေ ဝိုင်းဆော်ခံလိုက်ရတာဖြစ်မယ်။ ။"

ဖိုးနှတ်က သွေးအေးအေးဖြင့် ပြောလာချေ၏။

ဖိုးနှတ်ပြောသလို ဘစိန်ရရှိသော ဒဏ်ရာများသည် ကျီးကောင်တို့ ဝိုင်းဝန်းထိုးဆိတ်ခံရခြင်းမှ ရလိုက်သော ဒဏ်ရာများ ဖြစ်နိုင်ချေများလေ၏။ သို့ကြောင့်

"ကျီးကောင်တွေ အလွန်သောင်းကျန်းတာပဲဗျာ။ ဖိုးထိန်ကိုလည်း သူတို့။ ။ ဖိုးကာလဲကိုလည်း သူတို့။ ။ ဟော။ ။ခု ဘစိန်ကိုလည်း သူတို့တွေပဲ ဝိုင်းထိုးဆိတ်သတ်လိုက်ကြတာဖြစ်မယ် ။ အတော်ကြောက်ဖို့ကောင်းတဲ့ တောကျီးကန်းတွေပဲဗျ။ အံ့ဖို့လည်း ကောင်းပါရဲ့။ "

သို့ ပြောပြီး ကျွန်တော်က ဘစိန်အလောင်းကိုမြေပေါ်ပြန် ချကာ ဖိုးနှတ်နှင့် မျက်နှာချင်းဆိုင်ရပ်လိုက်၏။

ဖိုးနှတ်မျက်နှာသည် မထုံတတ်တေးပုံစံနှင့်ပင်၊ ဘယ်လိုကြီး ပါလိမ့်။ ။။

ဘစိန်ဘယ်လိုဖြစ်ရတာလဲကွာ။ ။ နို့ ခုမှ သတိရတယ်။ သူနဲ့တွဲဘက်ကောင်လေကွာ။ ။ ဘယ်သူ။ ။ ဒိန်မင်း။ ။ အေး ဟုတ်တယ်။ ။ စိန်မင်းတစ်ယောက် ဘစိန်လို ထွက်ပြေးလိုက်သော

www.burmeseclassic.com

www.burmeseclassic.com



သူလိုပဲဖြစ်သွားနိုင်တယ် ”

“ဘယ်လိုလဲဖိုးနှတ်… ဘာတွေ ကလိမ်ချေခြမ်းဆင်ဦး မလို့လဲ‥

သို့အသံနှင့်အတူ စိန်မင်း အမှောင်ရိပ်အတွင်းမှ ထွက်လာလေ၏။ သူလက်ထဲတွင် ဝါးခုတ်ဓါးမကြီးတစ်ချောင်းပါလာလေ၏။ သို့ဖြစ်၍ ဓါးမကိုင်သောလက်တစ်ဘက်သည် တုန်ယင်နေသည်ကြည့် ခြင်းအားဖြင့် စိန်မင်းတစ်ယောက် ဖိုးနှတ်ကို တစုံတစ်ခု လုပ်မည့်ပုံပင်။ သို့ကြောင့် ကျွန်တော့်လက်တွင်းရှိ သေနတ်ကို ကပျာကသီပင် စိန်မင်းရှိရာသို့ လှမ်းချိန်လိုက်ချေပြီး

“မင်း… သည်ထက်ရှေ့တိုးမလာနဲ့ကွ‥ဟုတ်ပြီလား‥ အဲဒီမှာတင်မင်းနေပါ။ ဝေးဝေးက ပြောပါ‥”

သို့ ကျွန်တော်၏ လုပ်ရပ်ကြောင့် စိန်မင်းတစ်ယောက် အံ့သြတကြီး ဖြစ်သွားချေရာမှ

“ဘယ်လိုလဲဗျာ ‥ ခင်ဗျားလူပေါင်းမှားနေပြီ။ သည်လူကြီးက လူသတ်သမားဗျ‥ ခင်ဗျားဘာသိလို့လဲ‥ ဘစိန်ကို သူသတ်လိုက်တာ‥ ကြည့်လေ‥ ဟိတ်လူဖိုးနှတ်‥ ခင်ဗျားမယောက်ျားဆိုလျှင်ဖြင့် အမှန်ကိုပြောလိုက်လေ‥ ဝန်ခံလိုက်လေ‥”

စိန်မင်းသည် ကျွန်တော်ပြောသလို နေရာမှာပင် ရပ်နေပေမင့် သို့ဖိုးနှတ်ကို ကြည့်ပြောလာလေ၏။

“ဟား‥ဟား‥ဟား ‥ဟား‥ တကယ်လဲ ရယ်ရပါ ကလား။ သူနိုးက လူဟာစ်လို့ကွာ‥ မင်းဘစိန်ကို သတ်လိုက်တာ မဟုတ်လား‥”



ဖိုးနှတ်က ပြောလည်းပြော‥စိန်မင်းနားသို့လည်း တိုးကာ သွားလိုက်ချေတော့၏။

သည်တွင် စိန်မင်းက သူ၏လက်တွင်းမှ ဓါးမတိုဖြင့် ဖိုးနှတ်ကို ခုတ်လိုက်ချေပြီး…

“ကဲဗျာ‥”

သူနှင့် ကျွန်တော်ကြား ဖိုးနှတ်ဝင်လာသဖြင့် ကျွန်တော် မည်သို့မျှ တားဆီးမရဖြစ်ချေတော့၏။

“ဟာ”

မြန်လိုက်သည်ဖြစ်ခြင်း။ ဖိုးနှတ်က ရက်ခြည်းသွက်လက်စွာဖြင့် ရှောင်တိမ်းလိုက်ချေ၏။

တခဏ်အချိန်ကာလမှာပင်စိန်မင်းတစ်ယောက် အမှောင်ထု အတွင်း ပြေးဝင် ထွက်သွားချေတော့၏။

“ဖိုးနှတ် ဘာဖြစ်သွားသေးလဲ‥ ”

ကျွန်တော် စိုးရိမ်မှုဖြင့် ဖိုးနှတ်ကို မေးလိုက်၏။

“ဘာမှမဖြစ်ပါဘူး‥ သည်ကောင် အတော်လျှင်သားကလား။ ကြည့် ပြေးပြီ‥”

သည်တော့ ကျွန်တော်သည် စိန်မင်းနောက် ပြေးလိုက် သွားမည်ပြုလေသည်တွင်‥

“မင်းမလိုက်သွားပါနဲ့တော့‥ မင်းလမ်းကျွမ်းတာမဟုတ်ဘူး။ သည့်လည်းနက်ပြီ” သို့လည်း အဟုတ်သားကလား။ ကျွန်တော် ဖိုးနှတ် ပြောသည့်အတိုင်း စိန်မင်းနောက်လိုက်မသွားပါတော့ချေ။

“ငါတို့ စခန်းပြန်ကြမလား‥ ”

သို့ဆိုတော့ ကျွန်တော်သည် ဘစိန်၏ အလောင်းကို





www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ချေပြီး

"သည်ကိစ္စဘယ်လိုလုပ်မလဲ‥" မေးလိုက်၏။ သည်တွင် ဖိုးနတ်က ကျွန်တော့်အား ပြုံးပြလာချေပြီး

ခုအချိန်ကြီး ဘာလုပ်လို့ရမှာတုန်းကွ ‥ မနက်ကျမှ မင်း မိတ်ဆွေပါခေါ်ပြီး သည်ကိစ္စ စီစဉ်ရတော့မပေါ့‥"

သို့မှ ကျွန်တော်တို့သည် စခန်းသို့ ပြန်ခဲ့ကြတော့၏။

စခန်းတွင် လင်းမြင့်လှိုင်သာရှိချေတော့၏။ လင်းမြင့်လှိုင် တစ်ယောက် အိပ်ပျော်နေလေသည်ကြောင့် ကျွန်တော်က နှိုးလိုက်၏။ အတော်နှိုးယူရသဖြင့်

"ကိုလင်း‥ အရင်က သည်လိုမဟုတ်ပါဘူး‥ ဘာလို့ သည်လောက် အိပ်မှတ်ရတာတုန်း‥"

သို့ဆိုတော့ လင်းမြင့်လှိုင်က ကျွန်တော့်အား စေ့စေ့ကြည့် လေပြီး‥

"ကျေးဇူးတင်တယ်ကိုပိုက်‥ တကယ်တော့ ကျွန်ပော်ကို တစ်စုံတစ်ယောက်က နောက်ကနေရိုက်လိုက်လို့ မေ့သွားတာ"

"ဗျာ‥ ဘယ်လို‥ ဘယ်လို‥"

"ကိုပိုက်နဲ့ ဖိုးနတ် ထွက်သွားတာတွေ့ပါတယ်‥ မျက်လုံး လေးနေလို့ မလိုက်ပဲနေတာ။ ကိုပိုက်တို့လဲ သွားရော ကိုပိုက်တို့ နောက်ကို စိန်မင်းက လိုက်သွားမယ်လုပ်တော့‥"

"မင်းဘယ်သွားမလို့လဲ‥မင်းကြည့်ရတာ နိုးကြောင်နိုးဝုက်နဲ့‥" အဲ့လို ကျွန်တော်က ပြောလိုက်တော့ စိန်မင်းက ကျွန်တော့် နားပြန်ရောက်လာပြီး နှိုဖြင့်လည်း မလိုက်တော့ဘူးဆိုတော့‥ ကျွန်တော်လဲ မျက်လုံးကို ပြန်မှိတ်လိုက်တယ်ဆိုလျှင်ပဲ‥"





"ဒုတ်"

"အား"

စိန်မင်းက ကျွန်တော်ကို အလစ်အဝိုက် ခေါ်ထည့်လိုက်လို့ ကျွန်တော် လောကကြီးနဲ့ အဆက်အသွယ် ပြတ်သွားတာ‥ ခုကိုပိုက်ရောက်လာလို့ နှိုးတော့မှ သတိပြန်ရတာ"

"ဗျာ"

"ဟင်"

သို့ဆိုတော့ ကျွန်တော်သည် လင်းမြင့်လှိုင်အား ဘစိန်သေ ဆုံးနေပုံ‥ ပြီးတော့ စိန်မင်းနှင့် ဖိုးနတ်စကားများပြီး စိန်မင်းထွက် ပြေးသွားပုံတို့ကို ပြောပြလိုက်၏။

"ဟုတ်ပြီ‥ ကျွန်တော်သဘောပေါက်ပြီ‥ တကယ်တော့ စိန်မင်းက ဘစိန်ကို အချင်းချင်းလုပ်ကြံတာ ဖြစ်မလားပဲ‥"

"အေး ဟုတ်နိုင်တယ်ကွ‥ သည်ကောင်တွေမယ် ပတ္တမြား ကြီးရှိတာ သေချာပြီ‥နို့ကြောင့် ဘစိန်ဆီက ပတ္တမြားကြီးကို စိန်မင်း က ယူပြီး သတ်ဖြတ်လိုက်တာဖြစ်မယ်။ ပြီးတော့ ငါတို့ကို သက်သေ ပြချင်လို့ သက်သက်လုပ်ကြံတာဖြစ်မယ်‥"

ဖိုးနတ်ပြောသည်ကို ကျွန်တော်လက်ခံမိချေတော့၏။ ဖြစ်နိုင် သည်ကိုး‥

"ကျွန်တော်တို့ စိန်မင်းကို မတွေ့မနေလိုက်ရှာရတော့မယ့် ပုံပေပဲဗျ‥"

"ကိုလင်းက စိန်မင်းဆီမယ် ပတ္တမြားကြီးရှိတယ်ဆိုတာ သေချာသိလိုက်လို့များလား‥"

သို့ကျွန်တော်က မေးလိုက်သည်တွင် လင်းမြင့်လှိုင်က

www.burmeseclassic.com

သွားတက်လေးပေါ်ရဲ့ ပြုံးပြလိုက်ချေပြီး..

"နို့တော့လဲ မဟုတ်ဘူး.. ဖြစ်နိုင်ချေကို မှန်းကြည့်တာ စိန်မင်းကို တွေ့မယ်ဆိုလျှင်တော့ ရှင်းရှင်းလင်းလင်း သိလောက်ပါပြီ"

"ဟုတ်ပြီလေ.. ကဲ ကဲ..အိပ်ကြချေ။ မနက်စောစော ဘစိန်ကိုစွာသွားလုပ်ကြပေါ့.."

"ဟင်..နို့ဖြင့် ဘစိန်အလောင်းကို သည်အတိုင်း ထားခဲ့တာလား"

လင်းမြင့်လှိုင်က မေးလေ၏။

"လောလောဆယ် သစ်ခက်တွေနဲ့တော့ အုပ်ထားခဲ့တာပေါ့ ဗျာ..နို့မှမဟုတ် သားရဲကောင်တွေ ဆွဲသွားမပေါ့.."

ကျွန်တော်က ပြောလိုက်ချေတော့၏။

သို့မှ ကျွန်တော်တို့သည် တရေးတမောအိပ်လိုက်ကြလေ တော့၏။

မိုးစင်စင်လင်းသည်တွင်မှ ကျွန်တော်အိပ်ယာမှ နိုးလာရတော့ ၏။ လင်းမြင့်လှိုင်နှင့် ဖိုးနတ်စခန်းတွင် မတွေ့ပါချေ။ ဘယ်သွား ကြတာပါလိမ့်.. ဘစိန်အလောင်းရှိရာသို့ သွားကြမည်တော့ မဟုတ်။ သို့ဆိုတော့ ကျွန်တော့်ကို နှိုးကြပေလိမ့်မည်။ သို့ဖြင့် ကျွန်တော်သည် မီးပုံကို မီးမွှေးလိုက်ကာ သူတို့အလာကို စောင့်နေလိုက်တော့၏။

အတန်ကြာတွင် သူတို့ပြန်ရောက်လာကြ၏။

"ဘယ်သွားကြတာတုန်း.."

ကျွန်တော်က မေးလိုက်၏။

"ဘစိန်အလောင်းဆီ"

"ဟင်.. ဘာလို့ ကျွန်တော့်ကို မနှိုးကြတာလဲ.."





ကျွန်တော်က မေးလိုက်၏။

"မနှိုးတာက စိန်မင်းကြောင့်ပဲ .."

"ဟင်..ဘယ်လို ပတ်သက်လို့လဲဗျာ.."

ကျွန်တော်တို့အားလုံး စခန်းက ထွက်သွားကြလျှင် စိန်မင်း တစ်ယောက် ပြန်လာနေဦးမှာ.. ကိုပိုက်ရှိနေတော့ကာ သူလာမှာ မဟုတ်ဘူးလေ.."

"သူလာတော့ ဘာဖြစ်လဲ.."

"ဘာဖြစ်ရမှာလဲ၊ သူ့ပစ္စည်းတွေ သည်မှာ ရှိနေတာကလား"

အဟုတ်သွားကလား..စိန်မင်း၏ ကျောပိုးအိတ်၊ ဘစိန်၏ ကျောပိုးအိတ်ရှိနေသည်ပဲ..။

"နို့ဖြင့်"

"ဘစိန်အလောင်းကို ကောင်းကောင်းမြေမြှုပ်ခဲ့ပြီးပြီ။ သည်မယ်ရှိတဲ့သူ့အိတ်နဲ့ စိန်မင်းအိတ်ကိုရှာကြည့်ရလိမ့်မယ်"

ဖိုးနတ်က သို့ပြောပြီး အိတ်နှစ်လုံးကို မွှေရှာနေလေတော့၏၊ အဝတ်အစားအချို့နှင့် သွားတိုက်ဆေး၊ သွားပွတ်တံ၊ အစာကြေဆေး ထုတ်နှင့် ခေါင်းကိုက်ပျောက်လျှင် သောက်သောဆေးများသာ တွေ့ရ၏၊ အခြားထူးထူးခြားခြားတော့ဖြင့် မတွေ့ပါချေ။

"ကဲ ကျွန်တော်တို့ ဘယ်သွားကြမလဲ.."

ကျွန်တော်က မေးလိုက်၏။

"စိန်မင်းနောက်လိုက်ကြမယ်.."

စိန်မင်းကို ဘစိန်အား သတ်သည်ဟု ယူဆခြင်း မြဲတော့ သူ့တွင် ပတ္တမြားကြီးရှိနေမည်ဟု ထင်ကာ သို့ ဝင်ဘဲလိုက် ကြခြင်း ဖြစ် ချိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



သို့မှ ကျွန်တော်တို့သည် ထိုစခန်းနေရာမှ ထွက်ခဲ့ကြ၏။

"သူတို့အိတ်တွေ ယူသွားကြမှာလား"

ကျွန်တော်က မေးလိုက်၏။

"သည်မှာပဲ ထားခဲ့ပါ.. ဘာမှ ရှိတာမဟုတ်လို့ စိန်မင်းလဲ ပြန်လာယူလိမ့်မယ် မဟုတ်ပါဘူး.."

သို့ဖြင့် ကျွန်တော်တို့သည် ထိုစခန်းနေရာလေးမှ ချောင်းတစ်ခုသို့ ရောက်ခဲ့ကြတော့၏။

"ဘာချောင်းဖြစ်မလဲ.."

သို့ဆိုတော့ လင်းမြင့်လှိုင်က နောက်ဘက်သို့ သွားလိုက်ချေပြီး... ပြန်လာကာ..

"ရှေ့ခပ်လှမ်းလှမ်းနားမယ် ချောင်းတစ်ချောင်းရှိတယ်။ အဲဒီချောင်းကနေ ခွဲထွက်လာတယ်ဆိုတော့ ကျောက်ချောင်းရှေ့သွားကြည့်ချဦးမယ်.."

လင်းမြင့်လှိုင်က သို့ပြောပြီး ရှေ့သို့ ထွက်သွားလိုက်ပြန်၏။

"ဟာ..ဟုတ်ပြီ.. ဟိုနားလေးမယ်.. ချောင်းတစ်ချောင်းရှိတယ်ဆိုတော့ နို့ကမိကျောင်းချောင်းဖြစ်မယ်။ ဥက္ကံချောင်းမကြီးအထက်ရောက်နေကြတာပဲဗျ.."

"ကျွန်တော်တို့တွေ သည်ချောင်းအတိုင်း သွားကြမှာလား"

ကျွန်တော်က မေးလိုက်၏။

"မဟုတ်ဘူး.. မိကျောင်းချောင်းကနေ သွားကြမယ်.."

သို့ဆိုလျက် လင်းမြင့်လှိုင်က ကျောက်ချောင်းမှ ထွက်ကာ ဥက္ကံချောင်းမကြီးအတိုင်း ဆန်တက်ခဲ့ကြလေပြီး ခပ်လှမ်းလှမ်းတွင် တွေ့ရသည့် ချောင်းတစ်ချောင်းအတွင်း ဝင်လိုက်ချေပြီ..။





"နို့က မိကျောင်းချောင်းလေ..."

"မိကျောင်းချောင်းအတိုင်းဘယ်သွားမှာပဲ.."

ကျွန်တော်က မေးလိုက်ပြန်၏။

"မိကျောင်းချောင်းအထက်မယ် တောင်ကြားကန်းတွေ လှမ်းမြင်ရတယ်.."

သို့ဆိုတော့မှ ကျွန်တော်သည် ချောင်းအထက်သို့ လှမ်းကဲကြည့်လိုက်ချေ၏။ အလိုလေးဗျာ.. ဟုတ်ပါ့.. တောကျိုး ကောင်တွေ အုပ်လိုက်ကြီးပါကလား။ မိုးပေါ်တွင် ပျံဝဲလို့နေချေ၏။

"ဖိုးနတ်တွေ့လား.."

"တွေ့သားကလား.."

"သည်ကောင်တွေကြည့်ပြီးပြောရမယ်ဆိုလျှင် အဲဒီနေရာမယ် တစ်ခုခု ဖြစ်နေပြန်ပြီထင်တယ်.."

လင်းမြင့်လှိုင်က ပြောလေ၏။

"ဘာကိုဆိုလိုချင်တာတုန်း"

ဖိုးနတ်က မေးလာလေ၏။

"အပုပ်ကောင်ရှိနိုင်တဲ့သဘောကို ပြောတာ.."

"ဗျာ.."

ကျွန်တော် အံ့သြမိခြင်းဖြစ်လေတော့၏။ ဖိုးနတ်ကို ကြည့်လိုက်တော့လည်း မထုံတတ်တေးပုံဖြစ်ချေ၏။ သို့ပေမင့်

"ငါတို့ အဲဒီသွားကြမယ်ပေါ့.."

"ဟုတ်တယ်.."

"နို့ဖြင့်လည်း မင်းတို့သွားကြချေ.. ငါက ဟိုကောင့်နောက် လိုက်တော့မယ်.."



www.burmeseclassic.com

www.burmeseclassic.com



ဖိုးနုတ်က သို့ပြောပြီး နောက်ကြောင်းပြန်လှည့်သွားတော့၏။

"ကိုလင်း ဘယ်လိုလုပ်ကြမလဲ.."

ကျွန်တော်က မေးလိုက်၏။ လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတတ်လေးပေါ်ရုံ ပြုံးလိုက်ချေပြီး

"သူ့လမ်းသူသွားပါစေ..ကျွန်တော်တော့ မိကျောင်းချောင်း အထက်ကို သွားမယ်ဗျာ.. ကျီးအုပ်ရှိတဲ့နေရာမယ် ထူးခြားမှုတော့ ရှိကိုရှိရမယ်.."

သို့ပြောပြီး လင်းမြင့်လှိုင်တစ်ယောက် မိကျောင်းချောင်း အတိုင်း အထက်သို့ ဆန်တက်သွားတော့၏။

ကျွန်တော်သည်လည်း လင်းမြင့်လှိုင်နှင့်အတူ လိုက်ပါသွားတော့၏။

"သည်လူကြီး ဘာလို့ လမ်းခွဲထွက်သွားလဲ မသိဘူး.. ကျွန်တော်တော့ သည်လူကြီးကို မသင်္ကာတော့ဘူး.."

"ကိုပိုက်ဘာလို့ အဲလိုမြင်လဲ.." မေးလာလေ၏။

"ကျွန်တော်သိရသလောက် သည်လူကြီးနဲ့ ကျီးကောင်တွေ ပတ်သက်နိုင်တယ်.. သူ့ကိုကြည့်လေ.. ကျီးကောင်လိုအော်တတ်တယ်.."

"ဟုတ်ပါပြီ..သည်တော့.."

"ကျီးကောင်တွေကို သူက အမိန့်ပေးခိုင်းနေတယ်လို့ထင်တယ်.."

"ဟား..ဟား..ဟား.. ဘယ်လိုဖြစ်နိုင်မှာလဲ ကိုပိုက်ရယ် သူကျီးလိုအော်တာ တူအောင်အော်တတ်တယ်ပဲထားပြီး ကိုပိုက် ထင်သလို ကျီးကောင်တွေကို အမိန့်ပေးခိုင်းနိုင်တဲ့ တိရစ္ဆာန်တို့





ဘာသာစကားကို သူတတ်လိမ့်မယ် မထင်ဘူး.."

ကျွန်တော့်စကားကို လင်းမြင့်လှိုင်က ရယ်သွမ်းသွေးပြောလာချေတော့၏။

"ကျွန်တော်တော့ ထင်ကိုထင်တာဗျ.. ကြည့်လေ.. ကျီးတွေကလူကိုသတ်ဖြတ်လောက်အောင် ဆိုးသွမ်းနေတယ်ဆိုတော့ တစုံတစ်ဦးက စေခိုင်းလို့ဖြစ်မပေါ့.."

"ကိုပိုက် အတွေးတွေ ခေါင်နေပြီထင်ပါရဲ.. လင်းမြင့်လှိုင် ကသို့ပြောပြီး ရေမှုခပ်သွက်သွက် လျှောက်သွားလေသဖြင့် ကျွန်တော် နောက်မှ လိုက်သွားရချေတော့၏။

သို့မှ ကျွန်တော်တို့သည် ကျီးကောင်တို့နှင့် နီးကပ်လာပြီ ဟု ဆိုရခြိမ့်မည်။ ဘယ့်တွက်မူ ကျီးကောင်တို့အသံကျယ်ကျယ် လောင်လောင်ပင်မဟုတ်။ ကျီးများ၏ တောင်ပံတဖျပ်ဖျပ်ခတ်သံ ကြောင့် ပေါ်လာရသည့် လေအဟုန်သံပင် ကြားရလေပြီဖြစ်သည်ကို။

"ကိုပိုက် ချောင်းမြောင်းသွားကြတာပေါ့.. ကျီးကောင်တွေ ရှိရာ ရောက်လာပြီလေ.. အခြေအနေကြည့်ပြီး ဆုံးဖြတ်ကြတာ ပေါ့.."

လင်းမြင့်လှိုင်က သို့ပြောသလိုပင် ရှေ့မှ မှဆိုးချောင်း ချောင်းမြောင်းသွားလေတော့၏။

သို့မှ

"ဟာ"

"အလိုလေးဗျာ.."

ကျီးတအုပ်နှင့် ကျွန်တော်တို့ ထိပ်တိုက်တိုးလေပြီဖြစ်၏။ ကျီးတအုပ် သစ်ပင်တို့ ထိပ်ဖျားမှပင်မဟုတ်။ မြေပြင်တွင်သည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိကြချေ၏။ မြေပြင်မှ ကျီးအုပ်သည် တစုံတရာကို ဝိုင်းဝန်းထိုးဆိတ် ပေါက်နေကြပုံပင်‥ အသေအချာကြည့်မိလေသည်တွင်…

“ဟာ”

သူတို့၏ နှုတ်သီးတွင် သွေးသံရဲရဲ အူတို့‥ အလိပ်အထွေး အသားစတို့ပင် တွေ့ရလေသဖြင့် သားကောင်ကို ဝိုင်းတွယ်နေသည် သိလိုက်သဖြင့်

“ဒိန်း”

ကျွန်တော်ကလင်းမြင့်လှိုင်၏ ခွင့်ပြုမိန့်ဖြင့် သေနတ်ပစ် ဖောက် ခြောက်လှန့်လိုက်ချေတော့၏။

သို့ဆိုတော့ ကျီးကောင်တို့ လန့်ဖျတ်ပျံသန်းသွားလေသည် တွင် -

“ဘုရားရေ‥”

“အို‥”

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် မြေပြင်တွင် ရှိနေသည် လူသားထံသို့ ပြေးသွားလိုက်ကြတော့၏။

ကျီးကောင်တို့ အမြင့်သို့ ပျံ၊ အဝေးသို့ ပျံသန်းသွားကြ ချေတော့၏။ ကျွန်တော် မြေပြင်မှလူကိုမြင်သည်တွင် အံ့ဩသွား ရချေတော့၏။

“စိန်မင်းပါကလား‥၊ ဘယ်လိုဖြစ်ရတာပါလိမ့်‥”

ထိုသူအသက်ရှင်နေလေခြင်းကြောင့် မွေ့ထူလိုက်၏ စိန်မင်းသည် ကျွန်တော့်ကိုမြင်သည်နှင့် မှတ်မိလေသည်ကြောင့် ကျွန်တော့်အား တစုံတရာပြောဆိုရန် မျက်ရိပ်ပြလာလေသဖြင့် ကျွန်တော်သည် သူ့ပါးစပ်နားသို့ နားကို ကပ်ပေးလိုက်တော့၏





သူတစုံတရာပြောနေပုံပင် ‥ လေသံသဲ့သဲ့သာကြားရသဖြင့် သူပြောသည့် စကားကို နားမလည်လိုက်ပါချေ။ သူ၏လေသံ မျက်နှာ ပေးကိုကြည့်ပြောရလျှင် လူတစ်ယောက်နာမည်ကို ပြောနေပုံပင်။ သို့ကြောင့် ကျွန်တော်နားစိုက်ထောင်လိုက်၏။

“――――――”

“ဘယ်သူ‥ ဘာရယ်‥”

“――――――”

ကျွန်တော်သူပြောသည်ကို လုံးဝမကြားရပါချေ။ သို့ပေမင့် တဦးတစ်ယောက်၏ အမည်ကို ပြောနေသလိုပင် ။ သို့ကြောင့်

“မင်းပြောချင်တာ မင်းကို ဘယ်သူလုပ်တာလဲ‥”

“သူလေသံ သဲ့သဲ့ဖြင့် ပြောလာပြန်၏။

“ဘယ်သူ‥ဘယ်သူ‥”

သူသည်လည်း အတတ်နိုင်ဆုံး အသံထွက်ပြောနေရှာ၏။ သို့မှ ရိပ်ဖမ်းသံဖမ်းသိလိုက်သည်ကြောင့် လုံးဝအံ့ဩသွားတော့၏။

“ဟာ‥ မဖြစ်နိုင်တာ‥ ဖိုးနုတ်‥ဟုတ်လား‥”

သို့ဆိုတော့ သူ့ခေါင်းဆတ်ငြိမ့်ပြရာမှ လုံးဝငြိမ်သက်သွား တော့၏။

ဘုရားရေ‥ ကျွန်တော် လင်းမြင့်လှိုင်ကို ကြည့်လိုက်၏။

“သူပြောတာ ဖိုးနုတ်တဲ့‥ ဘယ်လိုဖြစ်နိုင်မှာလဲဗျာ‥”

သို့ဆိုတော့ လင်းမြင့်လှိုင်က ကျွန်တော့်ကို ပြုံးပြလာချေ ပြီး…

“စဉ်းစားစရာပဲ‥”

“ဘယ်လိုဖြစ်နိုင်မှာလဲ‥ကိုလင်းရယ်‥ ဖိုးနုတ်က ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့နဲ့ လမ်းခွဲထွက်သွားတာက ဆန့်ကျင်ဘက်လမ်းဗျာ.. ခုတော့ ဘယ်လိုကြောင့်သည် ကျွန်တော်တို့ ဦးတည့်လမ်းကြောတည်တည်မှာရှိတဲ့သူ့ကို သတ်ဖြတ်နိုင်ပါ့မလဲ.."

သို့ ကျွန်တော်က ပြောလိုက်၏။

"ဘယ်လိုမှ မဖြစ်နိုင်ဟု ကျွန်တော်သိ၏။ စိန်မင်းတစ်ယောက် သွေးရူးသွေးတန်းဖြင့် ကျွန်တော်၏ ပြောခြင်းများလေလား။

"ကိုလင်း..ဘယ်လိုလဲ.. ဖြစ်နိုင်ပါ့မလား.."

ကျွန်တော်က လင်းမြင့်လှိုင်ကို မေးလိုက်၏။

လင်းမြင့်လှိုင်က တွေဝေငေးမောနေလေတော့၏။ လင်းမြင့်လှိုင်သည်လည်း စိန်မင်းပြောသလိုမဖြစ်နိုင်ဟု တွက်ထားပုံပင်...။

သို့ပေမင့်....

လင်းမြင့်လှိုင်က စိန်မင်း၏ ဒဏ်ရာဒဏ်ချက်များကို စေ့စေ့ကြည့်နေလိုက်၏။ စိန်မင်း၏ လက်ခြေကို အသေအချာကြည့်လိုက်ချေလေပြီး...

"ကိုပိုက်... သူ ကျီးကောင်တွေ သတ်ဖြတ်တာခံရတာဆိုပေမင့် ကျီးကောင်တွေ ဝိုင်းမထိုးဆိတ်ခင် တစုံတဦးက သူ့ရဲ့ခြေလက်တွေကို လှုပ်ရှားမရအောင် လုပ်ထားသေးတာကိုးဗျ.."

"ဘာ.. ဘယ်လို..ကိုလင်း.. ဘယ်လိုပြောလိုက်တယ်"

သည်လိုကိုပိုက်ရဲ့ ကျွန်တော်သဘောပေါက်လိုက်ပြီ .. အရင်ကျီးကောင်တွေ သတ်ဖြတ်လို့ သေသွားတယ်ဆိုတဲ့သူတွေကို ကျွန်တော်သတိထားကြည့်မိတော့ ကျီးတွေထိုးဆိတ်မခံရခင်က သူတို့ခြေထောက်တွေ အဆစ်ပြုတ်နေသလိုပဲဗျ.. သူ့ကို အသေအချာ





ကြည့်မိတော့မှ သိရပြီဗျာ .."

"ရှင်းပါဦး"

"သူလည်းပဲ ခြေတွေလက်တွေကို အဆင်ပြုတ်တာ ခံထားရတယ် ..."

"ဗျာ.. ရှင်းအောင်ပြောပါလား.."

"သည်လိုကိုပိုက်ရဲ့ ကျီးကောင်တွေ သူ့ကိုဝိုင်းထွပ်လျှင် ထွက်ပြေးလို့ရနိုင်တယ်၊ ကာရိုက် ယမ်းဖယ်တာတွေ လုပ်နိုင်တယ်။ ခြေဆစ် လက်ဆစ်တွေ ပြုတ်ထားတော့ ကျီးကောင်တွေ ဝိုင်းအုံထိုးဆိတ်တဲ့အခါ ကျီးကောင်တွေကို သူ့ကိုယ်နှိုက် ခြောက်လှန့်ထုတ်လို့မရဘူးလေ.. သည်တော့ ကျီးကောင်တွေက စိတ်ကြိုက် ပေါက်ဆိတ် ကိုက်ခဲ လို့ ရတော့မှပေါ့.. ဟုတ်ပြီ.. ကျွန်တော်သိပြီ .. နို့က လူသတ် သမားရဲ့ အကြံပေပဲဗျ.. အင်မတန်ကို စေ့စေ့စပ်စပ် လုပ်ထားတာ ဖြစ်မယ် .. သူ လူတစ်ယောက်ကို သတ်ချင်လျှင် ကိုယ်တိုင် သတ်စရာမလိုပဲ ကျီးကောင်တွေကို ခိုင်းလို့ရတာပေါ့ဗျာ .. ဟင်း..ဟင်း.... နို့ဆိုတော့ ကျီးကောင်တွေဝိုင်းထိုးလို့ သေရတာပေါ့.. ကျီးဆိုးတွေပေါ့.. မိစ္ဆာကျီးကောင်တွေပေါ့.. အဲ့လိုဖြစ်အောင် ဖန်တီးတာ.."

"နို့.. စိန်မင်းပြောတဲ့နာမည်ဆိုတော့ကော..."

"ဟုတ်တယ်လေ..နို့ကြောင့် ကျွန်တော် အဲလို စဉ်းစားမိတာပေါ့.. သူ့ကို ကျီးထိုးမခံရခင် တစ်စုံတစ်ဦးက သူ့ကို လပ်ကြံတာကို ပြောခဲ့ချင်တယ်လေ.. နို့ပေမင့် တစ်ခုစဉ်းစားမရတာက ဘာလို့ ဖိုးနတ်လို့ သူပြောရတာပါလိမ့်.."



www.burmeseclassic.com

www.burmeseclassic.com

လင်းမြင့်လှိုင်က သို့ပြောပြီး စဉ်းစားနေချေတော့၏။

"အေးဗျ.. ဖိုးနတ်က ဆန့်ကျင်ဘက်အရပ်မှာ ရှိနေတာပေပဲ.. တစ်ခုခုတော့ မှားယွင်းနေပြီထင်တယ်.."

သို့ ကျွန်တော်က ပြောလိုက်၏။ လင်းမြင့်လှိုင်က ထိုနေရာဝန်းကျင်တွင် သဲလွန်စရလိုရငြား မြေပြင်တဝိုက် နံ့စပ်ရှာဖွေနေချေတော့၏။ သို့မှ..

"ဟာ.. သည်မှာ ဘာလေးပါလိမ့်.."

မြေပြင်မှ တစုံတစ်ရာကို ကောက်ယူရင်း လင်းမြင့်လှိုင်က ဆိုလေ၏။ ထိုအရာကို ကျွန်တော်ကြည့်လိုက်မိ၏။

အဲလီဇဘတ်ဘုရင်မကြီးခေါင်းပုံနှင့် ငွေဒင်္ဂါးပြားလေးဖြစ်ချေတော့၏။

နှစ်ထပ်ဒင်္ဂါးဖြစ်ချေ၏။

"မှန်း.. ပြစမ်း.."

လင်းမြင့်လှိုင်လက်ထဲမှ ကျွန်တော်ယူ၍ ကြည့်လိုက်၏။ အလိုဘုရားရေ.. ထိုဒင်္ဂါးပြားတွင် အပေါက်ကလေးနှင့် ဖြစ်ချေ၏။

"ကိုလင်း နို့က လူကြီးတွေက ကလေးတွေကို လည်ဆွဲအဖြစ် လုပ်ပေးထားတဲ့ ဒင်္ဂါးပြားမဟုတ်လား.."

"ဟုတ်တယ်ဗျ.. ကျွန်တော်မြင်ဖူးသလိုပဲ.."

လင်းမြင့်လှိုင်က ကျွန်တော့်လက်ထဲမှ ပြန်ယူကာ အသေအချာ ကြည့်ကာ စဉ်းစားနေပြန်တော့၏။

"ဟာ.. ဟုတ်ပြီ.. သိပြီ.. နို့က ဖိုးနတ်လည်ပင်းမှာ ဆွဲထားတာလေ.. ကျွန်တော်သတိထားမိပြီ.."





လင်းမြင့်လှိုင်က သို့ပြောလေသဖြင့် ကျွန်တော်သည်လည်း စဉ်းစားမိလိုက်တော့၏။

အမှတ်တမဲ့နေလိုက်ကြ၍ဖြစ်၏။ ဖိုးနတ် လည်ပင်းတွင် ထိုဒင်္ဂါးပြားလေး ဆွဲထားသည်ကို ကျွန်တော်သတိထားမိခဲ့သည်ပဲ။

"ကိုပိုက်"

"ပြော..ကိုလင်း.."

"စိန်မင်းပြောတာဖြစ်နိုင်သလိုပဲ.."

"ဘာတုန်း.."

"ဖိုးနတ် သူ့ကို လုပ်ကြံတယ်ဆိုတာ.."

"ဘယ်လိုဖြစ်နိုင်မှာလဲ.. ကိုလင်းလဲအသိပဲ.. ဖိုးနတ်က ဆန့်ကျင်ဘက်အရပ်ကို ထွက်သွားတယ်လေ."

"ဟာ..ကိုပိုက်ကလဲ..နို့ဖြင့် ဘာလို့ သူ့လည်ဆွဲဒင်္ဂါးက သည်ကို ရောက်နေတာလဲ..သည်တောကို ကျွန်တော် တို့ကသာ ကျွမ်းကျွမ်းကျင်ကျင်မရှိတာ..။ သည်နေရာကို ရောက်နိုင် တဲ့ အခြားလမ်းကြောရှိချင်ရှိတော့မပေါ့.."

"နို့တော့မသိဘူးကိုလင်း..တစ်ခုရှိတယ်.. သည်ပစ္စည်းလေးက ဖိုးနတ်ပစ္စည်းမှန်လျှင်ဖြင့် ဖိုးနတ်သည်ရောက်ခဲ့တာဖြစ်မယ်..၊ သည်တော့ ကျွန်တော်တို့ ဖိုးနတ်နဲ့တွေ့လျှင် သူ့ပစ္စည်းလည်မှာရှိသေးသလား ကြည့်ရမယ်။ မရှိဘူးဆိုလျှင် သည်ပစ္စည်းက သူ့ပစ္စည်းလေးပဲ."

"ဟုတ်ပြီ.. ကဲ..ကျွန်တော်တို့ နောက်ကြောင်းပြန်လှည့်ကြည့် ဖိုးနတ်ကို ရှာကြမယ်.. ဖိုးနတ်က စိန်မင်းကို သတ်တယ်

www.burmeseclassic.com



ဆိုလျှင်ဖြင့် ဘစိန်ကော တခြားလူတွေ‥ ဆိုပါစို့ ကျီးကောင်သတ်လို့ သေတဲ့လူတွေအားလုံးကို ဖိုးနတ်သတ်တာပဲဖြစ်ရတော့မပေါ့‥"

အလိုလေးဗျ‥ ဖိုးနတ်အသက်အားဖြင့် (၈၀) ကျော်ချေပြီ။ ဘာကြောင့်လူတွေ သတ်နေရတာပါလိမ့်‥ ဘာကြောင့်ပါလိမ့်။

သို့အတွေးကြောင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် နောက်ကြောင်းပြန်လှည့်ခဲ့ကြချေတော့၏။ စိန်မင်း၏ အလောင်းကိုမူ ကောင်းမွန်စွာ မြေမြှုပ်သင်္ဂြိုဟ်ခဲ့ကြချေတော့၏။

"ဖိုးနတ် ကျီးကောင်အော်သလို အော်တတ်တယ်။ ကျီးကောင်တွေကို သူခိုင်းစေနိုင်တယ်‥"

ကျွန်တော်က ပြောလိုက်၏။

"နို့ကလည်း စဉ်းစားစရာဗျ။ ပုံပြင်တွေထဲမှာသာ ကျွန်တော် ကြားဖူးတယ်။ ဖတ်ဖူးတယ်။ ဆိုပါစို့ တိရစ္ဆာန်တွေ စကားပြောတတ်တဲ့ လူသားရှိတယ်ဆိုတာ‥"

"ခု ဖိုးနတ်ကလဲ အဲလိုပြောရမလား‥။ ဖြစ်နိုင်တယ်ဗျ နော်‥ ဘာလို့လဲဆိုတော့ ဖိုးနတ်အသက်က (၈၀) ကျော်ပြီလေ။ ရှေးလူကြီးတစ်ယောက်ဆိုတော့ တတ်ချင်လည်း တတ်မှာပေါ့ဗျာ"

သို့မှ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် စကားတပြောပြောဖြင့် တောတိုးခဲ့ကြရာမှ

"ဟိုမယ်‥ဟိုမယ်‥"

ရှေ့ကိုက် (၅၀) လောက်အကွာအဝေးတွင် တောဝက်တစ်ကောင်ကို တွေ့သဖြင့် ကျွန်တော်က သွားနေသော ခြေလှမ်းကို ရပ်လိုက်ကာ မှဆိုးဒူးထောက်ထိုင်၍ ပစ်မှတ်ချိန်လိုက်၏။

လင်းမြင့်လှိုင်က အသာရပ်ကြည့်နေချေ၏။





"ဝက်ပျိုကောင်ပေပဲဗျ‥ မလွဲစေနဲ့နော်‥"

"ဒိန်း"

လင်းမြင့်လှိုင်ပြောသလိုပင် စေ့စပ်သေချာပြီဆိုမှ ကျွန်တော်က သေနတ်မောင်းထိန်းခလုတ်ကို ဖြုတ်လိုက်ခြင်းဖြစ်၏။

တောဝက်ကောင်လေးဘေးသို့ ယိုင်လဲသွားချေတော့၏။

"ကျီးလ်‥ကျီးလ်‥ကျီးလ်‥"

မြေပြင်တွင် လူးလိမ့်အော်ဟစ်နေချေ၏။ ထပြေးသွားခြင်းတော့ဖြင့် မပြုနိုင်ပါချေ။

သို့ကြောင့် ကျွန်တော်သည် ထိုဝက်ပျိုကောင်နားသွားလိုက်မည် အပြုတွင်

"အာ‥အာ‥အာ‥အာ‥အား"

သို့အသံနှင့်အတူ ကျီးကန်းကောင်သည် ကျွန်တော့်မျက်နှာဆီသို့ တရှိန်ထိုးဆင်လာကာ တိုက်ခိုက်လာလေသဖြင့် လက်တွင်းရှိ သေနတ်ဖြင့် တားဆီးရိုက်လိုက်ချေတော့၏။

"ဟာကွာ‥ သည်ကောင်ဘယ်လိုဖြစ်တာလဲ‥"

ကျွန်တော်၏ သေနတ်ဖြင့် ထိုကျီးတစ်ကောင်ထိခတ်သွားသည် ဆိုပေမင့် အမွေးအတောင်အချို့သာ ကျွတ်ထွက်ခဲ့ချေပြီး ထိုကျီးကောင် သည် အဝေးသို့ ပျံသန်းသွားချေတော့၏။

"အာ‥အာ‥အာ‥အာ‥" သို့လည်း အော်ဟစ်သွားလေတော့၏။

သည်ကျီးကောင် အတင့်ရဲလိုက်တာ‥။

"ဟင်း‥ဟင်း‥ဟင်း‥ကိုပိုက်တော့ ချုံခိုတိုက်ခိုက်တာ လိုက်ရတာပဲ‥"



www.burmeseclassic.com

www.burmeseclassic.com



"ကျီးကောင်တွေ အတော်ဆိုးတယ်ဗျ။ သူတို့လူသားစားဖူး ထားတော့ လူမြင်လျှင် မနေနိုင်ကြဘူးထင်တယ်.."

သို့ ကျွန်တော်က ပြောလိုက်၏။

သို့မှ လင်းမြင့်လှိုင်နှင့် ကျွန်တော်သည်ဝက်ကောင်နား ရောက်သွားကြ၏။ ဝက်ကောင်ငြိမ်သက်နေချေပြီပဲ..။

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ဝက်ကောင်ကို နှစ်ယောက် အသာမကာ ခြေခင်းလက်ခင်းသာသည့်နေရာလေးတွင် စခန်းချရန် ဆုံးဖြတ်လိုက်ကြတော့၏။

ကျွန်တော်တို့စခန်းချသည့်နေရာ မြောင်ကြောအောက်ဘက် တွင် ချောင်းရှိချေ၏။ သို့ကြောင့် အလင်းလည်းရချေ၏။ ချောင်းတွင်း မတော့ ရေစီးရှိသည်ဆိုပေမင့် ချောင်းကမ်းတစ်ဖက်ဘေးတွင်ဝသာ ခြေသလုံးဝက်ခန့်သာရှိချေ၏။ ကျွန်တော်တို့စခန်းနေရာ ချောင်းကမ်း ဘက်တွင်မတော့ သဲသောင်ခုံသာရှိချေ၏။ ကျွန်တော်သည် ချောင်းတွင်းရှိ ထင်းခြောက်ကိုင်းတို့ကို လိုက်လံစုဆောင်းလိုက်၏။ လင်းမြင့်လှိုင်က ဝက်ကောင်ကိုအသားဖျက်နေလေ၏။ မမှောင်ခင် ဝက်ကောင်မီးကင်ပြီးဖြစ်တော့၏။ နေအလင်းရှိသေးသည်ကြောင့် ကျွန်တော်သည် ချောင်းတွင် ရေဆင်းချိုးလိုက်၏။

"ကိုပိုက်သွားနှင့်... ကျွန်တော်လိုက်ခဲ့မယ်.."

လင်းမြင့်လှိုင်က သို့ပြောကာ မီးပုံဘေးတွင် ကျန်ခဲ့ချေ၏။ ကျွန်တော်သည် ချောင်းတွင်းရေအိုင်ရှိသည့်နေရာကိုရှာ၍ ရေဆင်းစိမ် နေလိုက်၏။ သို့ရှိစဉ်

"အာ.."

"အာ..အာ..အာ.."





သို့ ကျီးကောင်အသံကြောင့် မိုးပေါ် မော့ကြည့်လိုက်၏။ ကျီးတစ်အုပ်ပါကလား.. ချောင်းအထက်သို့ ပျံသန်းသွားကြခြင်း ဖြစ်၏။

သည်တောသည်တောင် တောကျီးကန်း အလွန်ပေါသည်ဟု ကျွန်တော်တွက်လိုက်၏။ ကျွန်တော် ရေချိုးနေစဉ် လင်းမြင့်လှိုင် ရောက်လာ၏။ သူနှင့် စကားတပြောပြော ရေချိုးကြပြီး စခန်းသို့ ပြန်ခဲ့ကြတော့၏။

ပြီးမီးပုံနံဘေးတွင် ထိုင်လိုက်ကြ၏။ ဝက်ကောင်လုံးကို မီးကင် ထားခြင်းဖြစ်၍ တဖက်တစ်ချက်လှန်းပေးနေရချေ၏။ သို့မှ အမှောင် ထု တဖြည်းဖြည်းရောက်လာလေပြီဖြစ်တော့၏။

"ကိုပိုက်ရေ.. ကျွန်တော်တို့ လုပ်ငန်းစလို့ရပြီဗျ.."

သို့ဆိုလျှက် လင်းမြင့်လှိုင်က ဝီစကီပုလင်းပြားနှင့် ဓါးခွက် နှစ်လုံး ထုတ်ပေးလာလေတော့၏။ ကျွန်တော်က ဝါးဗူး အတွင်းမှ ရေကို ဓါးခွက်အတွင်း ထည့်လိုက်၏။

သို့မှ ကျွန်တော်တို့သည် လုပ်ငန်းစလိုက်ကြတော့၏။ သောက်ရင်းမှ ဝက်ကောင်မီးကင်ကို ဓါးဖြင့်ဖဲ့အမြည်းလုပ်လိုက်ကြ ချေ၏။

ဝက်ကောင်သားကင် ပူပူလောင်လောင်ဖြစ်ခြင်းကြောင့် ကျွန်တော်တို့ အမြည်းကို အအေးခံပြီးမှ စားကြလေခြင်းကြောင့် အရက်နှစ်ခွက်လောက်သောက်ပြီးမှ အမြည်းကို စားကြရလေခြင်း ဖြစ်တော့၏။

သို့နှယ့် လင်းမြင့်လှိုင်နှင့် ကျွန်တော် ဇိမ်ခံနေကြစဉ်

"ဟာ..ဟိုမယ်..ဟိုမယ်.. ချောင်းထဲမယ် လူနှင့်သောက်



www.burmeseclassic.com

www.burmeseclassic.com



သည်လာနေကြတယ်မဟုတ်လား··"

သို့ကြောင့် ကျွန်တော် ချောင်းတွင်းလှမ်းကြည့်လိုက်၏။

အမှောင်ထုရှိသည်ဆိုပေမင့် လရောင်ရှိခြင်း၊ ထင်းမီးရောင်ရှိခြင်းကြောင့် လူပုံပန်းသဏ္ဌာန်ကို သဲကွဲစွာ တွေ့ရလေ၏။

"ဟာ·· ဖိုးရှမ်းနဲ့ ဖိုးထောင်မဟုတ်လား··"

"ဟုတ်တယ် ကိုလင်း··"

"ဘယ်လိုဖြစ်လာကြတာလဲ··"

သူတို့နှစ်ယောက် ကျွန်တော်တို့ ရှေ့ရောက်လာသည့်တွင် သို့မေးလိုက်၏။

"ဟာ·· ခင်ဗျားတို့ကို·· အတော်ပေပဲဗျ· တခြားတစ်မီးတွေဆို ကျွန်တော်တို့ အခြေအနေကြည့်ပြီး နေကြရမှာ·· ခုတော့ ခင်ဗျားတို့ဆိုတော့ ဘာပြောစရာလိုတော့လဲဗျာ··"

ဖိုးရှမ်းက ပြောလေ၏။

"ပြောပါဦး ဘယ်ဖြစ်လာကြတာလဲ· ရေးကြီးသုတ်ပြာနဲ့"

သို့ဆိုတော့ ဖိုးထောင်ဆိုသူက

"တကယ်တော့ သည်နားကို ညနေကတည်းက ရောက်နှာကျီးကောင်တွေ ကြောက်လို့၊ ညဘက်မှ ခင်ဗျားတို့ဆီ မှန်းလာရတာလေ··"

"ဟော·· ဘာဖြစ်လို့တုန်း··"

"ကျွန်တော်တို့နှစ်ယောက်ကို ကျီးကောင်တွေက တနေလုံး တိုက်ခိုက်နေတယ်လေ··"

အလိုလေးဗျာ ကျီးကောင်တွေက သူတို့ကို တစ်ချိန်လုံးလိုက်လံ တိုက်ခိုက်နေ၍ ဆိုပါလား။





"နို့ကြောင့် ကျွန်တော်နှစ်ယောက် သည်ချောင်းအောက် ဘက်လှိုဏ်တစ်ခုထဲ ဝင်ပုန်းနေရတယ်။ ခု မှောင်မှထွက်လာကြတာ"

ဖိုးထောင်က ပြောလာချေပြန်၏။

"ဟုတ်ပါပြီ ပြည့်ပြည့်စုံစုံပြောပါလား။"

ကျွန်တော်က ပြောလိုက်၏။

"သည်လိုဗျ ခင်ဗျားတို့ ဖိုးနတ်ကိုသိတယ်လား"

သို့ဆိုတော့ ကျွန်တော် လင်းမြင့်လှိုင်ကို အဓိပ္ပါယ်ပါပါ ကြည့်လိုက်လေ၏။

လင်းမြင့်လှိုင်က ကျွန်တော်ကို နားလည်တယ်။ ဒသာနေဆိုသည့် အရိပ်အမြွက်ကိုပြပြီး သူတို့နှစ်ယောက်ကို လှမ်းကြည့်လိုက်ကာ

"သိတာပေါ့ မနက်ကတွေ့သေးတယ်။ ကျွန်တော်တို့နဲ့ မနက်ကမှ လမ်းခွဲသွားတာ"

"ဗျာ··· တကယ်လား"

"တကယ်ပေါ့ ဘာလို့လဲ····"

"အို ··· ချောင်းဝနဲ့ သည်နဲ့က မရှိဘူးဆိုတာတောင် ၂ မိုင်လောက်တော့ရှိမှာ ဘယ်လိုကြောင့် မိချောင်းဖျားမယ် သူ့ကိုတွေ့ရတာပါလိမ့်။"

"ဘာ· · ဘယ်လို"

"မိချောင်းဝမယ် ဖိုးနတ်နဲ့တွေ့တယ်။ ကျွန်ုပ်တို့ကို တွေ့တော့ အသဲအသန် ပြေးလိုက်လာတာပေပဲ··"

"ဘာလို့လဲဗျာ ခင်ဗျားတို့နဲ့ ဖိုးနတ်ရင်းနှီးမဟုတ်လား"

"ရင်းနှီးတယ်ဆိုတာကလည်း ကြားဖူးတာပါ ဘာမှမခိုင်ပါဘူး"

"နို့ဖြင့် ခင်ဗျားတို့နောက် သူဘာလို့ ပြေးလိုက်တာလဲ··"

"သူ···သူ လူသတ်လိုက်တာ ကျွန်တော်တို့ တွေ့လိုက်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ…"

"ဘာ… ဘယ်လို ရှင်းအောင်ပြောစမ်းကွာ"

ဖိုးရှမ်းစကားကြောင့် ကျွန်တော် မကျေနပ်ဖြစ်မိ၏။ ဘာကြောင့် ဖိုးနတ်က လူသတ်ရမှာတုန်း…။

"ပြောလေကွာ"

ကျွန်တော် "ဖိုးရှမ်း" ကို မာန်မဲလိုက်ပြန်ချေ၏။

သည်တွင် ဖိုးရှမ်းက

"ဒီလို ဆရာလေးရဲ့ စိန်မင်းကိုသိတယ်မဟုတ်လား။"

"အား သိပြီကော သူသေပြီဆိုတာ မင်းတို့သိလား…"

"သိပ်သိတာပေါ့…"

"သူ့ကို ကျီးကောင်တွေ ဝိုင်းထိုးကြလို့လေ။"

ကျွန်တော်က သို့ပြောလိုက်၏။

သို့ဆိုတော့ ဖိုးထောင်က ဖိုးရှမ်းကို အဓိပ္ပါယ်ပါပါကြည့်လိုက်ချေပြီး ကျွန်တော်တို့ဘက်ပြန်လှည့်ကာ

"ဘာလို့ ကျီးကောင်လို့ပြောလိုက်တာလဲ"

"ဟေ"

သို့ဖြင့် ကျွန်တော်က စိန်မင်းကို ကျီးကောင်များ ဝိုင်းခဲ့သတ်ဖြတ်ခြင်းကို မြင်လိုက်ရသည်ဖြစ်ကြောင်း ပြောလိုက်၏။

"နို့တော့မဟုတ်ဘူး။ သူ့အလောင်းကို ကျီးကောင်တွေက ထိုးဆိတ်နေကြတာဖြစ်မယ်"

"ဟေ… ရှင်းအောင်ပြောပါကွာ…"

သို့ဆိုတော့ ဖိုးရှမ်းက ချောင်းဘက်သို့ တစ်ချက် လှမ်းကဲကြည့်လိုက်ချေပြီး ….





"ဖိုးနတ် သည်မှာ မရှိပါဘူးနော်…"

ပြောလာသဖြင့် ကျွန်တော် တကယ်မရှိတာဖြစ်ကြောင်း ကျွန်တော်တို့နှင့် လမ်းခွဲခဲ့ပြီဖြစ်ကြောင်း ယုံအောင်ပြောလိုက်ရချေ၏။

"ဟုတ်ပြီ ဖိုးနတ်ကို ဆရာတို့ ဘယ်လိုမြင်လဲ…"

"ဟေ"

"အော် ဆရာတို့နဲ့ ဖိုးနတ်ဆုံဖူးတယ်သိလို့ ဘယ်လို မြင်လဲလို့ မေးတာ…"

"ဘယ်လိုမြင်ရမှာလဲ သည်လူကြီးက အသက်ကြီးပြီး သန်မာတုန်းပဲ။ ပြီးတော့ သူ့မှာ ထူးခြားတာ တိရိစ္ဆာန်တွေရဲ့ ဘာသာစကားကို နားလည်နေသလိုပဲ…။ အထူးသဖြင့် ကျီးကောင်တွေ စကားကို နားလည်နေသလိုပဲ…"

"ဟာ သိပ်ဟုတ်တာပေါ့။ ကျွန်တော်လဲ နို့ကိစ္စ ပြောမလို့"

"ပြောလေ"

"သူ့ ပတ္တမြားကြီး ပျောက်တယ်ဆိုတာကောသိလား"

"အေး …သိပါတယ်ကွာ။ သူက ဘစိန်ကိုလုပ်တယ်ထင်ပြီး လိုက်တယ်။ သူလိုက်နေစဉ်မှာပဲ ဘစိန်ကော စိန်မင်းပါ ကျီးကောင်တွေ တိုက်ခိုက်လို့ သေသွားကြရတယ်။ အေး ခု သူက မင်းတို့နှစ်ယောက် နောက်ကိုလိုက်နေပြန်တယ်။ ဟုတ်တယ်မို့လား…"

"သိပ်ဟုတ်တာပေါ့ဗျာ ။ သိပ်မှန်တာပေါ့…"

"ကျွန်တော်တို့ခိုမယ် သည်ပတ္တမြားကြီးရှိတယ်ဆိုပြီးလိုက်တာ သူ့ရန် ကြောက်လို့ ကျွန်တော်တို့ ရွာတောင် မပြန်ရဲဘူး။ အဲဒါ မနက်ကလဲ သူလိုက်လို့ ပြေးခဲ့ရတာ။ လူချည်းပဲမဟုတ်ဘူး ကျီးကောင်တွေကပါ ကျွန်တော်တို့နှစ်ယောက်ကို ဝိုင်းတွယ်ကြတာလေ။ တကယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်တော်တို့ နှစ်ယောက် ကျီးကောင်တွေအရင် သူနဲ့အရင်မခုံလို့ အသက်ရှင်နေတာလေ သည်တာမဟုတ်တဲ့ ကျီးကောင်တွေ တိုက်ခိုက်တာလောက်ပဲ ခံရတာရှိတယ်"

ဖိုးရှမ်းက သို့ပြောပြီး သူနှင့်သူ၏အဖော် ဦးခေါင်းအားလည်းကောင်း၊ ကျီးကောင်ထိုး၍ ဖုဖောင်းနေသည်ကို ပြလာချေလေ၏။

"နေပါဦး ဘာကိုဆိုလိုတာလဲ ကျီးကောင်တွေအရင် ဖိုးနုတ်နဲ့ မတွေ့လိုက်လို့ဆိုတာက..."

ကျွန်တော်က ပြောလိုက်၏။

"ဒီလို ဆရာလေးရဲ့ ကျွန်တော်တို့မျက်မြင်ပေပဲဗျ။ စိန်မင်းကို သတ်ပုတ်နေတာ ကျွန်တော်တို့တွေ့လိုက်တယ်။ အသက်ကြီးပေမင့် သန်မာမိုက်ကန်းတုန်းဗျ။ စိန်မင်းက သူ့ထက်ငယ်ပေမင့် ဖိုးနုတ်ကို မလှန်နိုင်ဘူးဗျ။ ဖိုးနုတ်က အဲလို လက်သွက်သန်မာတဲ့သူ။ စိန်မင်းကို သတ်ပုတ်ပြီး စိန်မင်းလဲကျသွားတော့ ဘာလုပ်တယ်မှတ်လဲ"

"မင်းပြောမှ သိမှာပေါ့"

"သူ့ကို ခြေတွေလက်တွေချုံလိုက်တယ်။ ပြီးတော့ ထွက်သွားတယ်။ ကျွန်တော်တို့က စိန်မင်းဆီ သွားအကူအညီပေးမယ် လုပ်တာမှာ"

"အာ... အာ... အာ... အာ"

ဆိုပြီး ဖိုးနုတ်က ကျီးကောင်လိုအော်လိုက်တယ်ဆိုလျှင်ပဲ ကျီးတစ်ကောင်က စိန်မင်းဆီရောက်လာပြီး စိန်မင်းရဲ့ရင်ဘတ်ပေါ်မှာ နားလိုက်ပြီး စိန်မင်းရဲ့မျက်နှာကို သူ့နှုတ်သီးနဲ့ တစ်ချက်ပေါက်ဆိတ်လိုက်ပြီး

"အာ....အာ.... အား ရယ်လို့ အသားကုန်အော်ဟစ်လိုက်တာနဲ့ ကျီးတစ်အုပ် ရုတ်ချည်းရောက်လာတာပဲ မျှားလိုက်တဲ့ကျီးအုပ်





မည်းမှောင်သွားတာပဲ။ ဒီကျီးကောင်တွေက စိန်မင်းရဲ့ခန္ဓာကိုယ်ကို ဝိုင်းထိုးကြတာပေါ့ဗျာ"

"နို့ကြောင့် ကျွန်တော်တို့လည်း ကျီးကောင်တွေကိုကြောက်ပြီး အဲဒီနေရာက အလစ်ထွက်ခဲ့တော့တယ်။ ကျွန်တော်တို့အဆင်ပြေပြီပေါ့.. ကျီးအုပ်က စိန်မင်းကို ဝိုင်းအုံနေတုန်း ကျွန်တော်တို့ထွက်ပေါက်ရတယ်လေ....။

နို့ပေမင့် ကျွန်တော်တို့လည်း ဒီချောင်းဝရောက်တော့ ဖိုးနုတ်က နောက်ကနေ ဒေါသတကြီးလိုက်လို့ ထွက်ပြေးခဲ့ရသေးတယ်။

ဖိုးနုတ်ကို မျက်ခြေဖျက်ခဲ့နိုင်ပေမင့် ကျီးကောင်တွေကိုတော့ မျက်ခြည်မပြတ်နိုင်ဘူးလေ"

"နို့ကြောင့် ကျီးကောင်တွေရန်ကလွတ်အောင် သည်ချောင်းအောက်ဘက်က လှိုဏ်ထဲမယ် ဝင်ပြီးပုန်းကွယ်နေရတာလေ"

သို့ဆိုတော့ ဖိုးထိန်၊ ဖိုးကာလ၊ ဘစိန်၊ စိန်မင်းတို့သေခြင်းသည် ဖိုးနုတ် လက်ချက်ပင်ဖြစ်၏။ ကျွန်တော်သိရသလောက်ပြောရလျှင် ဖိုးနုတ်က ထိုသူတို့ကို ခြေလက်ကျိုးမပြေးလွှားနိုင်ဖြစ်လေမှ ကျီးအုပ်ကိုခေါ်၍ ဝိုင်းထိုးဆိတ်ပေါက်ခိုင်းတာကိုး။ သို့ကြောင့် သူ့ပယောဂကောင်းဟု ပြောလို့လည်းရသည်ပဲ။

ခြေလက်မလှုပ်နိုင်လျှင် ထိုသူက ဘယ်လိုလုပ်ကျီးကောင်တို့ကို ခြောက်လှန့်မောင်းထုတ်လို့ရပါလိမ့်မည်နည်း။

နောက်တစ်ချက်သိလိုက်သည်မှာ....

သူ၏ပတ္တမြားကြီးပျောက်ဆုံးနေခြင်းနှင့်ပတ်သက်၍ သူတွေကိုလိုက်လံသတ်ဖြတ်နေခြင်းဖြစ်၏။ တကယ်တော့ ပတ္တမြားကြီး ဘယ်သူ့ဆီမယ်ရှိသည်ကို သူ တိတိကျကျသိသည့်လည်းမဟုတ်။ သို့ဆိုတော့ မဆိုင်သူတွေပါ ပြေးကြရသည်ပေါ့။

www.burmeseclassic.com



သို့ဖြင့်

"မင်းတို့ မှန်မှန်ပြောစမ်းကွာ။ သူ့ပုတ္တမြားကြီး မင်းတို့ဆီမှာလား"

ဖိုးရှမ်းနှင့် ဖိုးထောင်က ခေါင်းကိုတွင်တွင်ခါလိုက်ကာ

"မရှိပါဘူးဗျာ... ဖိုးထိန်သေတုန်းက သည့်လူ့ဆီမှာ ဘာမှ မတွေ့ပါဘူး။ နို့ဆိုတော့ သူကပုတ္တမြားကြီး ဖိုးထိန် ယူသွားတယ်။ ဖိုးထိန်သေတော့ ကျွန်တော်တို့ အနားမှာရှိနေတော့ကာ ကျွန်တော်တို့ ယူသွားတယ်ထင်တာ။ ဘစိန်တို့ ဆီမှာလဲရှိတယ်လို့ထင်ပြီး သူ့ပုတ္တမြားကြီးလိုက်တောင်းနေတာပါ။ တကယ်ပါ။ ကျွန်တော်တို့နှစ်ယောက်မှာ မရှိတာ သေချာပါတယ်။"

သို့ဆိုတော့ ကျွန်တော်တို့ ယုံလိုက်ရချေ၏။ တကယ်တော့ သူတို့တွင်လည်း ရှိလိမ့်မည်မဟုတ်ပေ။

သို့ပေမင့် သူတို့ဆီမှာ ရှိတယ်ထင်ပြီး ဖိုးနုတ်က လိုက်တောင်းဦးမှာဖြစ်၏။ မရလျှင် သတ်ဖြတ်ချေဦးမည်။ သို့ကြောင့်...

"ဖိုးနုတ်ကို ကျွန်တော်တို့ လွှတ်ထားလို့မရတော့ဘူး"

ကျွန်တော်ကပြောလိုက်၏။

သည်တွင် စဉ်းစားချင့်ချိန်နိုင်စွမ်းရှိသောလင်းမြင့်လှိုင်က ကျွန်တော်အား သူ့ဝသီအတိုင်း သွားတတ် ဖေးပေါ်ရဲ့ ပြုံးပြလာချေ၏

"သူ့မယ် ဒဂါးပြားလေးရှိသေးလား ကြည့်ရဦးမယ်။ မရှိတော့ဘူး ဆိုလျှင်ဖြင့် သူကဖိုးရှမ်းတို့ပြောသလို လူသတ်သမားသေချာတယ် ကျွန်တော်တို့ စိန်မင်းအလောင်းဘေးနားက ရတာလေ"

သို့လည်း အဟုတ်သားကလား။

"နေဦး ကိုလင်း နောက်တစ်ခုရှိသေးတယ်"

ကျွန်တော်က ပြောလိုက်၏။





"ဘာလဲ.."

"သူ့ကျိုးကောင်ကိုတယ်လိုထိန်းထိန်းသိမ်းသိမ်းလုပ်လဲ အရင် ကြည့်ရလိမ့်ဦးမယ်.."

"ဟုတ်တယ်ကိုပိုက်.."

"သူက ကျိုးလိုအော်တယ်၊ ကျိုးကောင်ကရောက်လာတယ်။ ပြီးလေမှ အဲဒီကျိုးက အော်လိုက်လေမှ ကျိုးအုပ်ရောက်လာတယ် ဆိုတာ..ကျွန်တော့်အမြင်ပြောရလျှင် ဖိုးနုတ်က ကျိုးတစ်ကောင်ကိုသာ စေခိုင်းပြီး အဲဒီကျိုးကောင်ကတဆင့် အခြားကျိုးတွေကို ဦးဆောင် တာဖြစ်မယ်"

"ဖြစ်နိုင်တယ် ..."

"ကျွန်တော်တို့ ဖိုးနုတ်နဲ့ပတ်သက်လို့ သည်လောက်သိထားလျှင်တော်ပြီဗျာ..သူကိုသာတွေ့အောင်ရှာရတော့မှာပါ..."

သို့ လင်းမြင့်လှိုင်က ပြောလိုက်သည်တွင်

"မင်းတို့ ငါ့ကို ရှာစရာမလိုဘူး.. ငါလဲပင်းတို့နဲ့ အခုလို တွေ့ရတာကို သဘောကျတယ်။ နို့မှမဟုတ်ငါ ဖိုးရှမ်းတို့ကိုလိုက်ရှာ ရမယ်၊ ငါ့ပုတ္တမြားကြီးတောင်းမယ်၊ သူတို့မယ့်မရှိလျှင် မင်းတို့ကို ခလိုက်ရှာရဦးမယ်၊ ခုတော့ လေးယောက်စလုံးတွေ့ပြီ ခက်ိစ္စ ရှင်းကြ တာပေါ့..."

အလိုလေးဗျ.. ဖိုးနုတ်ပါကလား...။

ဖိုးနုတ်ကိုတွေ့လိုက်သည်နှင့် ကျွန်တော်သည်၏ လည်ပင်းကို ကြည့်လိုက်၏။ ဘုရားရေ.. သူ့ဆွဲနေကျ ဒင်္ဂါးပြားဆွဲကြိုး မရှိတော့ပါ ကလား။ သို့ဆိုလျှင်ဖြင့်

"သည့်မယ်ခင်ဗျားဟာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်က ဒင်္ဂါးပြားလေးကို လက်ဖြင့်တောက်ကာ ဖိုးနတ်ထံသို့ ပစ်ပေးလိုက်၏။ ဖိုးနတ်က လျှပ်တပြက်ဖမ်းယူလိုက်ပြီး

"ဥစ္စာရှင်မှန် ပြန်ရတာပေါ့.."

သို့ဆိုတော့ သူ စိန်မင်းကို သတ်လိုက်သည်မှာ သေချာသည်ပေါ့.. ဖိုးရှမ်းတို့ကလည်း ပြောခဲ့ပြီး မဟုတ်ပါကလား။

"မင်းတို့သိထားကြပြီဆိုတော့လဲ မထူးတော့ပါဘူး။ အေး ငါ့ပတ္တမြားကြီးပြန်မရလို့ကတော့ ငါလူအသက်တရာ သတ်ပစ်ရပါစေ သတ်မှာပဲ.. ကဲ.. မင်းတို့လေးယောက် တစ်ယောက်ကို တစ်ယောက် လှဲမချကြနဲ့တော့ ငါ့ပတ္တမြားကြီးပေးတော့ကွာ.."

"ဗျာ.."

"ဟင်"

"အလိုလေးဗျ.."

"ဘာလဲ.. ဘယ်သူမှ မယူဘူးဆိုတဲ့သဘောလား.."

"ဟုတ်တယ်လေ.." ကျွန်တော်က ပြောလိုက်၏။

"မဖြစ်နိုင်ဘူး.."

ဖိုးနတ်က သို့ပြောပြီး ကျွန်တော်တို့လေးယောက်ကို မျက်ထောင့်နီကြီးဖြင့် ကြည့်လာလေ၏။ သူ၏အကြည့်နောက်ကွယ်တွင် လူသတ်မည့် အငွေ့အသက်များ ပါလာ၏။

"ကိုလင်း.. သူကတစ်ယောက်တည်း.. ကျွန်တော်တို့က လေးယောက်"

ကျွန်တော်က ပြောလိုက်၏။

"အ..အ..အာ..အာ.."

အလိုလေးဗျ.. ကျွန်တော်ထင်ထားသည်မှာ ကျွန်တော်





တို့ကို တိုက်ခိုက်လေမှ ကျိုးကောင်တွေကို ဆက်လက်တိုက်ခိုက်သတ်ဖြတ်နိုင်းဦးမှာ၊ သို့မဟုတ်ပါကလား..။ ကျိုးကောင်တွေကို ခေါ်၍ ကျွန်တော်တို့ကို ပိုင်းခေါ်နိုင်းဦးတော့မည်ပေါ့..။ အင်းလေ သူကတစ်ယောက်တည်း။ သို့ကြောင့် လုပ်နည်းလုပ်ဟန်အတိုင်း မလုပ်ဘဲ တိုက်ရိုက်တမျိုးလုပ်လာလေသည်ပဲ ...။

သို့မှ ဒုက္ခ၊ ကျိုးကောင်တွေ အများကြီးရောက်သာလျှင် ကျိုးကောင်တွေကို ဘယ်လိုတိုက်ခိုက်ရပါလိမ့်မည်နည်း။

"ကိုလင်းလုပ်ပါဦး.. ကျိုးကောင်တွေ အများကြီးကို ကျွန်တော်တို့ ဘယ်လိုမှ တိုက်နိုင်မယ် မထင်ဘူး.."

သို့ဆိုတော့ လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတတ်ပေါ်ရုံ ပြုံးလိုက်ချေပြီး သူ၏သေနတ်ကိုဆွဲယူလိုက်၏။ ဘုရားရေ.. ကိုလင်း ဘာလုပ်မလို့ပါလိမ့်.. ဖိုးနတ်ကို ပစ်လေမည်လား.. သို့ကြောင့်

"ကိုလင်း မဖြစ်နိုင်ဘူးနော်.."

သို့ ကျွန်တော်က မဖြစ်သင့်တာဖြစ်မည်စိုး၍ သို့ သတိပေးလိုက်၏။

"ရပါတယ်ကိုပိုက်.. သည်ကိစ္စ ကျွန်တော် ပြတ်ပြတ်သားသား ရှင်းရပါလိမ့်မယ်.."

သို့ဆိုလျှက် လင်းမြင့်လှိုင်သည် ဖိုးနတ်၏ ခေါင်းအားဆက်သို့ လှမ်းကဲကြည့်လိုက်၏။ သူ၏ သေနတ်ကိုလည်း ပစ်ခတ်ရန် ချိန်ရွယ်လိုက်၏။

ကျွန်တော် တားဆီးချိန်မရလိုက်ချေ။

"ဒိန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

"ဟင်"

အလိုလေးဗျာ‥"

ကျွန်တော်ထင်ထားသလိုမဟုတ်ပါကလား ‥။

လင်းမြင့်လှိုင်ပစ်လိုက်သည်မှာ ဖိုးနတ်ကိုမဟုတ်။ ဖိုးနတ်ဦးခေါင်းထက် ပျံသန်းလာသော ကျီးကောင်ကို ဖြစ်ချေ၏။

ထိုကျီးကောင်သည် ဖိုးနတ်၏ ရှေ့သို့ ပြုတ်ကျလာချေ၏။

"ဖလပ်‥ ဖလပ်‥ ဖလပ်‥ဖတ်‥ဖလပ်‥"

ကျယ်ကျယ်လောင်လောင်မအော်နိုင်၊ ဘယ့်တွက်မှုခေါင်းပြတ်သွား ရခြင်းကြောင့် ၎င်းကိုယ်ထည်နှင့် အတောင်ပံတစုံသာ လှုပ်ခတ်နေ ချေတော့၏။

"အ‥အာ‥အာ‥အ‥ အ‥"

ဖိုးနတ်က မျက်စိပျက်မျက်နှာပျက်နေသည့်ကြားမှ မိုးပေါ်သို့ မော်ကြည့် ကျီးလိုအော်နေကြခြင်းဖြစ်၏။

သို့ပေမင့်လို့ မည်သည့် ကျီးကောင်မျှ ရောက်လာခြင်း မရှိပါချေ။

"ကိုလင်း‥ကျီးအုပ်မလာကြဘူးဗျ‥ ဘာလို့လဲ မသိဘူး"

ကျွန်တော်က လင်းမြင့်လှိုင်ကို မေးလိုက်၏။

သည့်တွင် လင်းမြင့်လှိုင်က ဖိုးနတ်ကို စေ့စေ့ကြည့်လိုက်ချေပြီး

"ခင်ဗျား‥ ဘယ်လိုလဲ‥ အော်‥အော်‥ ခင်ဗျားရဲ့ အသံကြောင့် ဘယ်ကျီးမှ ရောက်လာမှာမဟုတ်ဘူး‥ ဘာလို့လဲ





ဆိုတော့ ခင်ဗျားအော်တာကို သေခုံးသွားတဲ့ကျီး‌ သံ နားလည်သွားသ။ သူက တဆင့်အော်လေမှ နောက်ထပ်ကျီးတွေ ရောက်လာ ဦးမှာ‥ ခင်ဗျားက တိုက်ရိုက်ခိုင်းလို့မရပါဘူးဗျာ‥ဟင်း ‥ဟင်း‥ ဟင်း"

လင်းမြင့်လှိုင် စကားကြောင့် ဖိုးနတ်တင်ယောက် မျက်လုံးမျက်ဆံပြူးသွားရာမှ သေခုံးနေသော ကျီးကို ကောက်ယူလိုက်ချေ၏။

ကျီးသေကိုကြည့်ပြီး လွန်မင်းစွာ စိတ်မကောင်းဖြစ်နေ၏ သို့ကြည့်ရင်းမှ

"ကဲကွာ‥"

လင်းမြင့်လှိုင်အား ထိုကျီးသေဖြင့် လှမ်းပေါက်လိုက်ချေ၏။

"ဘုတ်"

ကျီးကောင်က လင်းမြင့်လှိုင်၏ ရင်ဘတ်ကို ထိပြီး မြေပြင်သို့ ပြုတ်ကျသွားတော့၏။

"ဟာ‥"

"သည်ကျီးကောင် ဗိုက်ထဲ ခဲရှိနေလားမသိဘူး‥"

"ဘာလို့လဲ‥"

"ဟာ‥ ကျီးကောင် ခန္ဓာကိုယ်က လူတစ်ယောက်ကို နာကျင်လောက်အောင် အလေးချိန်မရှိဘူးလေ‥ ။ သည်ကောင်နဲ့ ပေါက်တာခံရတာ ခဲနဲ့ပစ်ပေါက်ခံလိုက်ရသလိုပေပဲဗျ‥"

လင်းမြင့်လှိုင်က သို့ပြောလည်းပြော ကျီးကောင်ကို ကောက်ယူစေ့စေ့ကြည့်လိုက်ချေပြီး‥‥

"ဟာ‥‥"

"ဟာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com

လင်းမြင့်လှိုင်သည် သူ၏ ခါးချိတ်ခါးမြောင်ကို ဆွဲထုတ်ကာ ကျိုးကောင်၏ ဗိုက်ကိုခွဲလိုက်လေတော့၏။

အလိုလေးဗျာ..။

ကျိုးကောင်၏ ဝမ်းဗိုက်ထဲမှ အတွင်းကလီစာတို့ကို လင်းမြင့်လှိုင်က ဆွဲထုတ်လိုက်လေသည်တွင်

"ဟာ"

"ဟင်"

"အို"

"နို့က ငါ့ပတ္တမြားကြီးပဲကွ.."

ဖိုးနတ်က လင်းမြင့်လှိုင်လက်ထဲရှိ ပတ္တမြားကြီးကို လှမ်းယူလိုက်ချေ၏။

သည်တွင် လင်းမြင့်လှိုင်က ကျိုးကောင် ဗိုက်ထဲမှ ရလိုက်သော ပတ္တမြားကြီးကို အသာအယာလှမ်းပေးလိုက်လေပြီး

"ကဲ.. ဖိုးနတ် ခင်ဗျား ပတ္တမြားကြီး ဘယ်သူယူလဲ သိပြီလား.. ခင်ဗျား မစဉ်းစားမဆင်ခြင် လူတွေလိုက်သတ်နေတာ

ဘုရားရေ.. ခုမှ ကျွန်တော်သဘောပေါက်လိုက်ချေတော့၏။

"ဘယ်လိုဖြစ်ရတာလဲ ဖိုးနတ်.."

လင်းမြင့်လှိုင်က မေးလိုက်သည်တွင် ...။

× × × × ×



"အ..အာ..အာ..အာ..အ..အာ.."

"အ..အာ..အာ..အ.. အ..အ.."

"အ...အ...အ.. အ.."

"ဟင်း..ဟင်း..ဟင်း.. ငါမင်းလို အော်တတ်ပါပြီကွ"

ဖိုးနတ်တစ်ယောက် ငှက်လှောင်အိမ်အတွင်းမှ တောကျိုးကောင်အားကြည့်၍ ကျိုးကောင်အော်သလို လိုက်အော်လေ့ကျင့်နေရင်းမှ သို့ဆိုသလို ဝမ်းသာအားရပြောလိုက်ချေတော့၏။

သူကြာပြီပဲ... ကျိုးကောင်အော်သလို တစ်ယောက်တည်း သူအော်တတ်လေပြီပဲ.. အစက ဘာရယ်တော့မဟုတ် ကျိုးအော်သလို အော်နိုင်ခြင်းလောက်ဟု သူထင်မှတ်ခဲ့၏။ တကယ်တမ်းကျတော့ ကျိုးကောင်သည် သူလိုက်လံအော်သံကို နားလည်သည့်အလား..တွေဝေငေးစိုက်ကြည့်နေခြင်းက ဖိုးနတ်အား တစုံတရာအသိကို ဖြစ်စေတော့၏။ သို့ဆိုတော့ သူစမ်းသပ်ကြည့်၏။


www.burmeseclassic.com

www.burmeseclassic.com



သူ့အော်သံ၊၊ ကျီးကောင်ကို တစုံတရာ ခိုင်းစေသလိုဖြစ်နေပါကောလား..။

သူကိုယ်သူပင် မယုံနိုင်... သူစမ်းသပ်ကြည့်၏။ ကျီးကောင်ရှေ့တွင် သူ့ကြက်ခြမ်းသီးနီနီရဲရဲကို ပစ်ချထား၏။

ပြီး.. သူက ကျီးကောင်ကို သို့နှယ့်အော်လိုက်၏။ သည့်တွင် ကျီးကောင်က သူ့ကဲ့သို့ အော်ဟစ်ပြီးသည်နှင့် ရှေ့တွင်ရှိ ကြက်ခြမ်းသီးကို ဒေါသတကြီးပေါက်ဆိတ်လေတော့၏။

အကြိမ်ကြိမ် အလီလီ.. စမ်းသပ်ကြည့်၏။ ကျီးကောင်သည်လည်း သို့နှယ် အခါခါ အလီလီ လုပ်လေသည်တွင်မတော့ သူသိလိုက်ချေ၏။ ကျီးကောင်ကိုသူတိုက်ခိုက်ရန် အမိန့်ပေးနိုင်သူဖြစ်မှန်းမသိဖြစ်သွားတော့၏။

သို့မှသည်သူသည် အရဲစွန့်ကာ ကျီးကောင်ကို ငှက်လှောင်အိမ်အတွင်းမှ လွှတ်လိုက်၏။ သည့်တွင် တောကျီးကောင်က ရတ်ခြည်းဆိုသလို ပျံသန်းထွက်သွားချေတော့၏။

ပထမတော့ သူ့ိုးရိမ်သွား၏။ ကျီးကောင်အမြဲတိုင် ထွက်သွားသည်လား.. ထိုကျီးကောင်သည် သစ်ပင်ကိုင်းထက်တစ်ခုတွင် နားလိုက်ချေ၏။ လှောင်အိမ်အတွင်း ရက်ပေါင်းလပေါင်းများစွာ နေထိုင်ရလေခြင်းကြောင့် တကြိမ်တည်းနှင့် အဝေးသို့ ပျံသန်းမသွားနိုင်သည့်ကြောင့် သို့ဆိုသလို သစ်ပင်ကိုင်းတွင် နားနေလေခြင်းဖြစ်တော့၏။

သို့ဆိုတော့ သူ့အနည်းငယ်တော့ စိတ်အေးသွား၏။ သို့ပေမင့် သူ့ကြက်ခြမ်းသီးနီနီကို ယူ၍ ခပ်ဝေးဝေးသို့ လှမ်းပစ်လိုက်ပြီး





"အာ..အာ..အာ..အာ..အာ..အာ.. အား..အာ..အာ..အာ.."

သို့ အော်ဟစ်လိုက်သည်နှင့် ကျီးကောင်ကသူ နားနေသောကိုင်းထက်မှ ပြန်လှည့် ပျံသန်းလာကာ ဖိုးနတ်လှတ်ပစ်လိုက်သောကြက်ခြမ်းသီးနီနီကို ဒေါသတကြီး ပေါက်ဆိတ်လေတော့၏။

ဖိုးနတ်လွန်မင်းစွာ ဝမ်းသာအားရဖြစ်သွားတော့၏၊ ဟုတ်ပြီ သူသည် ကျီးကောင်ကို စေခိုင်း၍ ရလေပြီ။

သို့မှ ကျီးကောင်ကို အဝေးပျံသန်းခွင့်ပြုလိုက်၏။ ကျီးကောင်ပျံသန်းသွားချေပြီး..

နောက်နေ့များတွင် ဖိုးနတ်တစ်ယောက် မိုးလင်းသည်နှင့် သူ့ခြံဝန်းတဝိုက် ထိုကျီးကောင်ကို ရှာဖွေကြည့်၏။ မတွေ့ပါချေ။ ဘုရားရေ.. အဝေးကိုပျံသန်းသွားလေပြီလား ။ သို့ဆိုလျှင်ဖြင့် ဘယ်လို စမ်းသပ်ရပါ့၊ သို့ပေမင့် သူ ကျီးကောင်လို အော်နေကျအတိုင်း အော်လိုက်ချေ၏။

"အာ..အာ..အာ..အာ..အာ..အာ..အာ"

ဘုရားရေ.. ထိုကျီးကောင်ပါကလား။ ဘယ်သစ်ကိုင်းထက်ရှိနေသည့်တော့မသိ၊ သူ့အသံကြောင့် သို့နှယ်အသံပေး သူ့ထံရောက်လာချေတော့၏။

"မင်း..ငါ့ကို ပစ်သွားတာမဟုတ်ပါကလား.."

သို့ဆိုတော့ ဖိုးနတ်သည် ကြက်ခြမ်းသီးနီနီကို အဝေးသို့ လှမ်းပစ်ကာ ကျီးကောင်လိုအော်လိုက်သည်နှင့် ထိုကျီးကောင်သည် သူ့ကဲ့သို့ အော်ဟစ်ကာ ထိုကြက်ခြမ်းသီးနီနီကို ဒေါသတကြီးပေါက်



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်လေတော့၏။

အလိုလေးဗျာ·· အံ့ဖွယ်ပင်ကောင်းသေးတော့၏။ ထိုကျီးကောင်တင်မဟုတ်·· တခြားကျီးကောင်တို့သည်လည်း ဝိုင်းအုံအော်ဟစ်နေလေ၏။ သူပစ်လိုက်သော ကြက်ခြမ်းသီးနှံနှံကို ဝိုင်းအုံဒေါသတကြီးပေါက်ဆိတ်ကြလေတော့၏။ ထိုသည် တိုက်ဆိုင်သည်လား သိလို၍ နောက်နေ့များတွင်လည်း သူစမ်းသပ်လေ၏။

တကယ်ပါပဲကလား··သူ၏ ကျီးကောင်တင်မဟုတ်။ အခြားသော ကျီးကန်းတို့သည်လည်းရောက်လာကာ ဒေါသတကြီး ပေါက်ဆိတ်ကြလေ၏။

သည်သို့ဖြင့် သူတွင် ရာကျော်မကလောက်သော ကျီးတအုပ်ကို မထင်မှတ်ဘဲ ရလိုက်ချေတော့၏။

တောကျီးကန်းတို့ကို ခိုင်းနိုင်သူတစ်ယောက်ဖြစ်လာရ၏။

တခုတော့ရှိသည်။ သူ၏ကျီးနှင့် အပေါင်းပါကျီးတို့ကို သူမနက်တိုင် အစာကျွေးလေ၏။ ရေတိုက်လေ၏။

အစာကျွေးသည်ဆိုရာတွင် သူရေထဲမှ သားငါးတို့ကိုကျွေးလေ၏။ လွှင့်ပစ်ရမည့် အပုပ်အစပ်၊ အရိအရွဲနှင့် ကလီစာတို့ကို ဝယ်ယူကာ ကျီးတို့အား ကျွေးလေခြင်းဖြစ်၏။ သို့ အစာကျွေးသည်ဆိုရာတွင်လည်း သူသည် သည်အတိုင်း လွှင့်ပစ်မကျွေး။ သူအော်နေသည့်အတိုင်းကျီးသံလို အော်ဟစ်ကျွေးလေခြင်းဖြစ်၏။ သည်တွင် ကျီးတို့ကလည်း ထိုအပုပ်အစပ်အရိအရွဲတို့ကို ဒေါသတကြီး ပေါက်ဆိတ်စားကြလေခြင်းဖြစ်တော့၏။

နှစ်နှစ်ခုဝ ပြုလုပ်လေခြင်းကြောင့် အသာကျလာတော့ အမိန့်ကို နာခံသော တောကျီးကန်းတို့ကို သူပိုင်ဆိုင်လာသူဖြစ်လာရ၏။





သို့ပေမင့် တစ်ခုတော့ရှိသည်။ သူ၏ ကျီးတစ်ကောင်မှလွဲ၍ အခြားကျီးတို့ကို သူစေခိုင်း၍ရသည်တော့မဟုတ်။ သူ၏ကျီးကောင်မှတဆင့် သူကဲ့သို့ အော်ဟစ်စေခိုင်းလေမှ ရခြင်းဖြစ်တော့၏။

မည်သို့ပင်ဆိုစေ၊ ကျီးတအုပ်သူ၏ လက်မရွံ့တပ်သားများ ဖြစ်လာချေတော့၏။

သို့မှသည် တနေ့ သူထံ လူငယ်တစ်ယောက် ရောက်လာလေ၏။ ထိုလူငယ်က တောအုပ်တွင်း လမ်းစပျောက်၍ သူထံ ရောက်လာခြင်းဖြစ်၏။ သူကယ်ထားလိုက်၏၊ သူကျွေးမွေးပြီး လမ်းစပြ ပြန်ခိုင်းလိုက်၏။ သို့ဆိုတော့မှ သူခြေနစ်ချောင်း မကယ်စကောင်းဆိုသည်ကို သတိပြုမိသည်ဆိုပေမင့် အများကြီး နောက်ကျသွားချေ၏။

ဘယ့်တွက်မှု သူ၏ ဘိုးစဉ်ဘောင်ဆက်ပိုင်ဆိုင်လာသည့် ပတ္တမြားကြီးကို ထိုလူငယ်က ကျေးဇူးကန်းကာ ခိုးယူသွားချေတော့သည်။

သူကလည်း သူပတ္တမြားကြီးကို တကြည့်ကြည့်၊ ပြီးတော့ အလွယ်ထားလိုက်၏။ သူကြွယ်တောင် လွယ်လျှင် ခိုးမှုကျူးလွန်မိသေးတာ·· ထိုသူငယ်က ဘာမို့လို့လဲ·· လောဘဖြစ်လာတော့ မပေါ့·· သူအပြန်၊ အလစ်သုတ်သွားလေခြင်းဖြစ်တော့၏။

လူငယ်နှင့်တွေ့၏။ မေး၏။ ပြန်တောင်း၏။

လူငယ်က ဘူးခံသည်။ "ခင်ဗျားမျက်မြင်ကိုယ်တွေ့မို့ စွပ်စွဲရတာလား" မေးလာ၏။

သို့ဆိုတော့ သူတွေဝေသွား၏။ ထိုလူငယ် ခိုးယူသွားသည်ကို သူမှ မတွေ့တာချည်း၊ အထင်နှင့်ပြောရလေခြင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်က မှားနေသလိုပင်··။

သို့ပေမင့် သူ ထိုသူငယ်ကို မကျေနပ်။

သူ၏ ကျိုးကောင်တို့နှင့် လိုက်လံ တိုက်ခိုက်ခိုင်းလေ၏။

သူ၏ ကျိုးကောင်တို့ကို အသုံးချခြင်း ပထမအကြိမ်ဖြစ်လေသည့်ကြောင့် သူတွက် ဟာကွက်တွေရှိခဲ့၏။ သို့ဟာကွက်တွေခြင်းကြောင့် ထိုလူငယ် သူ့ထံမှ လွတ်မြောက်ထွက်ပြေးသွားခဲ့၏။ သို့ပေမင့် ထိုလူငယ်ကို သူ၏ ကျိုးကောင်တို့ လက်ချက်ဖြင့် မအို မြောင်တွင် အသေမိလိုက်လေ၏။ သို့ပေမင့်ထိုသူငယ်ထံမှ သူ၏ ပတ္တမြားကြီးကို ပြန်မရခဲ့ပါချေ။ ထိုလူငယ်ထံမှ အခြားလူတွေ ရသွားလေပြီလား · ·။ သို့အသိကြောင့် ကွင်းဆက်လိုက်ကာ ထိုလူငယ်နှင့် ပတ်သက်ဆက်နွယ်နေသည့် လူအားလုံးကို လိုက်လံစုံစမ်း၍ ပတ္တမြားကြီး ပြန်တောင်းခဲ့ချေ၏။ မည်သူ့ထံကမျှ သူ၏ ပတ္တမြားကြီး ပြန်မရခဲ့ပါချေ၏။

သို့ကိစ္စနှင့် ပတ်သက်၍ သူသည် ထိုကျိုးကောင်တို့ကို အသုံးချလူသတ်မှုများ ကျူးလွန်လာချေတော့၏။

နောက်ဆုံးတော့ သူ၏ 'မဆင်မခြင်မှုကြောင့် မဖြစ်သင့်သည်များ ဖြစ်လာရခြင်းဖြစ်တော့၏။

နောက်ထပ် မှဆိုးနစ်ယောက်နှင့် ဆုံလေမှ သူ၏ ပတ္တမြားကြီးကို ခိုးယူသွားသူ တရားခံ အစစ်အမှန်ကို သိလိုက်ရချေတော့၏။

သူ၏ ကျိုးကောင်ဖြစ်ချေတော့၏။

ထိုသည်ကား

တိုက်တိုက်ဆိုင်ဆိုင်၊ လူငယ်လေးပြန်သွားချိန် ကျိုးကောင်က သူ၏ ပတ္တမြားကို အစာမှတ်၍ သုတ်ချီသွားရာမှ ဝမ်းဗိုက်တွင်း





ဝင်သွားခြင်းဖြစ်ပေရော့မည်။

သို့ပေမင့် သူ့ပတ္တမြားကြီးပြန်ရပါ၏။ သို့ပြား သူနှင့်မထိုက်ဟု တွက်မိပြန်တော့၏။

သူ့လူသတ်မှု ဖြစ်ဒဏ်က လွတ်မြောက်နိုင်လိမ့်မည်မဟုတ်လေခြင်းကြောင့် ထိုပတ္တမြားကြီးအား စွန့်လွှတ်လိုက်ချေတော့၏။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ရသေ့ဓမ္မပါလအကူအညီဖြင့် ဖိုးနတ်၏ ပတ္တမြားကြီးအား ဖိုးနတ်၏ နောက်ဆုံးကြိုးမိန့်မကျခင် တောင်းဆိုချက်အရ မိကျောင်းချောင်းမှူးတွင် စေတီလေးတစ်ဆူ တည်ပေးခဲ့ရလေ၏။ ပြီးနောက် စေတီလေးရှေ့တွင် တံခွန်တိုင်လေးတစ်ခု လုပ်ပေးရ၏။ ထိုတံခွန်တိုင်လေးထိပ်တွင် တောကျီးကန်း၏ ရုပ်ထုလေးတစ်ခု လုပ်ပေးရချေတော့သည်။

ထိုစေတီလေးနားတွင် ကျောင်းသင်္ခန်းလေးတစ်ခုရှိချေ၏။ ထိုကျောင်းသင်္ခန်းလေးတွင် ရသေ့ဓမ္မပါလတစ်ယောက် တရားထိုင်လေ၏။

ရသေ့ဓမ္မပါလတရားထိုင်နေသည့် ရက် (၉၀) မပြည့်မီ လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် မြို့ပြသို့ ပြန်ခဲ့ကြချေတော့၏။





ဖိုးနတ်ကိစ္စနှင့် ပတ်သက်၍ ကျွန်တော်တို့သည် လတ်တလော အဆင်ပြေသွားချေတော့၏ဆိုပေမင့် ရသေ့ဓမ္မပါလ တရားထိုင်နေသည့် ရက်ပေါင်း (၉၀) ကျော်ပြီးနောက်နေ့မှစ၍ ထိုစေတီလေးရှိ ကျောင်းလေးတွင် နေထိုင်တရားကျင့်မည့် ဘုရားသားတော်တပါးကို အကူအညီတောင်းရမည့်ကိစ္စကွင် ခေါင်းခဲနေရပြန်ပေတော့သည်။

စာဖတ်ပရိသတ်အားလေးစား

ကြိုးစားလျှက်

ကိုပိုက်

(၂၇-၃-၂၀၁၀)

(1:47 PM)



www.burmeseclassic.com